## ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ

ပဉ္စနိကာယဏ္ဏဝ ပိဋကတ္တယပါရဂူ (ကျောက်တစ်လုံးတောရ)



# အဆင့်မြင့်စွာ နေစရာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ

ပဉ္စနိကာယဏ္ဏဝ ပိဋကတ္တယပါရဂူ

(ကျောက်တစ်လုံးတောရ)



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝနဝါသီ – အရှင်ဝါသေဋ္ဌာဘိဝံသ

ကျောက်တစ်လုံးတောရ

အစိုးရဓမ္မာစရိယ

သာသနဇောတိပါလဓမ္မာစရိယ

ပရိယတ္တိသဒ္ဓမ္မပါလ ဓမ္မာစရိယ

ပရိယတ္တိသာသနဟိတဂဏဝါစကအာစရိယ

ပရိယတ္တိသဒ္ဓမ္မပါလဂန္ထဝါစကာစရိယ

ခုဒ္ဒကနိကာယဝိနယဝိသာရဒ

ပိဋကတ္တယပါရဂူ

ပဉ္စနိကာယဏ္ဏဝပိဋကတ္တယပါရဂူ

၏

# အဆင့်မြင့်စွာနေစရာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

"ဓမ္မဒါနကုသိုလ်ရှင်"

ဦးသန်းထွေး+ဒေါ်ခင်မို့မို့

✦ သားသမီးများဖြစ်ကြသော ✦

မောင်လင်းမြတ်

မရည်မွန်မွန်သန့်

မောင်ရဲမာန်

(Ruby True Hotel)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဝနဝါသီ-အရှင်ဝါသေဋ္ဌာဘိဝံသ ၏

# ပြုစုပြီး ကျမ်းစာအုပ်များ


၁။ ဓမ္မချမ်းသာ တွေ့အောင်ရှာ

၂။ နိဗ္ဗာန်နှင့်နီးလိုပါလျှင်

၃။ တွေ့တုန်း ဆုံတုန်း မဟုန်းစေချင်

၄။ ဓမ္မရေးရာ ရှုစရာ

၅။ လိပ်ကိုပုံပြု ခန္ဓာရှု

၆။ နိဗ္ဗာန်ချမ်းသာ မြန်မြန်ရှာ

၇။ ဓမ္မသြဇာ သုံးဆောင်ပါ

၈။ အပူထဲမှာ အအေးရှာ

၉။ အပူကင်းစင် မြတ်ကျင့်စဉ်

၁၀။ ဓမ္မရေးရာပြဿနာများ - ပထမတွဲ

၁၁။ ဓမ္မရေးရာပြဿနာများ - ဒုတိယတွဲ

၁၂။ ဓမ္မရေးရာပြဿနာများ - တတိယတွဲ

၁၃။ ကိုယ်ပိုင်ဥစ္စာ ကိုယ့်နောက်ပါ

၁၄။ ဘုန်းကျက်သရေ ထိုက်ရာနေ

၁၅။ နောက်ဆုံးနေ့မှသည်

၁၆။ သစ်ပင်ကိုရှု ရဟန်းပြု

၁၇။ ချွေးမအာလိမ္မာ ဝိသာခါ

၁၈။ အဆင့်မြင့်စွာ နေစရာ

၁၉။ ရှေ့ဆက်၍သာ

၂၀။ ဓမ္မရေးရာ ရှုစရာ (ဒုတိယအကြိမ်)

၂၁။ ချမ်းသာရေးလမ်းညွှန်


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၃၉၅၁၆၀၆

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၆၇၄၀၆၁၀

တန်ဖိုး - ဓမ္မဒါန

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်
(နိုဝင်ဘာ ၂၀၀၆ ခုနှစ်)

အုပ်ရေ - ၁၀၀၀

ထုတ်ဝေသူ - ဦးကျော်သန်း
(ရဲအောင်စာပေ)
အမှတ် (၂)၊ ချွန်း (၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးကျော်စန်းလင်း
EVERGREEN Offeset
(၈၉၆)၊ ၁၉၉၊ လမ်း ၅၀

မျက်နှာဖုံးဒီဇိုင်း - **NEWDAY**
Graphic Design Scanning &
Color Separation

အဖုံးဖလင် - **NEWDAY**

အတွင်းဖလင် - ကိုမြတ်စိုး **(ADORN)**

စာအုပ်ချုပ် - အလင်းတန်းစာအုပ်ချုပ်လုပ်ငန်း

ဖြန့်ချိရေး - ဦးမောင်မောင်မြင့်+ဒေါ်စန်းညွန့်ဝေ
ဓမ္မာရုံကျောင်းရှေ့၊ ဓမ္မာရုံလမ်းမကြီး
၆မိုင်ခွဲ၊ ၁၀ ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့။

ဖုန်း - ၅၁၂၀၈၂

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မာတိကာ


နိဒါန်း

၁။ ပဏ္ဏာမနှင့်ပဋိညာဉ် ၃

၂။ ကွဲပြားလှစွာနေစရာ ၈

၃။ ရှင်တော်ဗုဒ္ဓလမ်းညွှန်ပြ ၁၄

၄။ ငါးပါးအင်္ဂါပယ်စွန့်ခွာ ၁၇

၅။ ကာမစ္ဆန္ဒပယ်စွန့်ကြ ၂၄

၆။ ချစ်လွန်း၍နစ်မွန်းရသည် ၂၈

၇။ ဆင်ခြင်၍သာမှီဝဲပါ ၃၄

၈။ ဒေါသဖြစ်လျှင်ရောဂါဝင် ၃၇

၉။ ထိုင်းမှိုင်းပျင်းရိ အချုပ်မိ ၄၂

၁၀။ ပျံ့လွင့်စိတ်ပူ ကျွန်နှင့်တူ ၄၇

၁၁။ ယုံမှားဒွိဟ ကန္တာရ ၅၀

၁၂။ ခြောက်ပါးဣန္ဒြေလုံပါစေ ၅၅

၁၃။ ဣန္ဒြေလုံကချမ်းသာရ ၆၃

၁၄။ အစောင့်ရှိကစိတ်ချရ ၆၈

၁၅။ လုပ်ငန်းခွင်မှာသေရေးရှာ ၇၅


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

| | | |
|---|---|---|
| ၁၆။ | အသေတတ်အောင်သတိဆောင် | ၈၀ |
| ၁၇။ | လေးပါးရှိရာ ရှိစေရာ | ၈၅ |
| ၁၈။ | စားသောက်မှုမှာ ဆင်ခြင်ပါ | ၈၇ |
| ၁၉။ | သုံးဆောင်သင့်တာသုံးဆောင်ပါ | ၉၂ |
| ၂၀။ | သည်းခံ၍သာ ကျင့်သုံးပါ | ၉၇ |
| ၂၁။ | ရှောင်ကြဉ်သင့်တာရှောင်ကြဉ်ပါ | ၉၉ |
| ၂၂။ | ဝိတက်သုံးဖြာပယ်စွန့်ပါ | ၁၀၁ |
| ၂၃။ | သီးခြားသစ္စာပယ်လိုက်ပါ | ၁၀၄ |
| ၂၄။ | ရာမ်ိဳးမှုတွေ ပယ်စွန့်လေ | ၁၀၉ |
| ၂၅။ | ပညာခေါင်းပါး အကျင့်မှား | ၁၁၃ |
| ၂၆။ | မနောက်မကျူတွေးကြံမှု | ၁၂၀ |
| ၂၇။ | ထွက်လေဝင်လေငြိမ်းပါစေ | ၁၂၅ |
| ၂၈။ | လွတ်မြောက်ဖို့ရန် စိတ်ရည်သန် | ၁၂၇ |
| ၂၉။ | လွတ်မြောက်ပြီးလျှင် ပြန်ဆင်ခြင် | ၁၃၁ |
| ၃၀။ | ကုသိုလ်ပွဲထောက်နတ်ပြည်ရောက် | ၁၃၄ |
| ၃၁။ | အဆင့်မြင့်ဖို့ ကြိုးစားစို့ | ၁၄၂ |
| ၃၂။ | ဒေသနာနိဂုံး | ၁၄၅ |


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# နိဒါန်း

ရာသီစက်ဝန်းကား တရွေ့ရွေ့နှင့်ပြောင်းလဲ လည်ပတ်၍ လာခဲ့ရာ နှစ်ဟောင်းလွန်၍ နှစ်သစ်သို့ပင် ကူးခါနီးနေပြီ။ ယနေ့ဆိုလျှင် (၁၃၆၃) ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁) ရက်နေ့တည်း။ မဟာသင်္ကြန် အကြိုနေ့လည်းဖြစ်ပေသည်။ သင်္ကြန်တွေခဏခဏ ရောက်လာလေတိုင်း အသက်တွေလည်း တစ်နှစ်ကြီး၍ လောကကြီးမှာနေဖို့ရန် တစ်နှစ်ယုတ်လျော့ခဲ့ပေသည်။ သေဖို့ရန် အချိန်နီး၍နီး၍ လာခဲ့ပေသည်။ မလွဲမသွေ ကြုံတွေ့ရမည့် သေခြင်းတရားကို ရဲဝံ့စွာ ရင်ဆိုင်နိုင်ဖို့၊ အသေတတ်ဖို့ အရေးကြီးပေသည်။

အနေတတ်မှလည်း အသေတတ်ပါလိမ့်မည်။ ထို့ကြောင့် ဤအရှင်သည် မိမိသီတင်းသုံးရာ "ကျောက်တစ်လုံးတောရ" သို့ မမွချမ်းသာရှာမှီးရန် ရောက်ရှိလာကြကုန်သော ကြီးကြီးငယ်ငယ် ရှယ်ရှယ်လတ်လတ် ယောဂီသူတော်စင်တို့အား အသေလည်းတတ်၊ အနေလည်းတတ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စေရန် ပဋိပတ္တိ လုပ်ငန်းစဉ် တရားများကို ဟောပြောပြသ ပေးလေ့ရှိပေသည်။ လက်တွေ့ကျင့်သုံးမှုမရှိဘဲ စာပေဖတ်ရှု၍ သိခြင်း၊ နာကြား၍သိခြင်း၊ ဟောပြောနေခြင်း မျှဖြင့် တရားတော်၏ အရသာ ပေါ်လွင်မည်မဟုတ်ချေ။ ထို့ကြောင့် ယောဂီသူတော်စင်များ နားလည် သဘောပေါက်အောင် ဟောပြောပေးပြီး လက်တွေ့လည်း ကျင့်သုံးစေရန် တိုက်တွန်းခဲ့ပေသည်။

ထိုသို့ ဟောပြော ပြသပေးခဲ့သော လုပ်ငန်းစဉ် တရားများအနက် "အဆင့်မြင့်စွာနေစရာ" တရားသည်လည်း တစ်ကဏ္ဍ ပါဝင်ခဲ့ပေသည်။ ရဟန်းရှင်လူ ယောဂီသူတော်စင် တို့က ထိုတရားကို ကျမ်းစာအုပ်တစ်အုပ် ဖြစ်မြောက်အောင် ရေးသားပေးဖို့ တိုက်တွန်း တောင်းပန်လာမှုကြောင့် သူတော်ကောင်းတို့၏ ဆန္ဒမွန်ကို လိုက်လျော၍ ဤကျမ်းစာအုပ်ကို ရေးသား ပြုစုလိုက်ရပေသည်။

**ဝနဝါသီ – အရှင်ဝါသေဋ္ဌာဘိဝံသ**

**ပဓာနနာယက**

**ဘုန်းတော်ကြီးဦးသီလ၏ကျောက်တစ်လုံးတောရ**

**ကျောက်တစ်လုံးကျေးရွာ**

**မုဒုံမြို့နယ်၊ ကျိုက်မရောလမ်းခွဲ**

**မွန်ပြည်နယ်။**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ပကောမနှင့်ပဋိညာဉ်

အတိတ်သာသနာတော်နှစ် (၂၅၄၅) ခုနှစ်၊
လူတို့ ဝေါဟာ ကောဇာသက္ကရာဇ် (၁၃၆၃) ခုနှစ်၊
ဥတုဂိမှ နွေလရာသီ၊ နှောင်းတန်ခူးလဆန်း (၁)ရက်၊
ခရစ်သက္ကရာဇ် (၂၀၀၂)ခုနှစ်၊ ဧပြီလ (၁၃)ရက်၊
ညချမ်းကာလ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊
ကျောက်တစ်လုံးကျေးရွာ၊ ဘုန်းတော်ကြီးဦးသီလ ၏
ကျောက်တစ်လုံးတောရအတွင်း၌ ကျင်းပဆင်ယင်အပ်သော
ဓမ္မာနုပဿနာသတိပဋ္ဌာန် အလုပ်ပေးတရားစခန်း၌
ဟောကြားအပ်သော–

**"အဆင့်မြင့်စွာနေစရာ"** တရားတော်

ဒီတရားတော်ကို မဟောမိ မနာမိ ရှေးဦးစွာ တရားပိုင်ရှင်ဖြစ်တော်မူခဲ့သော အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို အာရုံပြုကာ ရှိခိုးကြည်ညိုကြရန်အတွက် တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့အားလုံး လက်အုပ်ချီထားကြပါ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကရုဏာသီတလဟဒယံ
ပညာပဇ္ဇောတဝိဟတ
မောဟတမံ
သနရာမရလောကဂရုံ
ဝန္ဒေ သုဂတံ ဂတိ ဝိမုတ္တံ။
စေတေန သဗ္ဗာဝန္ဒေန
သုခိတာ ဟောန္တု ပါဏိနော။

ကရုဏာသီတလဟဒယံ =မဟာကရုဏာတော်မြတ်အတွင်းဓာတ်ဖြင့် လုပ်လုပ်ဖွေးလျှ အေးမြစည်ပင်ကြည်လင်သော ရွှေစိတ်နှလုံးတော်လည်း ရှိတော်မူပေထသော၊

ပညာပဇ္ဇောတဝိဟတမောဟတမံ =အရဟတ္တမဂ်ဉာဏ် ပညာတည်းဟူသော ဆီမီးရောင်ဖြင့် အဝိဇ္ဇာ တည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူပြီးထသော၊

သနရာမရလောကဂရုံ =လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ညွှတ်ရုံး

ဦးခိုက် အလေးအမြတ်ပြု ထိုက်သော ဆရာတစ်ဆူ လည်းဖြစ်တော်မူပေ ထသော၊

သုဂတံ =စကားခြောက်ခွန်း လူ၌ထွန်းလည်း နှစ်ခွန်း ကိုသာ ကျိုးရှိရာကို မှန်စွာမသွေ ဆိုတော်မူ တတ်ပေထသော၊

ဂတိဝိမုတ္တံ =ဒေဝ မနုဿ နိရယနှင့် ပေတ တိရစ္ဆာန်လားရန် အရှိ ငါးတန်သောဂတိ တို့မှလည်း ကင်းလွတ် တော်မူပြီးထသော၊

ဗုဒ္ဓံ =သစ္စာလေးပါး မြတ် တရားကို ပြတ်သားထင် ထင် သိမြင်ပေတတ်တဲ့ရား ရှင်ကိုယ်တော် မြတ်ကို၊

အဟံ =တရားဟော ပုဂ္ဂိုလ် ခေါ်ဆိုသမုတ် အကျွန်ုပ် သည်၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

| | |
|---|---|
| တီဟိ | =ကာယဝစီ မနောချီလျက် ရှင်ကြည်မနော သုံးပါး သောဒွါရတို့ဖြင့်၊ |
| သာဒရံ | =လေးမြတ်ကြည်ညို ရိုသေခြင်းရှိသည်ဖြစ်၍ |
| ဝန္ဒေ ဝန္ဒာမိ | =အဋ္ဌလီညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ ပါ၏ မြတ်စွာဘုရား။ |
| ဧတေနသစ္စဝဇ္ဇေန | =ဤသို့နှုတ်သံဖော် ထုတ်ပြန်၍ ဟုတ်မှန်စွာ ပြောဆို အပ်သော ဝစီမင်္ဂလာ ဤသစ္စာ စကားကြောင့်၊ |
| ပါဏိနော | =များလှသောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ |
| သုခိတာ | =ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း ရှိကြကုန်သည်။ |
| ဟောန္တု | =ဖြစ်ကြပါစေကုန် သတည်း။ |
| နိဒ္ဒုက္ခာစ | =ဆင်းရဲခပ်သိမ်းမှ လည်း ကင်းငြိမ်းကြ ကုန်သည်၊ |

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

| | |
|---|---|
| ဟောန္တု | =ဖြစ်ကြပါစေကုန်သတည်း။ |
| နိဗ္ဗုယာစ | =ဆားရန်ခပ်သိမ်းမှ လည်း ကင်းငြိမ်းကြ ကုန်သည်၊ |
| ဟောန္တု | =ဖြစ်ကြပါစေကုန်သတည်း။ |
| နိသောကာစ | =မညှိုးမှိန် တန်ခိုးရှိန် လျက် စိုးရိမ်မနှောင့် ကြောင့်ကြပူဆွေးခြင်းမှ လည်း ကင်းဝေးကြကုန် သည်။ |
| ဟောန္တု | =ဖြစ်ကြပါစေကုန်သတည်း။ |
| ဟောန္တု | =ယခုဆိုအပ်သော သစ္စာ စကားနဲ့ ပို့လွှတ် အပ်တဲ့ မေတ္တာဓာတ် အရှိန်အဝါ ကြောင့် အချိန်မကြာ ကိုယ်စီကိုယ်င ဖြစ်တော် မူနိုင်ကြပါ စေကုန် သတည်း။ |

သာဓု သာဓု သာဓု

အားလုံးသက်သောင့်သက်သာထိုင်ပြီး နာကြားကြပါ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ကျွဲပြားလျှစွာ နေစရာ

ဘုန်းကြီး ယနေ့ ဟောမည့်တရားက အဆင့်မြင့်စွာနေစရာ တရားတော်ဖြစ်ပါတယ်။ အဆင့်မြင့်မြင့်နေထိုင်ခြင်းရယ်၊ အဆင့်နိမ့်နိမ့်နေထိုင်ခြင်းရယ်ဆိုပြီး နေထိုင်ခြင်း (၂) မျိုးရှိပါတယ်။ ဒီတရားနာပရိသတ်တို့အားလုံးလိုလိုပဲ အဆင့်မြင့်မြင့်ပဲ နေထိုင်ချင်ကြမှာပါ။ အရပ်ထဲမှာတော့ အိမ်ကြီးကြီးဆောက်ပြီး ခြံဝင်းကြီးထဲမှာ ခမ်းခမ်းနားနားနေလို့ နောက်ဆုံးပေါ်ကားကိုစီး၊ အခြွေအရံ အသင်းအပင်းများစွာနဲ့ ဇိမ်ကျကျ နေထိုင် စားသောက်နေတဲ့သူကို လူနေမှုအဆင့်အတန်း မြင့်မားတယ်လို့ ပြောဆိုနေကြပါတယ်။ ဒါဟာ ပကတိမျက်စိနဲ့ကြည့်ပြီး ပြောဆိုနေကြတာပါ။

ဉာဏ်မျက်စိနဲ့ကြည့်တဲ့သူတွေအဖို့မှာတော့ အသိအလိမ္မာ ဉာဏ်ပညာကြီးမားပြီးတော့ ကိုယ်အမူအရာ နှုတ်အမူအရာတွေ ယဉ်ကျေးနေတဲ့ သူကိုသာလျှင် အဆင့်မြင့်တဲ့ နေထိုင်ခြင်းရှိသူလို့ ဆိုလိုပါတယ်။ အဆင့်မြင့်တဲ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အသိဉာဏ်ရှိမှသာ အဆင့်မြင့်မြင့် နေရမှာဖြစ်ပါတယ်။ ကိုယ့်ရဲ့အသိဉာဏ်က အဆင့်အတန်း နိမ့်နေရင် ကိုယ့်အတွက် အဆင့်နိမ့်တဲ့ နေထိုင်ခြင်း ဖြစ်လာပါလိမ့်မယ်။ ယောဂီတို့ဟာ မိမိကိုယ်ကို ပြန်ပြီး အကဲခပ်ကြည့်ရင် ဘယ်လိုနေခြင်းမျိုးနဲ့ နေထိုင်နေကြသလဲဆိုတာ သိလာပါလိမ့်မယ်။ ဘုန်းကြီးက ယောဂီတို့ကို အဆင့်မြင့်မြင့်နေထိုင်စေချင်လွန်းလို့ "အဆင့်မြင့်စွာ နေစရာ" ဆိုတဲ့ တရားတော်ကို ဟောကြားရခြင်းဖြစ်ပါတယ်။ ဒီတရားတော်ရဲ့အဓိပ္ပာယ်ကိုလည်း နားလည်စေချင်ပါတယ်။ မှတ်မိလည်း မှတ်မိစေချင်ပါတယ်။ ဒါကြောင့် နားလည်နိုင်အောင်ဟောပေးရပါမယ်။

အင်္ဂုတ္တိုရ်ပါဠိတော်မှာပါရှိတဲ့ အရိယာဝါသသုတ္တန်ကို အခြေခံ ကျောရိုးပြုပြီး ဟောမှာဖြစ်ပါတယ်။ အရိယာဆိုတာ ပုထုဇဉ်တွေထက် ပိုမိုထူးမြတ်တဲ့ အဆင့်မြင့်တဲ့ အသိဉာဏ် ရှိနေတဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရနေတဲ့ ပုဂ္ဂိုလ်ပါပဲ။ အာဝါသ ဆိုတာကတော့ နေစရာအရပ်ကိုပြောတာပါ။ အဆင့်မြင့်တဲ့ အရိယာပုဂ္ဂိုလ် ဖြစ်ရတာဟာ အကြောင်းမဲ့မဟုတ်ပါဘူး။ အဆင့်အတန်းမြင့်တဲ့ အသိဉာဏ်ကို ရရှိနေလို့ပါ။ အဆင့်မြင့်တဲ့ အသိဉာဏ်တွေကို ရနေတော့ ဒီပုဂ္ဂိုလ်တွေရဲ့ နေထိုင်ခြင်းဟာ အဆင့်မြင့်နေတာပေါ့။ အဆင့်မြင့်သူတို့ရဲ့ နေရာအရပ်ဟာလည်း အဆင့်မြင့်တဲ့နေစရာ ဖြစ်ရတာပေါ့။

အင်္ဂုတ္တိုရ်ပါဠိတော် ဒသကနိပါတ်မှာ ရှင်တော်ဗုဒ္ဓက

"ရဟန်းတို့၊ အရိယာပုဂ္ဂိုလ်တို့ရဲ့ နေထိုင်စရာအရပ်တို့ဟာ (၁၀)ပါးရှိကြတယ်။ အဲဒီ ဆယ်ပါးသော အရပ်တို့ကို အမှီပြုပြီးတော့ အရိယာပုဂ္ဂိုလ်တွေဟာ ရှေးအခါကလည်း နေခဲ့ကြတယ်၊ ယခုပစ္စုပ္ပန်မှာလည်း နေကြဆဲပဲ၊ နောင်အနာဂတ်မှာလည်း နေကြလိမ့်ဦးမယ်" လို့ ဟောတော်မူပါတယ်။

အရိယာပုဂ္ဂိုလ်တွေရဲ့နေထိုင်ရာကို အဆင့်မြင့်တဲ့နေရာလို့ခေါ်တယ်။ အရိယာပုဂ္ဂိုလ်ဆိုတာ သရုပ်ထုတ်ပြီး ရေတွက်လိုက်ရင် –

၁။ သောတာပတ္တိမဂ်ဉာဏ်ရတဲ့ပုဂ္ဂိုလ်
၂။ သကဒါဂါမိမဂ်ဉာဏ်ရတဲ့ပုဂ္ဂိုလ်
၃။ အနာဂါမိမဂ်ဉာဏ်ရတဲ့ပုဂ္ဂိုလ်
၄။ အရဟတ္တမဂ်ဉာဏ်ရတဲ့ပုဂ္ဂိုလ်
၅။ သောတာပတ္တိဖိုလ်ရထားတဲ့ပုဂ္ဂိုလ်
၆။ သကဒါဂါမိဖိုလ်ရထားတဲ့ပုဂ္ဂိုလ်
၇။ အနာဂါမိဖိုလ်ရထားတဲ့ပုဂ္ဂိုလ်
၈။ အရဟတ္တဖိုလ်ရထားတဲ့ပုဂ္ဂိုလ်

အဲဒီပုဂ္ဂိုလ်ရှစ်ဦးဟာ အရိယာပုဂ္ဂိုလ်တွေပါပဲ။ အဲဒီရှစ်ဦးထဲမှာ မဂ်ဉာဏ်ရထားတဲ့ ပုဂ္ဂိုလ်လေးဦးကတော့ မဂ်ဉာဏ်ဖြစ်နေတဲ့ အခိုက်အတန့်မှာပဲ ထင်ရှားရှိပါတယ်။ မဂ်ဉာဏ်ဖြစ်တဲ့ အချိန်ကလည်း စက္ကန့်ပိုင်းလောက်ပဲ ကြာပါတယ်။ သက်ဆိုင်ရာ မဂ်ဉာဏ်ချုပ်ပြီး နောက် သက်ဆိုင်ရာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖိုလ်ဉာဏ်ဖြစ်တော့တာပါပဲ။ အဲဒါကြောင့် မဂ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်လေးယောက်ကို တိတိကျကျ လက်ညှိုးထိုးပြဖို့ မဖြစ်နိုင်ဘူး။

အခု တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ဟာ ကိုယ့်အိမ်မှာ ကိုယ်နေကြပါတယ်။ တရားစခန်း ဝင်ရောက် အားထုတ်နေတဲ့ ယောဂီတို့ဟာလည်း ကိုယ့်အဆောင်မှာ ကိုယ်နေကြရပါတယ်။ ဘုန်းကြီးတို့ဆိုရင်လည်း ကိုယ့်စံကျောင်းမှာ ကိုယ်နေရပါတယ်။ ဒါဟာ ပကတိ လောက မျက်လုံးနဲ့ကြည့်ပြီးတော့ ပြောနေတာပါ။ ထိုနည်းတူစွာ အဆင့်အတန်းမြင့်တဲ့ အသိဉာဏ်ရထားကြတဲ့ အရိယာပုဂ္ဂိုလ်တွေဟာလည်း သူတို့နေရာမှာ သူတို့နေကြပါတယ်။ ပုထုဇဉ်ပုဂ္ဂိုလ်တွေထက် သောတာပန်ပုဂ္ဂိုလ်က ပိုပြီး အဆင့်မြင့်မြင့်နေရတယ်။ သောတာပန်ပုဂ္ဂိုလ်ထက် သကဒါဂါမ်ပုဂ္ဂိုလ်က ပိုပြီး အဆင့်မြင့်မြင့်နေရတယ်။ သကဒါဂါမ်ပုဂ္ဂိုလ်ထက် အနာဂါမ်ပုဂ္ဂိုလ်က ပိုပြီး အဆင့်မြင့်မြင့်နေရတယ်။ အနာဂါမ်ပုဂ္ဂိုလ်ထက် ရဟန္တာပုဂ္ဂိုလ်က ပိုပြီး အဆင့်မြင့်မြင့်နေရတယ်။

ဓမ္မမျက်လုံးနဲ့ကြည့်ရင် ဒီလိုပဲ တွေ့ရမှာပါ။ ပကတိမျက်လုံးနဲ့ကြည့်ရင် ဒီသဘောတွေကို မတွေ့မမြင်နိုင်ပါဘူး။ အဆင့်မြင့်တဲ့ အသိဉာဏ်ကို ရရှိထားကြတဲ့ ဘုရား၊ပစ္စေကဗုဒ္ဓ၊ ရဟန္တာအစရှိတဲ့ အရိယာပုဂ္ဂိုလ်တွေဟာ အဆင့်အတန်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြင့်မြင့် နေထိုင်သွားကြပါတယ်။ အဲဒီလို အသိဉာဏ် အဆင့်အတန်းမြင့်မားကြတဲ့ အရိယပုဂ္ဂိုလ်တို့ရဲ့နေရာကို "အရိယဝါသ = အဆင့်အတန်းမြင့်မားသူတို့ရဲ့နေရာ" လို့ ရှင်တော်ဗုဒ္ဓက ဟောကြားတော်မူပါတယ်။ ယောဂီတို့တစ်တွေဟာ အိုးအိမ်တိုက်တာ အဆောက်အအုံ တွေနဲ့ နေကြတယ်ဆိုတာဟာ ရာသီဥတုဒဏ်၊ ခိုးသားဓားပြဘေးရန်၊ မြွေကင်းသန်း အစရှိတဲ့ သားရဲတွေရဲ့ ဘေးရန်တွေ လုံခြုံဖို့ဆိုတဲ့ ရည်ရွယ်ချက်ရှိနေကြလို့ပါ။

အချို့လူတွေကတော့ မိုးဒဏ်လေဒဏ် နေပူဒဏ်ကို အကာအကွယ်ရရင် တော်လောက်ပါပြီ ဆိုပြီးတော့ ဖြစ်ကတတ်ဆန်း အဆောက်အအုံကလေးနဲ့ နေကြရတာလည်းရှိပါတယ်။ လူနေမှုအဆင့်အတန်း မြင့်မားသူတွေကတော့ ကြီးမားလှတဲ့ တိုက်ကြီးတွေဆောက်လို့ ခမ်းခမ်းနားနား လှလှပပဖြစ်အောင် ပန်းခြံတွေ ရေကူးကန်တွေထည့်ပြီးတော့တောင် ဆောက်လုပ်ထားကြသေးတယ်။ မိမိတို့ရဲ့ စည်းစိမ်အဆင့်အတန်းပေါ် မူတည်ပြီး နေစရာအဆောက်အအုံတွေလည်း ကွဲပြားကြပါတယ်။ အချို့ ဆင်းရဲမွဲတေလွန်းတဲ့ လူတွေဆိုရင် သူတစ်ပါးအိမ်တွေမှာ အဖီကလေးချပြီးတော့ နေရတာတောင် ရှိပါသေးတယ်။ အမိုးအကာ မလုံ့တလုံနဲ့ အတော်ကလေးပဲ ဆင်းရဲမှုဒဏ်ကို ခံရပါတယ်။ ဘုန်းကြီး အိန္ဒိယနိုင်ငံရောက်ခဲ့တုန်းက အချို့လူတွေဟာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပလက်ဖောင်းပေါ်မှာ အိပ်နေကြရတာလည်း ရှိပါတယ်။ အဲဒီလိုနေရတဲ့ သူတွေဟာ အပူဒဏ်၊ အအေးဒဏ်၊ လေဒဏ် မိုးဒဏ်၊ မြွေကင်းသန်းအစရှိတဲ့ ဘေးရန်တွေကနေ ဘယ်လို လုပ်ပြီး လုံခြုံကြမှာလဲ။

◆◆◆◆◆

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ရှင်တော်ဗုဒ္ဓလမ်းညွှန်ပြ

ဘဝများစွာ သံသရာမှာ ကျင်လည်ပြီး လာခဲ့ကြရတဲ့ ဘုန်းကြီးတို့ ယောဂီတို့ဟာလည်း အဆင့်မြင့်တဲ့နေစရာ ဘေးရန်ကင်းတဲ့နေစရာကို မရရှိရင် အတွင်းဘေး အပြင်ဘေးတွေဟာ စုပြုံပြီး ရင်ဆိုင်ကြရမှာဖြစ်ပါတယ်။ ဘုန်းကြီး အခုဟောတဲ့ အဆင့်မြင့်တဲ့နေစရာဆိုတာ မြတ်စွာဘုရား ဟောပြောပေးခဲ့တဲ့ "အရိယဝါသသုတ္တန်" တရားပါပဲ။ အခုဘဝ ကြုံတွေ့နေကြရတဲ့ မီးဘေး ရေဘေး ခိုးသား ဓားပြဘေး၊ မြွေကင်းသန်းအစရှိတဲ့ တိရစ္ဆာန်ဘေး တွေဟာ သံသရာအဆက်ဆက် ဘဝအတန်တန်မှာ ခံခဲ့ကြရတဲ့ ဒုက္ခတွေနဲ့ နှိုင်းယှဉ်လိုက်ရင် ဘာမှ မပြောပလောက်သေးပါဘူး။ အရိယဝါသလို့ခေါ်တဲ့ အဆင့်မြင့်တဲ့ နေရာမှာ မနေရတဲ့ သူတွေဟာ အပါယ်ဘုံမှာ ထပ်ခါတလဲလဲ ခံရမည့် ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတွေ၊ သူတစ်ပါးတွေရဲ့ ညှဉ်းဆဲနှိပ်စက်ခံရမည့် ဆင်းရဲခြင်းတွေ၊ အိုမှုနာမှုသေမှုဆိုတဲ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆင်းရဲခြင်းတွေ စသည်ဖြင့် မရေတွက်နိုင်လောက်အောင် များပြားလှတဲ့ ဆင်းရဲဒုက္ခတွေနဲ့ ရင်ဆိုင်ကြရဦးမှာပါ။

အဆင့်မြင့်တဲ့နေရာကို ရရှိသွားကြတဲ့ ဘုရား ပစ္စေကဗုဒ္ဓ ရဟန္တာအရှင်မြတ်တွေကတော့ ဘေးဒုက္ခအားလုံး ကနေ လွတ်မြောက်ကုန်ကြပါပြီ။ ဒါကြောင့် ဘေးအတန်တန် ရန်အဝဝ ဆင်းရဲဒုက္ခ ဟူသမျှကနေ လွတ်ကင်းလိုကြတဲ့ ယောဂီသူတော်စင်တို့ဟာ အဆင့်မြင့်တဲ့နေရာ ရရှိလေအောင် ကြိုးစား အားထုတ်ကြပါ။ အဆင့်မြင့်တဲ့နေစရာကို ရအောင် ယူတတ်ဖို့ မြတ်စွာဘုရားကလည်း လမ်းညွှန်ပေးတော်မူခဲ့ ပါတယ်။ ဘုန်းကြီးကလည်း ယောဂီတို့ နားလည်နိုင်တဲ့ စကားနဲ့ပဲ ဟောပြောပေးပါ့မယ်။ အဆင့်မြင့်တဲ့နေစရာကိုလို ချင်တဲ့ သူတော်ကောင်းဟာ

၁။ အင်္ဂါငါးပါးကိုပယ်စွန့်ရမယ်။
၂။ ခြောက်ပါးသောအင်္ဂါနဲ့ပြည့်စုံရမယ်။
၃။ အစောင့်အရှောက်တစ်ခုရှိရမယ်။
၄။ မှီရာလေးပါးရှိရမယ်။
၅။ သီးသီးခြားခြားကွဲလွဲနေတဲ့ သစ္စဝါဒကို ပယ်စွန့်ရမယ်။
၆။ ရှာမှီးမှုတွေကိုလည်း ပယ်စွန့်ရမယ်။
၇။ ကြံစည်တွေးတောမှုတွေဟာ မနောက်ကျုစေရဘူး။
၈။ ကာယသင်္ခါရ (ဝင်သက်ထွက်သက်) ငြိမ်းရမယ်။
၉။ လွတ်မြောက်တဲ့စိတ်လည်းရှိရမယ်။
၁၀။ ကောင်းစွာလွတ်မြောက်တဲ့ပညာလည်းရှိရမယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒီအင်္ဂါဆယ်ပါးနဲ့ ပြည့်စုံအောင် ကျင့်သုံးနေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အဆင့်အတန်းမြင့် တဲ့နေခြင်းမျိုးနဲ့ နေရမှာ ဖြစ်ပါတယ်။ ဒီလို အဆင့်အတန်းမြင့်တဲ့နေစရာ ရရှိထားရင် ဘေးအန္တရာယ်တွေအားလုံး ကင်းရှင်း လုံခြုံသွားပါလိမ့်မယ်။ ဒီလိုနေရာကို မရတဲ့သူတွေမှာတော့ သံသရာမှာ အိုနာသေ ဘေး အပါယ်ဘေးအစရှိတဲ့ ဆင်းရဲဒုက္ခတွေကို ရှောင်လွှဲလို့ မရဘဲ ထပ်တလဲလဲ ကြုံတွေ့ကြရမှာဖြစ်ပါတယ်။ အဲဒီလို ဘေးအန္တရာယ်တွေကနေ ကင်းဝေးရအောင် အဆင့်အတန်း မြင့်တဲ့နေရာ (အရိယဝါသ) မှာ နေခွင့်ရအောင် မြတ်စွာ ဘုရားက ညွှန်ပြပေးထားပါတယ်။ ရှင်တော်ဗုဒ္ဓ ညွှန်ပြ ဟောကြားထားတဲ့ အချက်အလက် အင်္ဂါတွေနဲ့ ပြည့်စုံအောင် ကြိုးစား အားထုတ်တယ်ဆိုရင်တော့ အဆင့်မြင့်တဲ့နေရာမှာ နေကြရပါလိမ့်မယ်။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ငါးပါးအင်္ဂါယပ်စွန့်ခွာ

ရှင်တော် ဗုဒ္ဓရဲ့ ပထမဆုံး လမ်းညွှန်ချက်ကတော့

၁။ ကာမစ္ဆန္ဒနီဝရဏ

၂။ ဗျာပါဒနီဝရဏ

၃။ ထိနမိဒ္ဓနီဝရဏ

၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ

၅။ ဝိစိကိစ္ဆာ နီဝရဏ တို့ကို ပယ်စွန့်ရမှာပါ။

ကုသိုလ်တရားတွေ မဖြစ်ပေါ်အောင် ပိတ်ဆို့တတ်တားမြစ်တတ်တာကြောင့် နီဝရဏလို့ခေါ်ပါတယ်။ ကုသိုလ်စိတ်အစုကို ဈာန်စိတ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်အနေအားဖြင့် ဖြစ်ပေါ်ခွင့်မပေးဘူးလို့ ဆိုလိုပါတယ်။နီဝရဏတရားငါးပါးကို ယောဂီတို့နားလည်အောင် မြန်မာစကားနဲ့ပြောရရင်တော့ -

၁။ ကာမစ္ဆန္ဒ = အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိဆိုတဲ့ အာရုံတွေရဲ့အပေါ်မှာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လိုလားနှစ်သက် သာယာမှု။

၂။ ဗျာပါဒ = စိတ်ဆိုးမှု၊ အမျက်ဒေါသထွက်မှု၊ မုန်းတီးမှု။

၃။ ထိနမိဒ္ဓ = ကုသိုလ်ရေးလုပ်ငန်းတွေမှာ ငိုက်မျဉ်းမှု၊ ထိုင်းမှိုင်းလေးလံမှု။

၄။ ဥဒ္ဓစ္စကုက္ကုစ္စ = စိတ်ပျံ့လွင့်မှု၊ ပြီးပြီးသားကိစ္စတွေကို တွေးတောပြီးပူပန်နေမှု။

၅။ ဝိစိကိစ္ဆာ = ရတနာသုံးပါးနဲ့ပတ်သက်ပြီး၊ အကျင့်လမ်းစဉ်မှန်နဲ့ ပတ်သက်ပြီး ယုံမှားသံသယဖြစ်မှု။

နီဝရဏတရားတွေရှိလို့ မကောင်းကျိုးဖြစ်ပေါ်လာပုံ၊ နီဝရဏတရားတွေကင်းလို့ ကောင်းကျိုးချမ်းသာ ရရှိလာပုံကိုလည်း မြတ်စွာဘုရားက မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ ဟောကြားတော်မူထားတာ ရှိပါသေးတယ်။

ရှင်တော်ဗုဒ္ဓ သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်းတော်မှာ သီတင်းသုံး နေတော်မူစဉ်က ဖြစ်ပါတယ်။ သင်္ဂါရဝအမည်ရှိတဲ့ ပုဏ္ဏားကြီးဟာ မြတ်စွာဘုရားရဲ့အထံတော်ကိုချဉ်းကပ်ပြီး –

"အရှင်ဂေါတမ၊ အချိန်ကြာမြင့်စွာ ရွတ်အံသရဇ္ဈာယ်မှုကို ပြုပါကုန်သော်လည်း တစ်ခါတစ်ရံ ဗေဒင်မန္တန်တွေဟာ ဉာဏ်ထဲမှာ ထင်ထင်ရှားရှား ပေါ်မလာတာရှိပါတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရွတ်အံသရဇ္ဈာယ်မှုမပြုဘဲထားခဲ့မယ်ဆိုရင်တော့ ဘယ်လောက် မေ့ပျောက်မလဲဆိုတာ ပြောဖွယ်မရှိဘူးပေါ့။ အဲဒါဘယ်လိုအကြောင်းကြောင့်ပါလဲ” လို့မေးတော့ ရှင်တော်ဗုဒ္ဓက–

သင်္ဂါရဝပုဏ္ဏား၊ ဥပမာနဲ့ပြောရရင် ချိပ်တို့ နနွင်းတို့ မဲနယ်တို့နဲ့ ရောနှောထားတဲ့ ရေခွက်ထဲမှာ မျက်စိအမြင်ရှိတဲ့ ယောက်ျားဟာ မိမိမျက်နှာရိပ်ကို ကြည့်ရှု ဆင်ခြင်တဲ့အခါ ထင်ထင်ရှားရှား ပြတ်ပြတ်သားသား တိတိကျကျ သဲသဲကွဲကွဲ မတွေ့မြင်နိုင်သလို “ကာမရာဂ” တရား ထကြွ သောင်းကျန်းနေတဲ့စိတ် ဖြစ်နေတဲ့အခါမှာ၊ ဖြစ်ပေါ်နေဆဲကာမရာဂရဲ့ ချုပ်ငြိမ်းစေဖို့ အကြောင်းကိုလည်း အဟုတ်အမှန်အတိုင်း မသိတဲ့အခါ မိမိရဲ့အကျိုး၊ သူတစ်ပါးရဲ့အကျိုး၊ မိမိသူတစ်ပါး နှစ်ဦးသားတို့ရဲ့ အကျိုးတရားတွေကို ဟုတ်တိုင်းမှန်စွာ မသိနိုင်ဘူး။ အဲဒီလိုအခါမျိုးမှာ အချိန်ကြာမြင့်စွာ ရွတ်အံသရဇ္ဈာယ်မှု ပြုထားပါသော်လည်း ဗေဒင်မန္တန်တို့ဟာ ဉာဏ်ထဲမှာ ထင်ထင်ရှားရှား ပေါ်မလာဘူး။ ရွတ်အံသရဇ္ဈာယ်မှု မပြုဘဲထားမယ်ဆိုရင်တော့ ပြောစရာတောင်မလိုတော့ဘူးပေါ့။

နောက်တစ်နည်း ပြောရရင် မီးအပူပေးထားလို့ ဆူပွက်နေတဲ့ ရေခိုးရေငွေ့ထွက်နေတဲ့ ရေခွက်ထဲမှာ မျက်စိအမြင်ရှိတဲ့ ယောက်ျားဟာ မိမိရဲ့မျက်နှာရိပ်ကို ကြည့်ရှုဆင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခြင်တဲ့အခါ ထင်ထင်ရှားရှား ပြတ်ပြတ်သားသား တိတိကျကျ သဲသဲကွဲကွဲ မသိမြင်နိုင်သလို ဗျာပါဒ ထကြွ သောင်းကျန်း နေတဲ့စိတ် ဖြစ်ပေါ်နေတဲ့အခါ ဖြစ်ပေါ်နေတဲ့ ဗျာပါဒရဲ့ ချုပ်ငြိမ်းစေဖို့ အကြောင်းကိုလည်း မသိတဲ့အခါမှာ မိမိအကျိုး၊ သူတစ်ပါးရဲ့အကျိုး၊ မိမိသူတစ်ပါးနှစ်ဦးသား အကျိုးတို့ကို ဟုတ်တိုင်းမှန်စွာ မသိနိုင်ပါဘူး။ အဲဒီလိုအခါ မျိုးမှာလည်း အချိန်ကြာမြင့်စွာ ရွတ်အံသရဇ္ဈာယ်မှု ပြုထားပါသော်လည်း ဗေဒင်မန္တန်ပညာတွေဟာ ဉာဏ်ထဲမှာ ထင်ထင်ရှားရှား ဖြစ်ပေါ်မလာဘူး။ ရွတ်အံသရဇ္ဈာယ်မှု မပြုဘဲထားခဲ့ရင်တော့ ပြောစရာတောင်မလိုတော့ဘူးပေါ့။

မှော်သေးရေညှိတွေနဲ့ မြွေးယှက် ဖုံးလွှမ်းနေတဲ့ ရေခွက်ထဲမှာ မျက်စိအမြင်ရှိတဲ့ ယောကျ်ားဟာ မိမိရဲ့ မျက်နှာရိပ်ကို ကြည့်ရှု ဆင်ခြင်တဲ့အခါ ထင်ထင်ရှားရှား ပြတ်ပြတ်သားသား သဲသဲကွဲကွဲ မမြင်နိုင်သလို ထိနမိဒ္ဓ ထကြွ သောင်းကျန်းနေတဲ့ စိတ် ဖြစ်ပေါ်နေတဲ့အခါ၊ ဖြစ်ပေါ်နေတဲ့ ထိနမိဒ္ဓ ရဲ့ချုပ်ငြိမ်းစေဖို့အကြောင်းကို မသိတဲ့အခါမှာ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ မိမိသူတစ်ပါး နှစ်ဦးသားတို့ အကျိုးတရားကို ဟုတ်တိုင်းမှန်စွာ မသိနိုင်ဘူး။ အဲဒီလို အခါမျိုးမှာ အချိန်ကြာမြင့်စွာ ရွတ်အံသရဇ္ဈာယ်မှု ပြုထားပါသော်လည်း ဗေဒင်ပညာ မန္တန်ပညာတွေဟာ ဉာဏ်ထဲမှာ ထင်ထင်ရှားရှား ဖြစ်ပေါ်မလာဘူး။ ရွတ်အံသရဇ္ဈာယ်မှု မပြုဘဲထားခဲ့ရင် [illegible] စရာတောင်မလိုတော့ဘူးပေါ့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လေတိုက်လို့ လှုပ်ရှားပြီး လှိုင်းထနေတဲ့ ရေခွက်ထဲမှာ မျက်စိအမြင်ရှိတဲ့ယောကျ်ားဟာ မိမိရဲ့မျက်နှာရိပ်ကို ကြည့်ရှု ဆင်ခြင်တဲ့အခါ ထင်ထင်ရှားရှား ပြတ်ပြတ်သားသား တိတိကျကျ သဲသဲကွဲကွဲ မတွေ့မြင်ရသလို ဥဒ္ဓစ္စကုက္ကုစ္စ ထကြွ သောင်းကျန်းနေတဲ့ စိတ် ဖြစ်ပေါ်နေတဲ့အခါမှာ၊ ဖြစ်ပေါ်လာတဲ့ ဥဒ္ဓစ္စကုက္ကုစ္စတို့ရဲ့ ချုပ်ငြိမ်းစေဖို့အကြောင်းကို မသိတဲ့အခါမှာ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ မိမိသူတစ်ပါး နှစ်ဦးသားတို့ရဲ့ အကျိုးကို ဟုတ်တိုင်းမှန်စွာ မသိနိုင်ဘူး။ အဲဒီလိုအခါမျိုးမှာ အချိန်ကြာမြင့်စွာ ရွတ်အံသရဇ္ဈာယ်မှုပြုထားပါသော်လည်း ဗေဒင်မန္တန်ပညာတွေက ဉာဏ်ထဲမှာ ထင်ထင်ရှားရှား ဖြစ်ပေါ်မလာဘူး။ ရွတ်အံသရဇ္ဈာယ်မှုမပြုဘဲ ထားမယ်ဆိုရင်တော့ ပြောစရာတောင်မလိုတော့ဘူးပေါ့။

နောက်ကျူလည်းနောက်ကျူနေတယ်၊ လှုပ်ရှားလည်း လှုပ်ရှားနေတယ်ဆိုတဲ့ ရွံ့နှစ်ရေခွက်ကို အမှောင်ထဲမှာထားပြီး မျက်စိအမြင်ရှိတဲ့ ယောကျ်ားဟာ မိမိရဲ့မျက်နှာရိပ်ကို ကြည့်ရှု ဆင်ခြင်တဲ့အခါ ထင်ထင်ရှားရှား ပြတ်ပြတ်သားသား တိတိကျကျ သဲသဲကွဲကွဲ မတွေ့မြင်နိုင်သလို "ဝိစိ ကိစ္ဆာ" ထကြွ သောင်းကျန်းနေတဲ့ စိတ် ဖြစ်ပေါ်နေတဲ့အခါ၊ ဝိစိကိစ္ဆာရဲ့ ချုပ်ငြိမ်းစေဖို့ အကြောင်းကိုလည်း မသိတဲ့အခါ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ မိမိသူတစ်ပါး နှစ်ဦးသားတို့ အကျိုးကို ဟုတ်တိုင်းမှန်စွာ မသိနိုင်ဘူး။ အဲဒီလို အခါမှာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အချိန်ကြာမြင့်စွာ ရွတ်အံသရဇ္ဈာယ်မှု ပြုထားခဲ့သော်လည်း ဗေဒင်ပညာ မန္တန်ပညာတွေဟာ ဉာဏ်ထဲမှာ ထင်ထင်ရှားရှား ဖြစ်ပေါ်မလာဘူး။ ရွတ်အံသရဇ္ဈာယ်မှု မပြုဘဲ ထားမယ်ဆို ရင်တော့ ပြောစရာတောင်မလိုတော့ဘူးပေါ့။

ချိပ်တို့ နနွင်းတို့ မဲနယ်တို့နဲ့ မရောနှောဘဲ ပကတိ သန့်ရှင်းတဲ့ရေခွက်ထဲမှာ –

* မီးနဲ့အပူပေးမထားလို့ မဆူမပွက် ရေနွေးငွေ့လည်း မထွက်တဲ့ ရေခွက်ထဲမှာ
* မှော်သေးရေညှိတွေနဲ့မဖြူးယှက်တဲ့ ရေခွက်ထဲမှာ
* လေမတိုက်လို့ မလှုပ်မရှား လှိုင်းမထဘဲ ငြိမ်သက်နေ တဲ့ ရေခွက်ထဲမှာ
* မနှောက်မကျူ ကြည်လင်ပြီး အလင်းရောင်လုံလောက် တဲ့နေရာမှာ ရှိတဲ့ ရေခွက်ထဲမှာ

မျက်စိအမြင်ရှိတဲ့ယောကျ်ားဟာ မိမိရဲ့ မျက်နှာရိပ်ကို ကြည့်ရှု ဆင်ခြင်တဲ့အခါ ထင်ထင်ရှားရှား ပြတ်ပြတ်သားသား သဲသဲကွဲကွဲ တိတိကျကျ မြင်တွေ့ရသလို ကာမရာဂ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာဆိုတဲ့ နီဝရဏတရားငါးပါး ထကြွ သောင်းကျန်းမှု မရှိတဲ့စိတ် ဖြစ်တဲ့ အခါမျိုးမှာ နီဝရဏတရားတွေရဲ့ ချုပ်ငြိမ်းစေဖို့ အကြောင်းကို သိတဲ့အခါမျိုးမှာ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ မိမိ သူတစ်ပါး နှစ်ဦးသား အကျိုးတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြင့်စွာ ရွတ်အံ့သရဇ္ဈာယ်မှုမပြုဘဲ ထားခဲ့တဲ့ ဗေဒင်မန္တန်ပညာတို့ဟာလည်း ဉာဏ်ထဲမှာ ထင်ရှားလာပါတယ်။ နေ့စဉ် ရွတ်အံ့သရဇ္ဈာယ်မှုပြုထားမယ်ဆိုရင် ဘာပြောဖွယ်ရှိတော့မှာလဲ" လို့ ဟောကြား အဖြေပေးလိုက်ပါတယ်။

မဟာဝဂ္ဂသံယုတ်ပါဠိတော်လာ စကားကို သတိပြုကြည့်ပါ။ ဗေဒင်မန္တန်တွေကို ရွတ်အံ့သရဇ္ဈာယ်တဲ့ ပုဏ္ဏားမျိုးဖြစ်လို့ သင်္ဂါရဝပုဏ္ဏားက ဗေဒင်မန္တန်နဲ့စပ်လျဉ်းပြီး မေးလျှောက်နေတာပါ။ အခုခေတ် ကျောင်းသူ ကျောင်းသားများဖြစ်မယ်ဆိုရင်တော့ သက်ဆိုင်ရာ သင်ခန်းစာတွေကို လွယ်လင့်တကူ ကျက်မှတ်လို့ရအောင်၊ ကျက်မှတ်ပြီးစာတွေကို မမေ့မပျောက် အောင်ဘယ်လိုလုပ်ရမယ်ဆိုတာကို မေးလျှောက်မှာပါ။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ကာမစ္ဆန္ဒပယ်စွန့်ကြ

အဆင့်မြင့်တဲ့နေစရာကို ရလို ပိုင်ဆိုင်လိုတဲ့သူဟာ နီဝရဏတရားငါးပါးကို ပယ်စွန့်ဖို့ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။ နီဝရဏတရားတွေကို ပယ်စွန့်ချင်ရင် နီဝရဏတရားရဲ့ အပြစ်ကို သိထားဖို့လိုပါတယ်။ အပြစ်မမြင်လို့ရရင် ချစ်ခင်စုံမက်ပြီး မပစ်ရက်ကြပါဘူး။ ကာမဂုဏ်အာရုံနဲ့စပ်သမျှကို နှစ်သက် တွယ်တာ မက်မောတဲ့သဘောကို ကာမစ္ဆန္ဒလို့ခေါ်ပါတယ်။ ကိုယ်လိုချင်တဲ့ပစ္စည်းကို သူတစ်ပါးထံကနေ ရအောင် နည်းမျိုးစုံနဲ့ ယူချင်တယ်။ ရိုးရိုးတောင်းလို့မရရင် လုယက်မယ်။ တိုက်ခိုက်ယူမယ်။ ကိုယ်မြတ်နိုးတဲ့ ပစ္စည်းဥစ္စာတွေကို သူတစ်ပါးက အနိုင်ကျင့်ပြီး ယူသွားပြီဆိုရင် ပြန်ရအောင် တိုက်ခိုက်ရမယ် စသည်ဖြင့် နည်းမျိုးစုံနဲ့ ကြိုးစားနေကြပါတယ်။

လောကမှာ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ တစ်ပါတီနဲ့တစ်ပါတီ၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ တိုက်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခိုက်နေကြတယ်ဆိုတာဟာ၊ ရန်ငြိုးဖွဲ့နေကြတယ်ဆိုတာဟာ ကာမဂုဏ်တွေကြောင့်ပါပဲ။ အဆင်းအာရုံရယ် အဲဒီအဆင်း အာရုံရဲ့တည်ရာဖြစ်တဲ့ ယောကျ်ားမိန်းမ သက်ရှိသက်မဲ့ ကိုယ်ထည်တွေဟာလည်း ကာမဂုဏ်တွေပါပဲ။ ထို့အတူ အသံအာရုံရယ် အသံရဲ့တည်ရာဖြစ်တဲ့ သက်ရှိသက်မဲ့ အထည်ကိုယ်တွေ၊ အနံ့အာရုံနဲ့အတူ အနံ့ရဲ့တည်ရာ၊ အရသာနဲ့အတူ အရသာရဲ့တည်ရာ၊ ဒီအရသာကို ချက်ပြုတ် စီမံနေတဲ့သူတွေ၊ အတွေ့အထိအာရုံရယ် အတွေ့အထိအာရုံ ရဲ့တည်ရာ သက်ရှိသက်မဲ့ ယောကျ်ားမိန်းမ အထည်ကိုယ် တွေဟာလည်း ကာမဂုဏ်တွေပါပဲ။ အဲဒီလို အာရုံငါးပါး တွေ အာရုံငါးပါးရဲ့တည်ရာ အာရုံငါးပါးနဲ့ စပ်ယှဉ်နေတဲ့ သက်ရှိသက်မဲ့ အထည်ကိုယ်တွေအပေါ်မှာ ကပ်ငြိ သာယာ နေတဲ့ သဘောဟာ "ကာမစ္ဆန္ဒ" ပဲလို့ မှတ်ထားကြပါ။ ဘုန်းကြီး အခုလို ထပ်ခါတလဲလဲ ပြောနေရတာဟာ ယောဂီတို့ နားလည် သဘောပေါက်စေချင်လွန်းလို့ပါ။

စိတ်အစဉ်မှာ ကာမစ္ဆန္ဒနီဝရဏ ဖြစ်နေရင် ကြွေးတင် နေတဲ့သူနဲ့ တူနေပါတယ်။ သူတစ်ပါးအထံကနေ ကြွေးယူ ထားမိရင် ကြွေးရှင်က ပရိသတ်ထဲမှာ "ဟေ့ကောင်၊ ငါ့ကြွေးကိုမြန်မြန်ဆပ်ကွ" စသည်ဖြင့် အရှက်တကွဲ အကျိုး နည်းစရာဖြစ်အောင် ပြောဆိုတဲ့ စကားတွေ၊ ဆဲဆိုကြိမ်း မောင်းလာတဲ့ စကားတွေကိုလည်း ငြိမ်ပြီးတော့ ခံနေရပါ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တယ်။ နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်ဖြင့်ဖြစ်စေ၊ နှိပ်စက် ညှင်းဆဲလာရင်လည်း ငြိမ်ခံနေရတာပါပဲ။ ရှေးခေတ်ကာလတုန်းကဆိုရင် ကြွေးယူထားမိရင် ကြွေးရှင်ကို သိပ်ပြီးတော့ ကြောက်ရွံ့ရှိသေနေရပါတယ်။ ဘယ်နေ့ဘယ်ရက်မှာ ပြန်လည်ပေးဆပ်ပါ့မယ်လို့ ဝန်ခံကတိပြုထားရင်လည်း ကတိထားတဲ့အချိန်ရောက်လို့ အကြောင်းအားလျော်စွာ မဆပ်နိုင်သေးရင် ကြွေးရှင်အထံမှာ အောက်ကျခံပြီး တောင်းပန်ရပါတယ်။ ကြွေးရှင်ကလည်း အချိန်တန်လို့ ပြန်မရတဲ့အခါ စိတ်ဆိုးပြီး "မင်းဟာ ကတိမတည်တဲ့အကောင်၊ ကလိန်ကကျစ်နိုင်တဲ့အကောင်" စသည်ဖြင့် ပြောဆိုလိုက်ရင်လည်း ပြန်ပြီးတော့ မပြောဝံ့ပါဘူး။ ငြိမ်ပြီး ခံနေရပါတယ်။ သူ့ထံကနေ ကြွေးယူထားမိတော့ ရှိသေနေရတော့တာပေါ့။

အဲဒီလိုပါပဲ၊ ကာမစ္ဆန္ဒနီဝရဏရှိနေတဲ့ သူဟာလည်း ကိုယ် နှစ်သက် လိုလားနေတဲ့ အာရုံဝတ္ထုကို ရှိသေနေရပါတယ်။ နှစ်သက်တွယ်တာမှု အားကြီးလေလေ သိပ်ပြီးတော့ ရှိသေရလေပါပဲ။ ကိုယ် အင်မတန် မြတ်နိုးနေတဲ့ အဝတ်အစားကလေးကိုပဲ ကြည့်ပေါ့။ ပေရေမသွားရအောင် ညစ်နွမ်းမသွားရအောင်၊ တစ်စုံတစ်ခုနဲ့ ငြိပြီး ပေါက်ပြဲမသွားရလေအောင် သိပ်ပြီးတော့ ဂရုစိုက်ရပါတယ်။ စိန်တို့ရွှေတို့ ပတ္တမြားတို့ဆိုရင် ပိုပြီးတော့တောင် ဂရုစိုက်ရပါသေးတယ်။ မီးခံသေတ္တာကြီးထဲထည့်ပြီး သေသေချာချာ သော့နဲ့ခတ်ထားရပါတယ်။

သက်ရှိ ကာမဂုဏ်တွေမှာလည်း ဒီလိုပါပဲ။ အမျိုးသမီးနဲ့ အမျိုးသားဟာ တစ်ယောက်နဲ့တစ်ယောက် ချစ်မြတ်နိုးမှုတွေ၊ ကပ်ငြိတွယ်တာမှုတွေ အားကြီးလာရင် ကိုယ်မြတ်နိုးသူ မနှစ်သက်တဲ့ ကိုယ်အမူအရာ နှုတ်အမူအရာတွေ မပြုမိ မပြောမိရလေအောင် သိပ်ပြီး ဂရုစိုက်ရပါတယ်။ ကြားလိုက် မြင်လိုက်ရတဲ့သူ ကိုယ့်အပေါ်မှာ စိတ်ငြိုငြင်သွားမှာ ကြောက်ရွံ့နေရပါတယ်။ ချစ်ခင်တွယ်တာမှု အားကြီးလေလေ ကြောင့်ကြရလေလေပါပဲ။ ရုတ်တရက် အမှတ်မထင် ပြောမိတဲ့ စကားကိုတွေးပြီး "သူ့မှာ စိတ်ဆင်းရဲသွားလေမလား" လို့ စဉ်းစားပြီး ပူပန်ရပါသေးတယ်။ ကိုယ်နှစ်သက် မြတ်နိုးတဲ့ ကာမဂုဏ်လို့ခေါ်တဲ့ သက်ရှိသက်မဲ့ ပစ္စည်းဝတ္ထုတွေရဲ့အပေါ်မှာ ကြွေးရှင်ကို ရိုသေနေရသလို ရိုသေနေ ရပါတယ်။ ကြွေးကို ကျေအောင် ပေးဆပ်ပြီးတဲ့သူဟာ ကြွေးရှင်ကို ကြောက်ရွံ့စရာ မလိုတော့သလို သက်ရှိသက်မဲ့ ကာမဂုဏ်တွေရဲ့အပေါ်မှာ နှစ်သက်တွယ်တာမှု ကာမစ္ဆန္ဒ မရှိဘူးဆိုရင် ဘယ်သက်ရှိသက်မဲ့ကိုမှ အထူးဂရုပြု ကြောင့်ကြစရာ မလိုတော့ပါဘူး။ ရိုသေနေစရာ မလိုတော့ပါဘူး။ ဒါကြောင့်အခု တရားအားထုတ်နေကြတဲ့ ယောဂီတို့ဟာ မိမိရဲ့ စိတ်အစဉ်မှာ ကာမစ္ဆန္ဒနီဝရဏဖြစ်နေရင် ဖြစ်မှန်းသိပြီး ပယ်ဖျောက်ကြပါ။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ချစ်လွန်း၍နစ်မွန်းရသည်

ကာမစ္ဆန္ဒအားကြီးမှုကြောင့် ဆင်းရဲဒုက္ခ တွေ့ကြုံရပုံကို အင်္ဂုတ္တိုရ်အဋ္ဌကထာမှာရှိတဲ့ သာဓကတစ်ခုကို ထုတ်ပြပါ့မယ်။ မိမိရဲ့ ဇနီးမယားအပေါ်မှာ သိပ်ပြီး တပ်မက်မှုစွဲလမ်းမှု အားကြီးတဲ့ ယောကျ်ားတစ်ယောက် ရှိခဲ့ဖူးတယ်။ သူကသာ သိပ်ပြီးတော့ တပ်မက် ငြိတွယ်နေသော်လည်း သူ့ဇနီးသည်က သူ့လင်ရဲ့ညီ (မတ်တော်သူ) နဲ့ ဖောက်ပြန်ပြီးနေပါတယ်။ ရှေးအစဉ်အဆက် ပြောဆိုခဲ့တဲ့ စကားရပ်တစ်ခု အမှတ်ရမိတယ်။ "ချဉ်သီးနှင့်ဆား အတူထား ချဉ်သီးဆားကြောင့် ပျက်တတ်သည်။ မတ်နှင့်မရီး အတူနီး မရီးမတ်ကြောင့် ပျက်တတ်သည်။ ဣတ္ထိဘိက္ခုံ တွေ့ခဲ့ကြုံ ဘိက္ခုံမကြောင့် ပျက်တတ်သည်။ ရဟန်းနှင့်ငွေ အတူနေ ရဟန်းငွေကြောင့် ပျက်တတ်သည်" လို့ ဆိုထားပါတယ်။

တကယ်ဖြစ်ခဲ့တဲ့ သာဓကတွေရှိလို့ နောင်လူနောင်သားတွေ သင်ခန်းစာယူရအောင် ရှေးဆရာတွေ မိန့်ကြားထား

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခဲ့ခြင်းဖြစ်ပါတယ်။ မရိုးဖြစ်သူဟာ မတ်ဖြစ်သူနဲ့ တွေ့ပါမြင်ပါ ဆက်ဆံပါများလာရင် တစ်ယောက်နဲ့တစ်ယောက် တွယ်တာမှုတွေ လွန်ကဲလာပြီး ဖောက်ပြန်လာတတ်ပါတယ်။ ချဉ်တဲ့အရသာရှိတဲ့ သရက်သီးတို့ မရမ်းသီးတို့ဟာ သူတို့ဘာသာအတိုင်း ထားလိုက်ရင် ချဉ်တဲ့အရသာရှိနေတာကြောင့် ကြိုက်နှစ်သက်သူ သိပ်မရှိကြပါဘူး။ အနားမှာ ဆားပန်းကန်လေး ချထားလိုက်ရင် တွဲဘက်တွေ့ပြီဆိုပြီး ချဉ်သီးကို ဓားနဲ့ခွဲပြီး ဆားနဲ့ တို့စားကြတော့တာပါပဲ။ ရဟန်းတော်များဟာလည်း သူတို့ဘာသာ ပရိယတ္တိကိစ္စ ပဋိပတ္တိကိစ္စတွေကို ဆောင်ရွက်နေရင် သာသနာတော်မှာ ပျော်မွေ့ပြီးနေကြတာပါပဲ။ မိန်းမ (ဣတ္ထိ) တွေနဲ့ ရောနှော ဆက်ဆံလာရင် ကိလေသာတွေ ပွားများလာပြီး သာသနာဘောင်မှာ မနေနိုင်တော့ဘဲ လူထွက်ပြီး အိမ်ထောင်ပြုတော့တာပါပဲ။ အချို့အချို့ရဟန်းတွေကျတော့ ဒကာဒကာမတွေက အနာမာသဝတ္ထုငွေ ပေးလှူလိုက်ရင် ဒီငွေကို စုဆောင်းထားရာကနေ များလာပြီဆိုရင် "အင်း, ဒီငွေလောက်ဆိုရင် ငါ အိမ်ထောင်ပြုပြီး လူ့ကာမဂုဏ်ကို ကောင်းကောင်းကြီး ခံစားလို့ရမယ်" လို့ စိတ်ကူးယဉ်ပြီး လူထွက်ကြပြန်ရော။ အဲဒါတွေကို ရှေးဆရာတော်များက သတိပေးတဲ့ အနေနဲ့ ရေးသား ထားခဲ့ကြတာပါ။

မရိုးဖြစ်သူဟာလည်း မတ်နဲ့နီးတော့ ကိုယ်ကျင့်တရားပျက်စီးရပြီပေါ့။ တရားဝင် လင်ယောကျ်ားထက် မတ်တော်သူ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကို ပိုပြီး အချစ်အားသန်ခဲ့တယ်။ မတ်ဖြစ်သူနဲ့ တစ်သက်တာ ပတ်လုံး ဇနီးမောင်နှံအဖြစ် ပေါင်းသင်းပြီး နေချင်တာကြောင့် လင်ဖြစ်သူကို သတ်ပစ်ဖို့ ပြောဆို တိုက်တွန်းပါတယ်။ အစပထမတော့ မတ်ဖြစ်သူက သူ့ရဲ့အစ်ကိုအရင်းကို ဘယ် သတ်ရက်မှာလဲ။ ခဏခဏ တိုက်တွန်းလာတော့ သတ်ပစ် လိုက်ရတယ်။ လင်ဖြစ်သူက ဇနီးမယားရဲ့အပေါ်မှာ ကပ်ငြိ တပ်မက်စွဲလန်းမှု ကာမစ္ဆန္ဒတရား အားကြီးမှုကြောင့် မယား ရဲ့ အိမ်မှာပဲ မြွေသွားဖြစ်တယ်။ မယားဟောင်းရဲ့ အနားမှာ တဝဲလည်လည်နဲ့နေရရှာတယ်။

မယားဖြစ်သူက "ဒီမြွေဟာ ငါ့ယောကျ်ားပဲ ဖြစ်လိမ့်မယ်ထင်တယ်" လို့တွေးပြီး သတ်ခိုင်းပြန်တယ်။ စွဲလမ်း ကပ်ငြိမှုကို မခွာနိုင်သေးတာကြောင့် မြွေဟာ သေသွားပြီး မယားဟောင်းရဲ့ အိမ်မှာပဲ ခွေးဖြစ်ပြန်တယ်။ ဒီခွေးဟာ ထင်းခွေရေခပ် ဆန်ပြာမောင်းထောင်း အလုပ်ကို လုပ်နေတဲ့ ဇနီးမယားဟောင်းရဲ့နောက်ကို တကောက် ကောက်နဲ့ လိုက်နေပြန်တယ်။ မယားဟောင်းက "ဒီခွေး ဟာလည်း ငါ့ယောကျ်ားပဲဖြစ်မှာပါ" လို့ တွေးပြီး သတ်ခိုင်း ပြန်တယ်။ ခွေးဟာ သေသွားပြီး အဲဒီအိမ်မှာပဲ နွားဖြစ်ရ ပြန်တယ်။ နွား ဖြစ်တော့လည်း မယားဟောင်းရဲ့ နောက်ကို တကောက်ကောက်နဲ့ လိုက်နေပြန်တယ်။ အဲဒီနွားကိုလည်း သတ်ခိုင်းပြန်ပါတယ်။ နွားဟာ သေပြီးနောက် မယား ဟောင်းရဲ့ဝမ်းထဲမှာ ပဋိသန္ဓေ တည်နေပါတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မွေးဖွားလာပြီးတဲ့အခါ ကလေးငယ်ဟာ ဘဝဟောင်း ဖြစ်စဉ်ကို ပြန်လည်အမှတ်ရတဲ့ "ဇာတိဿရဉာဏ်" ရရှိပါတယ်။ အဲဒါကြောင့် "ဩော် . . .ငါဟာ ဒီလောက် တောင် ရက်စက် ကြမ်းကြုတ်တဲ့ ရန်သူမိန်းမရဲ့ ဝမ်းတိုက်ထဲမှာ ဖြစ်နေရပါလား" လို့ တွေးပြီး စိတ်နာလွန်းလို့ မိခင်ရဲ့ ထိတွေ့ ကိုင်တွယ်ယူခြင်းကိုတောင် မခံယူတော့ပါဘူး။ မိခင်ဖြစ်သူက လာပြီး ထိလိုက် ကိုင်လိုက်တာနဲ့ ငိုကြွေးပါတယ်။ အဲဒါကြောင့် အဘိုးဖြစ်သူက ခေါ်ယူပြီး မွေးထားရပါတယ်။ စကားပြောတတ်တဲ့အရွယ်ရောက်လာတော့ တစ်နေ့မှာ အဘိုးက–

"ငါ့မြေးဟာ ဘာကြောင့် မိခင်လက်နဲ့ ထိလိုက်ကိုင်လိုက်တာနဲ့ ငိုကြွေးရတာလဲ" လို့မေးတော့ –

"အဘိုးရယ်၊ အဲဒီမိန်းမကြီးက ကျွန်တော့်မိခင်မဟုတ်ဘူးဗျ၊ ကျွန်တော့်ကို သတ်ဖြတ်နေတဲ့ ရန်သူမကြီးဗျ" လို့ အစချီပြီး အတိတ်ဘဝကဖြစ်ကြောင်း ကုန်စင်အောင် ပြောပြလိုက်တယ်။ အဘိုးလည်း ထိတ်လန့် သံဝေဂဖြစ်ပြီး မြေးငယ်ကို ပွေ့ဖက်ငိုကြွေးလို့

"ဒီလိုဆိုရင် ငါ့မြေးရယ် ဒီလို ရန်သူရှိတဲ့နေရာမှာ နေရလို့ အကျိုးရှိမှာမဟုတ်ပါဘူး" လို့ ပြောဆို နားချပြီး မြေးငယ်ကို ခေါ်လို့ ကျောင်းတစ်ကျောင်းမှာသွားပြီး ရှင်ရဟန်းပြုနေလိုက်ကြတာ မကြာမီမှာ မြေးရော အဘိုးပါ ရဟန္တာဖြစ်သွားကြတော့တယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

(မယားဥ္စပေ၊ တပ်လျက်သေ၍၊ မြွေနှင့်ခွေးနွား၊ ထံပါး ဝဲရစ် သုံးကြိမ်ဖြစ်ပြီး၊ တစ်ဆစ်ထိုမှ လေးကြိမ်ကျသော်၊ မယားဝမ်းခေါင်း ဝင်ကာအောင်း၏။)

ကာမစ္ဆန္ဒနီဝရဏကြောင့် ကြွေးတင်နေတဲ့သူပမာ ဆင်းရဲဒုက္ခ ခံနေရပုံကို ဒီလောက်ပြောရင် သဘောပေါက်လောက်ပါပြီ။ ကာမစ္ဆန္ဒကင်းနေတဲ့သူဟာ ကြွေးကင်းသူ ကြွေးဆပ်ပြီး သူနဲ့ တူပါတယ်။ သူတစ်ပါးအထံကနေ ကြွေးချေးယူပြီး ကုန် ကူးသန်းရောင်းဝယ်မှု လုပ်တဲ့သူဟာ အမြတ်အစွန်းရလာတော့ "ငါ့မှာ ကြွေးမြီရှိတော့ စိတ်ပူပန်နေရတယ်" လို့ တွေးတောကြံစည်ပြီး တင်ရှိနေတဲ့ကြွေးကို အကုန်အစင် ပေးဆပ်လိုက်တဲ့အခါ ပူပန်ကြောင့်ကြမှုကင်းပြီး စိတ်ချမ်းသာရပါတယ်။ ကြွေးရှင်ကလာပြီး ဆဲဆို ကြိမ်းမောင်း ကြွေးတောင်းမှာ၊ တရားစွဲဆိုပြီး ကြွေးတောင်းမှာကိုလည်း မကြောက်ရတော့ဘူးပေါ့။ ထို့အတူ ကာမစ္ဆန္ဒနီဝရဏကို ပယ်ပြီးတဲ့သူဟာလည်း ဘယ်လိုအာရုံနဲ့ပဲ ကြုံတွေ့ကြုံတွေ့ ကာမစ္ဆန္ဒတရားရဲ့ နှိပ်စက်မှုကို မခံရတော့ဘဲ ချမ်းချမ်းသာသာ တရားနှလုံးသွင်းနိုင်တာကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရလွယ်ပါတယ်။ အဆင့်မြင့်တဲ့နေစရာကို ရသွားပါတယ်။

ကာမစ္ဆန္ဒနီဝရဏကို မပယ်နိုင်သေးမီတုန်းကတော့ မြွေဘဝ၊ခွေးဘဝ၊နွားဘဝတွေမှာဖြစ်ရပြီး အသတ်အဖြတ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခံခဲ့ရသေးတယ်။ ဒါဟာ အဆင့်မြင့်တဲ့နေရာမှာ မနေရတဲ့ အတွက်ကြောင့် ဆင်းရဲဒုက္ခနဲ့ ကြုံတွေ့ရခြင်းပါပဲ။ ဒါကြောင့် ချမ်းသာခြင်းကို အလိုရှိသူမှန်သမျှဟာ ကာမစ္ဆန္ဒနီဝရဏကို ပယ်စွန့်ရပါ့မယ်။ ကာမစ္ဆန္ဒကို ပယ်စွန့်ဖို့ မြတ်စွာဘုရား က နည်းလမ်းတွေ များစွာ ပေးတော်မူထားပါတယ်။ နည်း လမ်းများစွာ ပေးထားတဲ့အထဲက ရှေးဦးစွာ ပစ္စဝေက္ခဏာဆင် ခြင်တဲ့နည်းလမ်းနဲ့ ပယ်ပုံကို ဟောပြပြောပြပါ့မယ်။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဆင်ခြင်၍သာမှီဝဲပါ

လူယောဂီတွေရော ရှင်ရဟန်းတွေပါ နေ့စဉ် စားဝတ်နေရေး ကျန်းမာရေးကိစ္စတွေ ရှိနေကြပါတယ်။ စားတဲ့သောက်တဲ့အခါမှာ "ငါ အခု စားသောက်နေတာတွေဟာ ရွာသူရွာသားငယ်တို့လို မြူးတူးပျော်ပါး ဆော့ကစားနိုင်ဖို့ စားနေတာမဟုတ်။ ငါ့မှာ အားရှိတယ်ဆိုပြီး မာန်ရစ်ဖို့ စားသောက်နေတာမဟုတ်၊ အရေအဆင်း လှပ တင့်တယ်ဖို့ ကိုယ်အင်္ဂါကြီးငယ် ပြည့်ဖြိုးလာဖို့ စားသောက်နေတာမဟုတ်၊ စင်စစ်တော့ ဒီခန္ဓာကိုယ်ကြီး အရှည်သဖြင့် တည်တံ့စေဖို့ ဆာလောင်မွတ်သိပ်မှု ပင်ပန်းမှုဒဏ်ကို ပယ်ဖျောက်ပြီး မြတ်စွာဘုရားရဲ့ အဆုံးအမတော်တွေကို လိုက်နာ ကျင့်သုံးနိုင်ဖို့ စားသောက်နေရတယ်" လို့ ဆင်ခြင်ရပါမယ်။

အဝတ်အထည်နဲ့ပတ်သက်ပြီးတော့ "ငါဟာ ဒီအဝတ်အထည်တွေကို ဝတ်နေတာ အပူဒဏ်၊ အအေးဒဏ်ကို ကာကွယ်ဖို့၊ မှက်ခြင်ယင်ကောင်တို့ရဲ့ ကိုက်ခဲမှုဒဏ်၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နေပူဒဏ်၊ လေတိုက်မှုဒဏ်တွေကိုကာကွယ်ဖို့၊ ရှက်စရာ ကြောက်စရာ အင်္ဂါကြီးငယ်တို့ကို ဖုံးလွှမ်းဖို့ ဝတ်ရုံနေတယ်၊ လှပဖို့ ကြွားကြွားဝါဝါလုပ်ဖို့ ဝတ်နေတာမဟုတ်ဘူး” လို့ ဆင်ခြင်ရပါမယ်။

မိမိတို့နေထိုင်နေရတဲ့ အိမ်တွေ ကျောင်းတွေ အဆောင်တွေနဲ့ပတ်သက်ပြီးတော့ “ငါဟာ အချမ်းအပူဒဏ်ကို ကာကွယ်ဖို့၊ မှက်၊ ခြင်၊ ယင်ကောင်၊ မြွေ၊ ကင်း၊ သန်းတို့ရဲ့ အတွေ့အထိတွေ အစရှိတဲ့ သဘောတွေကို ကာကွယ်ဖို့ ဥတုဘေးရန်ကို ကာကွယ်ဖို့ အဲဒီလို ဆင်းရဲမှုဒဏ်ကို တားဆီးပြီး မြတ်စွာဘုရားရဲ့အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးနိုင်ဖို့ မှီဝဲနေရတယ်လို့ နှလုံးသွင်းရပါတယ်။

ကျန်းမာရေးအတွက် ဆေးဝါးမှီဝဲတဲ့အခါ “ငါဟာ အခုလက်ရှိ ဖြစ်ပေါ်နေတဲ့ အခံခက်တဲ့ ရောဂါဒဏ်ကို သက်သာစေဖို့၊ နောင် ဖြစ်ပေါ်လာလတ္တံ့ ရောဂါတွေကို ဟန့်တားဖို့ ဒီဆေးဝါးကို မှီဝဲသုံးဆောင်ပါတယ်၊ ဒီလို မှီဝဲသုံးဆောင်ခြင်းကြောင့် ဖြစ်ပြီး ဖြစ်လတ္တံ့ ရောဂါတွေငြိမ်းပြီး မြတ်စွာဘုရားရဲ့အဆုံးအမတော်အတိုင်း ကျင့်သုံး လိုက်နာနိုင်အောင် ဒီဆေးဝါးကို မှီဝဲသုံးဆောင်ပါတယ်” လို့ ဆင်ခြင်ရပါမယ်။

အဲဒီလိုဆင်ခြင်ပြီး မှီဝဲ သုံးဆောင်တတ်တဲ့ အလေ့အကျင့်ရှိလာရင် စားဝတ်နေရေး ကျန်းမာရေးနဲ့ ပတ်သက်ပြီး ကာမစ္ဆန္ဒတွေ ဖြစ်ပေါ်ခွင့် မရတော့ပါဘူး။ ဆင်ခြင်မှုကင်းလို့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စားသောက် နေထိုင်မိတဲ့အခါ ကာမစ္ဆန္ဒဖြစ်ပေါ်လာရင် ဖြစ်စေ၊ မြင်မှု၊ ကြားမှု၊ နမ်းရှုမှု၊ စားသောက်မှု၊ ထိတွေ့မှု၊ တွေးတောမှုအခိုက်မှာ ကာမစ္ဆန္ဒဖြစ်ပေါ်လာရင်ဖြစ်စေ ယောဂီတို့ဟာ ဖြစ်ဆဲခဏမှာပဲ ဖြစ်ပေါ်နေတဲ့ စိတ်ကို ပြန်ပြီး သတိထား ရှုပွားရမှာဖြစ်ပါတယ်။ ဖြစ်ရင် ဖြစ်ခိုက်မှာပဲ ဖြစ်မှန်းသိရပါမယ်။ ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်းမှာ သတိ ထားပြီး ပစ္စုပ္ပန် တည့်တည့် ရှုပွားလိုက်ရင် ကာမစ္ဆန္ဒတရားရဲ့ ချုပ်ပျောက်မှု ကိုသိတဲ့ ဝိပဿနာဉာဏ် ဖြစ်ပေါ်လာပါလိမ့် မယ်။ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း ဒီလို ဆက်လက် ရှုပွား သွားမယ်ဆိုရင် ယောဂီတို့မှာ သတိပညာတွေ အားကောင်း လာပြီးတော့ ကာမစ္ဆန္ဒနီဝရဏ လုံးဝ ဖြစ်ခွင့်မရတဲ့ အခြေအနေ အထိရောက် သွားပါလိမ့်မယ်။

◆ ◆ ◆ ◆ ◆

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဒေါသဖြစ်လျှင်ရောဂါဝင်

ဗျာပါဒဆိုတာ ကိုယ်မနှစ်သက်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ အာရုံတွေနဲ့ ကြုံရတဲ့အခါ စိတ်ဆိုးစိတ်ပျက် စိတ်မချမ်းသာတဲ့သဘောပါ။ ဗျာပါဒနီဝရဏ စိတ်အစဉ်မှာ ဖြစ်လာရင် ရောဂါစွဲနေတဲ့လူနဲ့ တူပါတယ်။ ဥပမာ – သည်းခြေနာစွဲနေတဲ့ လူတစ်ယောက်ဟာ အင်မတန်ချိုဆိမ့်တဲ့ ပျားသကာနဲ့ရောထားတဲ့ အစားအစာကို ကျွေးပါသော်လည်း ခံတွင်းမတွေ့ဘဲ “ခါးတယ်၊ ခါးတယ်” လို့ဆိုပြီး ထွေးအန် ထုတ်ပစ်တတ်ပါတယ်။ ရောဂါမရှိခင်တုန်းကတော့ ချိုဆိမ့်တဲ့အရသာကို တယ်ပြီးကြိုက်တာကိုး၊ ရောဂါရလာတော့ အရသာကိုမတွေ့ဖြစ်နေတယ်။ အဝင်ဆိုးနေပါတယ်။

ဗျာပါဒတရား ဖြစ်ပေါ်နေတဲ့သူမှာ အကျိုးကိုလိုလားတဲ့ မိကောင်းဖကောင်း၊ ဆရာကောင်းသမားကောင်း၊ မိတ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကောင်းဆွေကောင်းတွေက နည်းလမ်းပြသ ဆိုဆုံးမပါသော်လည်း နာခံမှုမရှိဘဲ

"သင်တို့တစ်တွေဟာ ငါ့ကိုသိပ်ပြီးတော့နှိမ်တာပဲ၊ ငါ့ကို အရှက်ခွဲချင်ကြတယ်" စသည်ဖြင့် ပြန်လှန် ပြောဆိုတတ်ပါသေးတယ်။ သည်းခြေနာ စွဲကပ်နေတဲ့သူဟာ ပျားသကာတို့ရဲ့ ချိုမြိန်တဲ့အရသာကို မနှစ်သက်နိုင်သလို အမျက်ဒေါသဗျာပါဒတရား ဖြစ်ပေါ်နေတဲ့ သူဟာလည်း ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားတို့ရဲ့ အရသာကို မတွေ့နိုင်ပါဘူး။ ဒါကြောင့် အနာရောဂါနဲ့တူတဲ့ ဗျာပါဒတရားကို လက်မခံဘဲ ပယ်စွန့်ရမှာဖြစ်ပါတယ်။

ရောဂါဖြစ်ပေါ်လာရင် ဒီရောဂါကို မြန်မြန်ပျောက်အောင် ဆေးကုရပါတယ်။ ဗိုက်နာလာရင် ဗိုက်နာပျောက်အောင်၊ ခေါင်းကိုက်လာရင် ခေါင်းကိုက်ပျောက်အောင် သောက်စရာဆေးဟာလည်း အဆင်သင့် ရှိနေတယ်ဆိုရင် အဲဒီဆေးကို ချက်ချင်းပဲ သောက်သင့်ပါတယ်။ ဒီလိုမဟုတ်ဘဲ နောက်နေ့မှသောက်မယ်၊ နောက်လမှ သောက်မယ်ဆိုပြီး အချိန်တွေ ရွှေ့ဆိုင်းထားလိုက်ရင် ရောဂါကို ကြီးထွားလာအောင် ရောဂါရင့်အောင်၊ ရောဂါကျွမ်းအောင် စောင့်နေတာနဲ့တူပါတယ်။ ရောဂါကြီးထွားလာမှ ရောဂါရင့်မှ ရောဂါကျွမ်းမှ ဆေးကုသရင် ပျောက်ကင်းဖို့ မလွယ်ပါဘူး။ အသက်ပါသေသွားနိုင်ပါတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အဲဒီလိုပါပဲ၊ ယောဂီတို့ရဲ့စိတ်အစဉ်မှာ အမျက်ဒေါသ ဗျာပါဒ ဖြစ်ပေါ်လာရင် မြန်မြန် ပယ်ဖျောက်ပေးကြပါ။ ဘာဝနာတရား ပွားများပြီး ပယ်ဖျောက်ဖို့ပြောပါတယ်။ ချက်ချင်း မြန်မြန် မပယ်ဖျောက်သေးဘဲ၊ တရားဘာဝနာမပွား များသေးဘဲ၊ နေ့တွေ ရက်တွေ လတွေ ရွှေ့ဆိုင်းနေရင် ဗျာပါဒ တရား ကြီးထွား အားကောင်းလာပါလိမ့်မယ်။ ရောဂါပြင်း ပြင်းထန်ထန် ခံစားနေရတဲ့သူဟာ မှန်မြတ်တဲ့အရသာကို မြိန်မြိန်ရှက်ရှက် မသုံးဆောင်နိုင်သလို ဗျာပါဒတရား ကြီးထွားနေတဲ့သူဟာလည်း အကျိုးလိုလားကြတဲ့ မိကောင်း ဖကောင်း၊ ဆရာကောင်းသမားကောင်း၊ မိတ်ကောင်း ဆွေကောင်းတွေက ဘယ်လောက်ပဲ ကောင်းမွန်တဲ့တရား စကားကို ပြောဆိုဆုံးမနေနေ "ဒီလိုနေရတယ်၊ ဒီလိုထိုင်ရ တယ်၊ ဒီလိုဝတ်စားဆင်ယင်ရတယ်၊ ဒီလိုပြောဆိုရတယ်" စသည်ဖြင့် နည်းပေးလမ်းပြလုပ်ပေးရင်လည်း လက်မခံ ပါဘူး။

ရောဂါပျောက်ကင်းသွားရင် အရသာကောင်းတွေကို မြိန်ရှက်စွာ သုံးဆောင်နိုင်သလို ဒေါသဗျာပါဒ ကင်းနေသူ ဟာ မိဘ ဆရာသမား မိတ်ဆွေသင်္ဂဟတွေက အကျိုးလိုလား စွာနဲ့ "ဒီလိုနေ၊ ဒီလိုထိုင်" စသည်ဖြင့် နည်းပေးနေတာပါ လား" လို့ နားလည်ပြီး ကျေးဇူးတင်တတ်ကြပါတယ်။ ရောဂါ ရှင်ဟာ ဆေးဝါးသောက်သုံးရမှာ ပျင်းနေရင် အသက်ပါ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သေသွားနိုင်သလို၊ အမျက်ဒေါသ ဗျာပါဒဖြစ်နေသူဟာ လည်း သတိပဋ္ဌာန်ဆေးဝါးကို သောက်သုံးပြီး ကုသရပါ မယ်။ သတိပဋ္ဌာန်ဆေးဝါးနဲ့ မကုစားဘူးဆိုရင် မျက်မှောက် ဘဝမှာရော သံသရာမှာပါ အကျိုးဆုတ်ယုတ်မှုတွေ ဖြစ်လာတတ်ပါတယ်။ ဒေါသဗျာပါဒကို မထိန်းသိမ်းနိုင်ဘဲ ရိုက်နှက်မိ ရာကနေ သေသွားကြတာ၊ အဖမ်းအဆီး အချုပ် အနှောင် ခံရတာတွေ၊ ဆဲဆိုငြင်းခုံနေကြတာတွေဟာ ယနေ့ လောကကြီးမှာ အများကြီးပဲ ရှိနေပါတယ်။ ဒေါသဗျာပါဒ အခြေခံပြီးဖြစ်ရတဲ့ အကုသိုလ်ကံကြောင့် နောင်တမလွန် ဘဝအဆက်ဆက်မှာလည်း အပါယ်ဘုံမှာ ခံရဦးမှာပါ။ ဒါကြောင့် အမျက်ဒေါသ ဗျာပါဒ ဖြစ်ပေါ်လာရင် ဖြစ်မှန်းသိ အောင် သတိထားပြီး မြန်မြန် ပယ်ဖျောက်ကြပါ။

ဒေါသဗျာပါဒကြောင့် မျက်မှောက်ဘဝ တမလွန် ဘဝတွေမှာ ဆင်းရဲဒုက္ခ ကြုံတွေ့ခဲ့ရပုံ သာဓကတွေကို ဆင်ခြင်ပြီးတော့လည်း ပယ်ဖျောက်ကြရပါမယ်။ မေတ္တာ တရား ပွားများပြီးတော့လည်း ပယ်ဖျောက်ပစ်ရပါမယ်။ မေတ္တာဟာ ဒေါသဗျာပါဒရဲ့ ဆန့်ကျင်ဘက်ပါ။ ရေစိုနေတဲ့ ပစ္စည်းဝတ္ထုကို မီးမလောင်နိုင်သလို မေတ္တာတရား တည်းဟူသော အစိုဓာတ်ရှိနေတဲ့ သူတော်ကောင်းရဲ့စိတ် အစဉ်မှာလည်း ဒေါသ ဗျာပါဒဆိုတဲ့ မီး မတောက်လောင်နိုင် ပါဘူး။ အကောင်းဆုံးနည်းကတော့ ဒေါသဗျာပါဒ ဖြစ်ပေါ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လာရင် ဖြစ်ပေါ်လာတဲ့အခိုက်မှာ ဒေါသဗျာပါဒယှဉ်နေတဲ့ စိတ်ကို သတိထား ရှုပွားပြီးတော့ ပယ်လိုက်ခြင်းဟာ အကောင်းဆုံးပါပဲ။ ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း သတိထား ရှုပွားဖန်များလာရင် ဒီဒေါသဟာ ဖြစ်ခွင့်မရတော့ဘဲ ချုပ်ငြိမ်းသွားပါတယ်။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ထိုင်းမှိုင်းပျင်းရိအချုပ်ပြမိ

'ထိနမိဒ္ဓ' ဆိုတာကတော့ ထိုင်းမှိုင်းပျင်းရိမှုပါပဲ။ အလှူဒါနပြုရမှာ ပျင်းရိတယ်၊ ဥပုသ်သီတင်း ဆောက်တည်ရမှာ ပျင်းရိတယ်၊ ဘုရားဝတ်တက်ရမှာ ပျင်းရိတယ်၊ ဝေယျာဝစ္စအမှုတွေပြုရမှာ ပျင်းရိတယ်၊တရားနာသွားရမှာ ပျင်းရိတယ် တရားနှလုံးသွင်းရမှာ ပျင်းရိတယ်၊ အဲဒီလို ကုသိုလ်ရေးရာ နဲ့ ပတ်သက်ပြီး ပျင်းရိနေတာကို ထိနမိဒ္ဓလို့ ခေါ်ပါတယ်။ အချို့ကျတော့ ပင်ကိုက ကုသိုလ်အမှုမှာ ဝါသနာမပါသော်လည်း ပတ်ဝန်းကျင်က တိုက်တွန်းလို့ တရားနာမှု လက်တွေ့အားထုတ်မှုတွေ ပြုဖြစ်သွားကြတယ်။ ဒါပေမယ့် လို့ စိတ်မပါတော့ ပေါ့ပေါ့ဆဆ ဖြစ်နေတယ်။ အဲဒီလို ကောင်းမြတ်တဲ့ လုပ်ငန်းတွေမှာ ပေါ့ပေါ့ဆဆ ဖြစ်နေတာဟာ ထိနမိဒ္ဓပဲ။

ထိနမိဒ္ဓရှိနေသူဟာ အချုပ်အနှောင်ခံရတဲ့သူနဲ့ တူနေပါတယ်။ ဥပမာ – ဟောဒီ အနီးအနားတဝိုက်မှာ နာမည်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကျော်ကြားလှတဲ့ ဓာတ်ပွဲသဘင်ကြီး လာရောက် ကပြ အသုံးတော်ခံနေတယ်ဆိုပါတော့။ အဲဒီ ပွဲကနေတဲ့ အချိန်မှာ ပြစ်မှုလွန်ကျူးမိလို့ အဖမ်းအဆီး အချုပ်အနှောင် ခံနေရတဲ့သူဟာ ဒီဓာတ်ပွဲကြီး ကနေစဉ်မှာ အစပိုင်းမှာရော အလယ်ပိုင်းမှာရော အဆုံးပိုင်းမှာပါ မကြည့်ရှုလိုက်ရဘူးပေါ့။ ပွဲလမ်းသဘင်ပြီးဆုံးတဲ့အချိန် ပြစ်မှုလွန်ကျူးသူကလည်း အချုပ်ခန်းကနေထွက်လာရတယ် ဆိုပါစို့၊ အခြားအခြားလူတွေက

"မနေ့တုန်းက ပွဲကပြသွားတာ ကောင်းလိုက်တာကွာ၊ မင်းသားမင်းသမီးတွေရဲ့ ကကြိုးကကွက်ကလည်း တယ်ပြီးဆန်းကျယ်တာပဲ။ တီးတဲ့မှုတ်တဲ့လူတွေကလည်း တော်ကြပါတယ်။ ပြဇာတ်ကလည်း သဘာဝကျတယ်။ နောက်ပိုင်းဓာတ်ထုတ်ကလည်း ဆွဲဆောင်မှုအပြည့်ရှိတယ်" စသည်ဖြင့် ချီးကျူး ပြောဆိုနေကြသော်လည်း အချုပ်ခန်းကနေ ထွက်လာတဲ့သူကတော့ စကားတုံ့ပြန်ပြောဆိုတာ ဝေဖန်မှု ဆွေးနွေးမှုပြုတာ မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ပွဲလမ်းသဘင်ကို မကြည့်ရှုလိုက်ရတဲ့အတွက်ကြောင့်ပါပဲ။

ထိုနည်းတူပါပဲ၊ ထိနမိဒ္ဓတွေလွှမ်းပြီး ငိုက်မျဉ်းနေတဲ့သူဟာ ဘုန်းကြီးတို့က ဆန်းကြယ်နက်နဲတဲ့ သိမ့်မွေ့တဲ့ တရားစကားတွေကို ဘယ်လိုပဲဟောနေနေ တရားတော်ရဲ့ အစ အလယ် အဆုံး သုံးပါးလုံးကို သိရမှာမဟုတ်ပါဘူး။ တရားပွဲပြီးဆုံးသွားတဲ့အခါ တရားနာပရိသတ်တွေက

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

"တရားနာရတာ ကောင်းလိုက်တာ၊ ဥပမာ ဥပမေယျတွေနဲ့ ဟောပြသွားတာ အဓိပ္ပာယ်ကိုရှင်းနေတာပဲ၊ ပါဠိတော်ကို ရွတ်ဆိုလိုက်တာကလည်း နားထဲမှာရှင်းနေတာပဲ" စသည်ဖြင့် ချီးကျူး ပြောဆိုနေကြသော်လည်း ထိနမိဒ္ဓအနှိပ်အစက်ခံနေရတဲ့ သူဟာ ဒီစကားဝိုင်းမှာ ဝင်ရောက်ပြီး ဝေဖန် ဆွေးနွေးမှု မပြုနိုင်တော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ တရားနာစဉ်တုန်းက ထိနမိဒ္ဓ အနှိပ်စက်ခံနေရလို့ပါ။ ဒါကြောင့် ထိနမိဒ္ဓရှိတဲ့သူဟာ အဖမ်းအဆီး အချုပ်အနှောင် ခံနေရတဲ့သူနဲ့ တူတယ်လို့ဆိုတာပါ။

ထိနမိဒ္ဓ ပယ်ပြီးတဲ့သူကတော့ အချုပ်ခန်းကနေ လွတ်လာတဲ့သူနဲ့ တူပါတယ်။ ဇာတ်ပွဲသဘင် ကပြအသုံးတော်ခံတဲ့နေရာမှာ အချုပ်အနှောင်ခံနေရတဲ့သူဟာ အချုပ်ခန်းကနေ လွတ်လာတယ်ဆိုပါစို့၊ နောက်ထပ် ပြစ်မှုကလည်း မရှိဘူးဆိုတော့ အဖမ်းအဆီး အချုပ်အနှောင်ခံရဖို့ အကြောင်းကလည်း မရှိဘူးဆိုရင် ပွဲသဘင် ကပြနေတဲ့ အခိုက်မှာ "ဩော် ငါဟာ အရင့်အရင် ပွဲလမ်းသဘင် ဆင်ယင် ကျင်းပနေစဉ်တုန်းက ပြစ်မှုတစ်ခုကြောင့် အဖမ်းအဆီး အချုပ်အနှောင်ခံခဲ့ရတယ်။ ဒါကြောင့် ပွဲလမ်းသဘင်ရဲ့ အရသာကို မခံစားလိုက်ရဘူး။ အခုအချိန်မှာတော့ ငါ ကျကျနန ပွဲကြည့်လိုက်တော့မယ်။ အပြစ်မဖြစ်ရအောင် သတိထားနေမယ်။ ဒါမှသာ အဖမ်းအဆီး အချုပ်အနှောင် မခံရမှာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အဲဒီလိုဆင်ခြင်ပြီး ဇာတ်ပွဲကိုသွားကြည့်ပါတယ်။

ပွဲလမ်းသဘင်ရဲ့ အစမှာရော အလယ်မှာရော အဆုံးမှာပါ ကြည့်ရှုခွင့်ရတာကြောင့် "ဒီပွဲ တယ်ကောင်းတာပဲ၊ မင်းသားမင်းသမီးတွေသရုပ်ဆောင်သွားတာ တယ်တော်တာပဲ၊ အတီးအမှုတ်သမားတွေလည်း ပြောစရာမရှိဘူး" စသည်ဖြင့် ချီးကျူး ပြောဆိုနိုင်သလို ထိနမိဒ္ဓကိုပယ်စွန့်ပြီးတဲ့ ယောဂီဟာလည်း တရားတော်ရဲ့ အစ အလယ် အဆုံး သုံးပါးလုံးကို သေသေချာချာ နာယူ မှတ်သား ပွားများ ကျင့်ကြံရတာကြောင့် တရားတော်ရဲ့ အရသာကို ခံစား သုံးဆောင်ခွင့်ရပါတယ်။ အချုပ်ခန်းထဲမှာ ဆင်းဆင်းရဲရဲ နေခဲ့ရတဲ့ ဒဏ်ကို မခံရတော့ဘူးပေါ့။ ထိုနည်းတူ ယောဂီတို့ဟာလည်း ထိနမိဒ္ဓဆိုတဲ့ အချုပ်ခန်းကနေ လွတ်အောင် ကြိုးစားအားထုတ်ပြီး တရားတော်ရဲ့ အမြိုက်အရသာကို ခံစား သုံးဆောင်ကြစမ်းပါ။ ထိနမိဒ္ဓအချုပ်ခန်းကနေလွတ်မြောက်ချင်ရင်–

အစားအစာကို အလွန်အကျွံစားသောက်ခြင်းကနေ ရှောင်ကြဉ်ရပါမယ်။ ဣရိယာပုတ်အနေအထားကိုလည်း ပြောင်းလဲပေးရမယ်။ ထိုင်ရှုပွားနေစဉ် ထိနမိဒ္ဓလွှမ်းလာတဲ့ အခါ တင်ပျဉ်ခွေထိုင်နေရာကနေ မိန်းမထိုင် ကျုံ့ကျုံ့ထိုင် အဖြစ် ပြောင်းလဲပေးရတယ်။ သို့မဟုတ် ထိုင်ရာကနေ ထပြီးတော့ ရှုမှတ် ပွားများပေးရတယ်။ သို့မဟုတ် စင်္ကြံ လျှောက်ပြီး နှလုံးသွင်းအားထုတ်ရတယ်။ မှောင်မိုက်တဲ့နေရာကို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရှောင်ကြဉ်ပြီး အလင်းရောင်များများရတဲ့နေရာမှာ အားထုတ်ရတယ်။

အမိုးအကာနေရာကနေ ပယ်ခွာပြီး လွင်တီးခေါင်မှာ အားထုတ်ရတယ်။ ထိနမိဒ္ဓ ကင်းတဲ့သူနဲ့ ပေါင်းသင်း ဆက်ဆံရတယ်။ ထိနမိဒ္ဓပယ်ခြင်းနှင့် စပ်ယှဉ်တဲ့စကားမျိုးကိုလည်း ပြောရတယ်။ တရားအားထုတ်ဆဲ ယောဂီတို့ အနေနဲ့ကတော့ အားထုတ်နေစဉ် ထိနမိဒ္ဓဝင်ပြီး ပျင်းရိ ထိုင်းမှိုင်းလာတယ်ဆိုရင် အဲဒီ ပျင်းရိတဲ့စိတ်ကလေးကို ဖြစ်မှုပျက်မှုမြင်အောင် ရှုပွားပစ်လိုက်ရင် အကောင်းဆုံးပါပဲ။ ပျင်းရိ ထိုင်းမှိုင်းတဲ့ စိတ်ကလေး ပေါ်တိုင်းပေါ်တိုင်း ရှုမှတ်ပေးပါ။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ပျံ့လွင့်စိတ်ပူကျွန်နှင့်ကျူ

ဥဒ္ဓစ္စဆိုတာ ပျံ့လွင့်တဲ့သဘော၊ ကုက္ကုစ္စဆိုတာ ပူပန်တတ်တဲ့သဘောပါပဲ။ စိတ်ထဲကနေ တောင်တွေး မြောက်တွေး တွေးမိတွေးရာ တွေးနေတာကို ဥဒ္ဓစ္စဖြစ်တယ်။ ပျံ့လွင့်နေတယ်လို့ခေါ်ပါတယ်။

အပြစ်မကင်းတဲ့ အလုပ်ကိုလုပ်မိ၊ အပြစ်မကင်းတဲ့ အပြောကိုပြောမိပြီး ပြန်လည် တွေးတော ပူပန်နေရင် ကုက္ကုစ္စ လို့ခေါ်ပါတယ်။

ဥဒ္ဓစ္စကုက္ကုစ္စ စိတ်အစဉ်မှာ ဖြစ်နေရင် ကျွန်ခံနေရတဲ့ သူနဲ့ တူနေပါတယ်။ ပွဲလမ်းသဘင် ဆင်ယင် ကျင်းပပြီး ပျော်ပါးနေကြတဲ့အခါ ကျွန်ခံနေရတဲ့သူဟာ အရှင်သခင်ဖြစ် သူက အရေးကြီးကိစ္စရှိတဲ့အတွက်ကြောင့် –

"အမောင် ငါ့မှာ ဒီကိစ္စ ဆောင်ရွက်စရာရှိနေတယ်။ ဘယ်မြို့ဘယ်ရွာကို အခုချက်ချင်း သွားစမ်း၊ ငါပြောသလို မလုပ်ရင် သင့်ရဲ့ လက်တွေ ခြေတွေကိုလည်းဖြတ်ပစ်ရမယ်၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နားနှာခေါင်းကိုလည်း ဖြတ်ပစ်ရမယ်” စသည်ဖြင့် ပြောပြီး စေလွှတ်လိုက်တဲ့အခါ ကျွန်ဖြစ်သူဟာ မငြင်းဆန်ဝံ့ပဲ သွားရပါတယ်။ ပွဲလမ်းသဘင်မှာ အစရော အလယ်ရော အဆုံးမှာပါ ကြည့်ရှု ခံစား ပျော်ပါးခွင့် မရပါဘူး။ သူတစ်ပါးတို့ရဲ့ ကျေးကျွန်အဖြစ်မှ မလွတ်ကင်းတဲ့အတွက်ကြောင့် အခုလို ဖြစ်ရပါတယ်။

ကျွန်တို့မည်သည် အရှင်သခင်ခိုင်းတာကိုလုပ်၊ အရှင်သခင်ရဲ့ ထားရာမှာနေ၊ ကျွေးတာကိုစားရပါတယ်။ မိမိကိုယ်ကိုမိမိ မပိုင်ပါဘူး။ သွားချင်ရာလည်း မသွားရ၊ စားချင်ရာလည်း မစားရပါဘူး။ ကိုယ်ပိုင်အခွင့်အရေးတွေ ဆုံးရှုံးပါတယ်။ ဥဒ္ဓစ္စကုက္ကုစ္စကို ပယ်စွန့်ပြီးတဲ့သူကတော့ ကျွန်အဖြစ်ကနေ လွတ်ကင်းတဲ့သူနဲ့ တူပါတယ်။ ကျွန်အဖြစ်ကနေ လွတ်သွားပြီးရင် ကိုယ်လုပ်ချင်ရာကို သဘောကျ လုပ်နိုင်တယ်။ သွားချင်ရာကိုလည်း လွတ်လပ်စွာ သွားနိုင်တယ်။ တစ်စုံတစ်ယောက်က “ငါခိုင်းတာလုပ်၊ ငါထားရာမှာနေ၊ ငါကျွေးတာကိုစားလို့ ချုပ်ချယ် အနိုင်ကျင့်လို့” မရတော့ သလိုပါပဲ။ ဒါကြောင့် ဥဒ္ဓစ္စကုက္ကုစ္စ ဖြစ်ပေါ်လာရင် ပယ်ဖျောက်ပစ်ရမှာပါ။ စိတ်အစဉ်မှာ ဒီတရားတွေ ဖြစ်ပေါ်လာရင်ဖြစ်ပေါ်မှန်းသိ၊ သတိထား ရှုပွား ပယ်ဖျောက်ရပါမယ်။ရှုပွားဖန်များလာရင် ဥဒ္ဓစ္စကုက္ကုစ္စတွေ ဖြစ်ခွင့်မရတော့ပါဘူး။ စိတ်အစဉ်မှာ ငြိမ်းအေးပြီး အားထုတ်နေစဉ်မှာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တရားကြောင့်ဖြစ်ပေါ်လာတဲ့ ချမ်းသာမှုကို ကိုယ်တိုင် ခံစားလာရမှာဖြစ်ပါတယ်။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ယုံမှားဒွိဟ ကန္တာရ

ဘုရားစစ်ဘုရားမှန်၊ တရားစစ်တရားမှန်၊ သံဃာစစ် သံဃာမှန်နဲ့စပ်ပြီးတော့ ယုံမှားတာကို ဝိစိကိစ္ဆာလို့ခေါ်ပါ တယ်။ ဘုရားအစစ်ကို ဘုရားဟုတ်လေသလား၊ မဟုတ် လေသလား၊ မဂ်ဖိုလ် နိဗ္ဗာန်တရားစစ်ကို တရားဟုတ်လေ သလား၊ မဟုတ်လေသလား၊ အရိယသံဃာတော်တွေကို သံဃာအစစ် ဟုတ်လေသလား၊ မဟုတ်လေသလားလို့ ယုံမှား သံသယဖြစ်နေခြင်းကို "ဝိစိကိစ္ဆာ" လို့ခေါ်ပါတယ်။

လောကရေးရာနဲ့ ပတ်သက်ပြီး ယုံမှားသံသယဖြစ်နေ တာမျိုးကိုတော့ ဝိစိကိစ္ဆာလို့မခေါ်ပါဘူး။ ဝိစိကိစ္ဆာရှိတဲ့သူ ဟာ ကန္တာရခရီးကြမ်းကို ကူးသွားနေရတဲ့ သူနဲ့တူပါတယ်။ အစာရေစာရှားပါး၊ ခိုးသားဓားပြတွေပေါများလှတဲ့ ကန္တာရခရီးကြမ်းကို ကျော်ဖြတ် သွားလာတဲ့သူဟာ ခိုးသားဓား ပြတွေ လှုယက်နေတာကို မြင်ရရင်ဖြစ်စေ၊ ရိုက်နှက် သတ်ပုတ် တိုက်ခိုက်နေတာကို မြင်တွေ့ရရင်ဖြစ်စေ၊ သစ်ကိုင်းကျိုးကျ

တဲ့အသံ၊ ငှက်တွေ ပြေးလွှား ပျံသန်းနေတဲ့အသံကိုကြားရရင် ဖြစ်စေ –

"ငါ့ကို လုယက် သတ်ဖြစ်မည့်သူတွေ လာကုန်ပြီထင် တယ်" လို့ တွေးထင်မှုကြောင့် ဖြည်းဖြည်းချင်းသွားလိုက်၊ ရပ်နားပြီးတော့နေလိုက်၊ ရှေ့ဆက်သွားရတော့မလိုလို၊ ရပ်ပြီး တော့ပဲ နေရတော့မလိုလို မဆုံးဖြတ်နိုင်တာကြောင့် သွားပြီး တဲ့ ခရီးထက် မသွားရသေးတဲ့ ခရီးက ပိုပြီးတော့ များနေ တယ်။ အဲဒီလိုဖြစ်နေရင် ကိုယ်လိုတဲ့အရပ်ကို ရောက်ချင် လည်းရောက်မယ်။ မရောက်ချင်လည်းမရောက်ဘူးပေါ့။

ထိုနည်းအတူ တရားအားထုတ်နေကြတဲ့ ယောဂီတို့ ဟာလည်း ရတနာမြတ်သုံးပါးရဲ့အပေါ် မိမိတို့ကျင့်သုံးနေ တဲ့ ကိုယ်ကျင့်သိက္ခာရဲ့အပေါ်၊ ပဋိစ္စသမုပ္ပါဒ်တရားရဲ့ အပေါ်မှာ ဝေခွဲမရဘဲ "ဘုရားဆိုတာ ဟုတ်မှဟုတ်ရဲ့လား" စသည်ဖြင့် ယုံမှားသံသယဝင်ပြီး ပိုင်ပိုင်နိုင်နိုင် မဆုံးဖြတ် နိုင်တာနဲ့ဘဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရနိုင်တော့ပါဘူး။

အစာရေစာရှားပါး ခိုးသားဓားပြတွေ သောင်းကျန်း လှတဲ့ ကန္တာရခရီးကြမ်းကြီးသွားတဲ့သူဟာ "ဒီနေရာမှာ ခိုးသား ဓားပြသူပုန်တွေ ရှိများရှိလေမလား" စသည်ဖြင့် တွေးတော ကြောက်ရွံ့ပြီး သွားဖို့ရာ သင့်မသင့် မဆုံးဖြတ်နိုင်တာကြောင့် ကိုယ်ရောစိတ်ပါ တုန်လှုပ်ပြီး ဘေးကင်းတဲ့အရပ်ကို မရောက်နိုင်သလို ဝိစိကိစ္ဆာရှိနေတဲ့ ယောဂီဟာလည်း ရတနာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သုံးပါးရဲ့အပေါ်၊ အကျင့်သိက္ခာရဲ့အပေါ်မှာ "ဘုရားအစစ် အမှန်ဟုတ်ပါလေစ၊ ဒီအကျင့်ဟာ ချမ်းသာကြောင်း အကျင့် ဟုတ်ပါလေစ" စသည်ဖြင့် တွေးတော ယုံမှားပြီး မဆုံးဖြတ် နိုင်တာကြောင့် အတွင်းဘေး အပြင်ဘေးတွေ ကင်းရာဖြစ်တဲ့ အဆင့်အတန်းမြင့်တဲ့ အရိယာပုဂ္ဂိုလ်တို့ရဲ့နေရာကို မရောက် နိုင် ဖြစ်နေပါတယ်။ ဒါကြောင့် ဝိစိကိစ္ဆာရှိနေတဲ့သူဟာ အစာ ရေစာရှားပါးပြီး ခိုးသားဓားပြသူပုန်တွေသောင်းကျန်းလှတဲ့ ကန္တာရခရီးကြမ်းကြီးသွားနေရတဲ့သူနဲ့တူနေပါတယ်။

ဝိစိကိစ္ဆာကို ပယ်ပြီးတဲ့သူဟာ ဘေးရန်ကင်းတဲ့ အရပ် ကို သွားနေရတဲ့သူနဲ့တူပါတယ်။ ရန်သူကို တိုက်ခိုက် ချေမှုန်း နိုင်တဲ့ စွမ်းအားနဲ့ပြည့်စုံတဲ့သူဟာ ရွှေငွေကျောက်သံပတ္တမြား လက်ဝတ်တန်ဆာအစရှိတဲ့ လက်နဲ့ယူဆောင်လို့ရတဲ့ ဥစ္စာ မှန်သမျှကို ယူဆောင်ပြီး လက်နက် ခဲယမ်းမီးကျောက် ပရိသတ် အခြွေအရံအသင်းအပင်းနဲ့အတူ ကန္တာရခရီးကြမ်း ကြီးကို သွားတယ်ဆိုပါတော့။ အဲဒီလူကိုမြင်လိုက်ရတော့ ခိုးသားဓားပြတွေဟာ ကြောက်လန့်ပြီး ထွက်ပြေးကြပါတယ်။ အဲဒီ ခရီးသွားယောကျ်ားဟာ ကိုယ်လိုရာအရပ်ကို ဘေးရန် ကင်းရှင်းစွာနဲ့ ရောက်ရှိပြီးတဲ့အခါ ရွှင်လန်း နှစ်သက် ဝမ်း မြောက်မှုဖြစ်ရပါတယ်။ အဲဒီလိုပဲ ဝိစိကိစ္ဆာကင်းနေတဲ့ ယောဂီသူတော်စင်ဟာလည်း မိမိရဲ့အကျင့်လမ်းစဉ်တစ်

လျှောက် ဖြောင့်ဖြောင့်ဖြူးဖြူးရှိပြီး လိုလားတဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုလည်း လွယ်လင့်တကူ ရတော့တာပါပဲ။

အဲဒါကြောင့် ဝိစိကိစ္ဆာဟာ အကျင့်ကောင်းအကျင့်မြတ်ရဲ့ အန္တရာယ်ကို ပြုတတ်တဲ့ တရားပဲလို့ သဘောပေါက်ပြီး ဝိစိကိစ္ဆာကို ပယ်ဖျောက်ဖို့ရာ . . .

ပရိယတ္တိဗဟုသုတ များများရှိဖို့လည်းလိုပါတယ်။ ပရိယတ္တိဗဟုသုတ ကင်းမဲ့နေရင် ဒီအမှုဟာ အပ်စပ်လေသလား၊ မအပ်စပ်ဘူးလား၊ မှန်မှမှန်ပါ့မလားနဲ့ ယုံမှားသံသယတွေဝင်ပြီး လက်တွေ့လုပ်ငန်းစဉ်မှာ အလုပ်မဖြစ်ဘဲ အချိန်ကုန်နေတတ်ပါတယ်။

ရတနာသုံးပါးကို အကြောင်းပြုပြီး ပညာရှိပုဂ္ဂိုလ်တွေနဲ့ အဖန်ဖန် ဆွေးနွေး မေးမြန်းမှု ပြုရပါမယ်။ ပညာရှိနဲ့မဆွေးနွေးဘဲ မိမိဉာဏ်အမြင် တစ်ထွာတစ်မိုက်နဲ့ ဝေဖန်နေရင် မှန်ကန်တိကျတဲ့ အသိဉာဏ် မရနိုင်ပါဘူး။ အသိမှားတော့ အယူအဆလည်းမှားတယ်။ အကျင့်လည်း မှားယွင်းတော့တာပေါ့။ ရဟန်းတော်များအတွက် ဝိနည်းသိက္ခာပုဒ်မှာ၊ လူပုဂ္ဂိုလ်တွေအတွက် သက်ဆိုင်ရာ ငါးပါးသီလ၊ ရှစ်ပါးသီလတွေမှာ စောင့်ထိန်းပုံ စောင့်ထိန်းနည်း တတ်သိနားလည်ရမယ်။

ရတနာသုံးတန်နဲ့ ကံကံရဲ့အကျိုးတရား အပေါ်မှာ ယုံကြည်မှု သဒ္ဓါတရား ထက်သန်အောင် မွေးမြူရမယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သဒ္ဓါတရား အားကောင်းတဲ့ မိတ်ဆွေလည်းရှိရမယ်။ သဒ္ဓါတရားကင်းမဲ့တဲ့သူနဲ့ သွားပေါင်းမိရင် မိမိရဲ့သဒ္ဓါတရား တွေပါ ကျဆင်းသွားပြီး လက်တွေ့ကျကျ ကျင့်သုံးမှုတွေ လည်း ရှိမှာမဟုတ်တော့ပါဘူး။

ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးနဲ့စပ်ယှဉ်တဲ့ လျောက် ပတ်တဲ့ စကားကိုလည်း ပြောဆိုတတ်ရမယ်။ အဲဒီတရား ခြောက်မျိုးရှိနေတဲ့ ယောဂီဟာ ဝိစိကိစ္ဆာကို ပယ်စွန့်ဖို့ရာ လွယ်ကူပါတယ်။ သို့မဟုတ် ရတနာသုံးပါးနဲ့ ပတ်သက်ပြီး တော့၊ ကိုယ်ကျင့်သိက္ခာတရားနဲ့ပတ်သက်ပြီးတော့ ယုံမှားမှု ဝိစိကိစ္ဆာဖြစ်လာရင် ဒီ ဝိစိကိစ္ဆာတရားကို ဖြစ်ဆဲခဏမှာပဲ သတိထားပြီး ရှုမှတ် ပယ်ဖျောက်ရပါမယ်။ အဲဒီလို ရှုမှတ် ပယ်ဖျောက်ပစ်မယ်ဆိုရင်လည်း ဝိစိကိစ္ဆာဟာ တဖြည်းဖြည်း နဲ့ ကင်းပျောက်သွားမှာ ဖြစ်ပါတယ်။

အဲဒီလို နီဝရဏတရားငါးပါးကို ပယ်စွန့်လိုက်ရင် အဆင့်အတန်းမြင့်တဲ့ နေရာမှာ နေခွင့်ရဖို့ အခွင့်အရေးတစ်ခု ဖြစ်ပါတယ်။

◆◆◆◆◆

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ခြောက်ပါးဣန္ဒြေလုံပါစေ

အဆင့်အတန်းမြင့်တဲ့နေစရာကို ရရှိလိုတဲ့ သူတော်ကောင်းဟာ အင်္ဂါခြောက်ပါးနဲ့လည်း ပြည့်စုံရပါမယ်။

အဆင်းရူပါရုံကို မြင်ရတဲ့အခါမှာ လောဘကိလေသာတွေ၊ ဒေါသကိလေသာတွေ မဖြစ်ရလေအောင် ကျင့်သုံးရပါမယ်။ အခုခေတ်မှာ လူပေါင်းများစွာဟာ ကိုယ် နှစ်သက် မြတ်နိုးတဲ့ အာရုံကလေးတွေကို မြင်တွေ့ရတဲ့အခါမှာ လောဘကိလေသာနဲ့ ကပ်ငြိပြီး ဝမ်းသာကြတယ်။ ကိုယ်မနှစ်သက်တဲ့ အာရုံကို မြင်လိုက်ရရင် ဒေါသကိလေသာနဲ့ စိတ်ဆိုး စိတ်ပျက် စိတ်ညစ်ကြတယ်။ အဲဒီလို စိတ်ဟာ အာရုံရဲ့နောက်ကို ပါသွားပြီး ဂနာမငြိမ်ဖြစ်နေရင် အဆင့်အတန်းနိမ့်ကျသွားပါပြီ။ ဘာ့ကြောင့်လည်းဆိုတော့ မိမိရဲ့စိတ်အစဉ်မှာ အဆင့်နိမ့်တဲ့ ကိလေသာတွေ ဖြစ်ပေါ်နေလို့ပါ။ အချို့ဆိုရင် ကိုယ့်ထက် ရုပ်ရည်အဆင်း သာလွန်တဲ့သူ၊ စည်းစိမ်ကြီးမားတဲ့သူကို မြင်လိုက်ရရင် မနာလိုမှု ဣဿာတရားတွေလည်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြစ်ပေါ်လာပြန်ပါတယ်။ မကောင်းတဲ့တရားတွေဆိုတာ ပယ်ပစ်ရမှာပါ။

အဆင့်မြင့်မြင့်နေချင်ရင် အဆင့်အတန်းမြင့်တဲ့စိတ်ဓာတ်တွေ ကိန်းအောင်းနေဖို့လိုပါတယ်။ မြင်ဆဲခဏမှာဆိုရင် မြင်စရာအဆင်း ရူပါရုံရယ်၊ ဒီရူပါရုံကိုမြင်တတ်တဲ့ မြင်သိစိတ်ရယ် ရှိနေတာကို အရှုဉာဏ်ထဲမှာ ကွဲနေပါစေ။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဆိုတာ သူတစ်ခုတည်း ရပ်တည်လို့မရပါဘူး။ စက္ခုဝတ္ထုလို့ခေါ်တဲ့ မျက်စိအကြည်ဓာတ်ကို မှီပြီးဖြစ်ရတာပါ။ မျက်စိအကြည်ဓာတ်ကလည်း မျက်လုံး (သသမ္ဘာရစက္ခု) ကိုမှီပြီး ဖြစ်ရှိနေပါတယ်။ အချင်းချင်း အမှီပြုနေရတဲ့ အကြောင်းတွေ ပြည့်စုံလို့ ပေါ်ပေါက်လာရတာပါ။ မျက်စိအကြည်ဓာတ် ချွတ်ယွင်းပျက်စီးသွားရင်လည်း မြင်သိစိတ်ဆိုတာ ဖြစ်ပေါ်လို့မရပါဘူး။ ယောဂီတို့က ဘယ်လိုပဲ ဖြစ်ပေါ်စေချင်သော်လည်း ဖြစ်ခွင့်မရပါဘူး။ ကိုယ့်သဘောမပါဘဲ သူ့အကြောင်းအကျိုးညီညွတ်မှသာ ဖြစ်ခွင့်ရတယ် ဆိုတာကို သိထားပါ။

မျက်စိအကြည်ဓာတ်ရဲ့ အမှီပြုတည်ရာဖြစ်တဲ့ မျက်လုံးဟာလည်း သာမန် ပကတိမျက်စိနဲ့ကြည့်ရင် အသားဆိုင်ကြီးပါပဲ။ နည်းနည်း သတိထားပြီး အဲဒီအသားဆိုင်ကြီးကို ကြည့်လိုက်ရင် မာမှုပျော့မှုသဘော၊ ကြမ်းတမ်းမှု နူးညံ့မှုသဘော၊ ပူနွေးမှုအေးမှုသဘော ကလေးတွေပဲ တွေ့ရမှာပါ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရုပ်သဘောကလေးတွေပါ။ ဒီသဘောကလေးတွေကို သတိထားပြီး ဉာဏ်နဲ့ မြင်အောင် ရှုပွားရပါတယ်။ ပေါ်နေတဲ့ သဘောကလေးတွေရယ်၊ သိနေတဲ့အသိရယ် ဉာဏ်ထဲမှာ ကွဲကွဲပြားပြား တွေ့လာပါလိမ့်မယ်။ သိနေတဲ့ အသိစိတ်က လည်း သိတတ်တဲ့သဘောကလွဲလို့ ယောကျ်ားဆိုတာ၊ မိန်းမဆိုတာ၊ အသက်လိပ်ပြာဆိုတာ၊ အကောင်ဆိုတာ ဘာမှ မတွေ့ရပါဘူး။ အဲဒီသဘောကလေးတွေဟာ ပြောင်းလဲနေတဲ့ အနိစ္စသဘော ရှိပါလားဆိုတာကိုလည်း သိလာမှာပါ။ သတိထား ရှုပွားလာလေလေ အမှန်သဘောကို သိလေလေပါပဲ။

မြင်သိစိတ်ဆိုတာကလည်း မြင်စရာအဆင်း ရူပါရုံနဲ့ ကင်းပြီး မဖြစ်နိုင်ဘူးဆိုတာကိုလည်း အရှုဉာဏ်နဲ့ သိလာမှာပါ။ မြင်စရာ အာရုံအကြောင်းမရှိရင် မြင်သိစိတ်ကလေး ဖြစ်ပေါ်ခွင့်မရဘူးဆိုတာလည်း သိလာလိမ့်မယ်။ အဲဒီလို သဘောတွေကိုသိအောင် သတိထား ရှုပွားနေရင် မြင်မှုနဲ့ ပတ်သက်ပြီးတော့ လောဘတွေ ဒေါသတွေ ဣဿာမစ္ဆရိယ တွေ အစရှိတဲ့ အဆင့်အတန်းနိမ့်ကျတဲ့ တရားတွေဟာ ယောဂီတို့ရဲ့စိတ်အစဉ်မှာ ဖြစ်ခွင့် မရတော့ပါဘူး။ သတိ တရား ပညာတရားတွေ ထက်သန်ပြီးတော့လာမှာပါ။ တကယ်လည်း အာရုံတစ်ခုခုကို မြင်ခိုက်မှာ လက်တွေ့ကျကျ ရှုပွားကြပါ။ အဲဒီလို ရှုပွားနေရင်မြင်မှုနဲ့ ပတ်သက်ပြီးတော့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝမ်းသာမှု ကပ်ငြိမှု စိတ်ဆိုးစိတ်ပျက် စိတ်ညစ်မှုတွေလည်း မရှိတော့ဘဲ အဆင်းအာရုံကိုမြင်ရရင် မြင်သိစိတ်ဖြစ်ကာမျှပဲ အာရုံရဲ့ အဆိုးအကောင်းကို လျစ်လျူရှုပြီး နေနိုင်ပါတယ်။

ရဟန္တာပုဂ္ဂိုလ်များရဲ့ စိတ်ဟာ ဘယ်လောက်ပဲ ဆွဲငင်အားကောင်းတဲ့ အာရုံဖြစ်စေ ကပ်ငြိသာယာမှုလောဘ မဖြစ်တော့ပါဘူး။ စိတ်ပျက်စရာ စိတ်ညစ်စရာ ဆိုးရွားလှတဲ့ အာရုံနဲ့ ကြုံတွေ့ရသော်လည်း စိတ်ညစ်မှု မုန်းတီးမှုသဘောတွေ မဖြစ်တော့ပါဘူး။ အလယ်အလတ်သဘောထားနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အာရုံရဲ့ ဖြစ်မှုပျက်မှု အာရုံကိုသိတဲ့ အသိစိတ်ရဲ့ ဖြစ်မှုပျက်မှုသဘောကို ပိုင်ပိုင်နိုင်နိုင် သိနေလို့ပါ။ ယောဂီတို့လည်း အလေ့အကျင့်လုပ်ပြီး ရှုပွားနေရင် ဒီလိုပဲ ဖြစ်လာမှာပါ။အဲဒီလိုဖြစ်လာရင် မိမိရဲ့ နေထိုင်ခြင်းဟာ အဆင့်အတန်းမြင့်တဲ့ နေခြင်းပါပဲ။ အဆင့်အတန်းမြင့်မြင့် နေသူတို့ရဲ့ ဂုဏ်အင်္ဂါတွေ ရရှိလာပြီပေါ့။ ဘုန်းကြီးဟောညွှန်ပြနေတဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်လမ်းစဉ်အတိုင်း တကယ် ကျင့်သုံးလာရင် ဒီလိုအကျိုးတရားတွေကိုလည်း ကိုယ်တိုင် ရရှိလာမှာပါ။ လက်တွေ့ကျကျ စိတ်ပါပါနဲ့ တကယ် ကျင့်သုံးသွားဖို့ပဲ လိုပါတယ်။ ဘုန်းကြီးတို့ကလည်း မြတ်စွာဘုရား ဟောကြားထားတဲ့ နည်းလမ်းအတိုင်း ယောဂီတို့ကို ဟောပြနေတာပါ။ တကယ် ကျင့်ကြံလိုက်ရင် မိမိရဲ့စိတ်မှာ လောဘ ဒေါသ မောဟ ဣဿာ

မစ္ဆရိယအစရှိတဲ့ ယုတ်ညံ့တဲ့တရားတွေဟာ တဖြည်းဖြည်း အားနည်းသွားပါတယ်။ ကိုယ့်စိတ်ကို ပြန်ပြီးတော့ စစ်ဆေးကြည့်ကြပါ။ လောဘ ဒေါသ မောဟ ဣဿာ မစ္ဆရိယ တရားဆိုးတွေ အားကောင်းနေတယ်ဆိုရင် “ငါဟာ အဆင့်အတန်း နိမ့်ကျတဲ့သူပဲ” လို့မှတ်ချက်ချလိုက်ပါ။

စိတ်ဓာတ်တွေ စင်ကြယ်လာတာနဲ့အမျှ သတိအား၊ သမာဓိအား၊ ပညာအားတွေလည်း ကောင်းလာပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ် ဆိုက်လာမှာပါ။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဆိုက်လာရင် နိဗ္ဗာန်ကို ကိုယ်တိုင် မြင်လာမှာပါ။ မြတ်စွာဘုရားရဲ့ ကျေးဇူးကြောင့် အခုလို တရားတွေ သိခွင့်ရ ကိုယ်တိုင် ဓမ္မချမ်းသာကို ခံစားခွင့်ရလာတော့ မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတော်၊ တရားတော်ရဲ့ ဂုဏ်ကျေးဇူးတော်တွေ အပေါ်မှာ သက်ဝင် ယုံကြည်လာပါတယ်။ ကာယကံဒုစရိုက်၊ ဝစီကံဒုစရိုက်အမှုတွေ ဖြစ်နိုင်လောက်အောင် ကြမ်းတမ်းတဲ့ စိတ်တွေလည်း ကင်းစင်သွားပါတယ်။ ကိုယ်ကျင့်သီလတွေလည်း သိပ်ပြီးတော့ ဖြူစင်သွားပါတယ်။

မြင်မှုနဲ့ပတ်သက်ပြီးတော့ ကိလေသာမဖြစ်ရအောင် ရှုပွားရသလို ကြားမှု၊ နမ်းရှူမှု၊ စားသောက်မှု၊ ထိတွေ့မှု၊ တွေးသိမှုတို့မှာလည်း ကိလေသာ ဖြစ်ခွင့်မရလေအောင်၊ ဖြစ်ပေါ်လာတဲ့ ကိလေသာကိုလည်း ပယ်စွန့်နိုင်အောင် ကျင့်သုံးရပါမယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အသံတစ်ခုခုကို ကြားလိုက်ရရင် ဒီအသံရဲ့ တစ်လုံးချင်း တစ်လုံးချင်း ပျက်သွားတာကို သိအောင် သတိထားပြီး ရှုပါ။ ဒီလို အရှုဉာဏ်ဝင်နေရင်လည်း ကိလေသာ ဖြစ်ခွင့်မရပါဘူး၊ သို့မဟုတ် ယောဂီတို့ရဲ့ ကြားစိတ်ကလေးကိုလည်း သတိထားပြီး စိတ်နဲ့ရှုကြည့်ပါ။ အဲဒီလိုရှုလာရင်း ကြားတယ်ဆိုတာ "ငါကြားနေတာ၊ တစ်စုံတစ်ယောက်သော သတ္တဝါကြားနေတာမဟုတ်၊ အသံအာရုံကိုမှီပြီး ကြားစိတ် နာမ်သဘောကလေး ဖြစ်ပေါ်လာခြင်းမျှပဲလို့" ကိုယ်တိုင်သိလာမှာပါ။ ဒီသဘောကို သိနေရင်လည်း ကြားတဲ့အခိုက်မှာ ကိလေသာဖြစ်ခွင့် မရပါဘူး။ တစ်နည်းအားဖြင့် ကြားစိတ်ဖြစ်ပေါ်လာတဲ့အခိုက် "ဒီကြားစိတ်ဟာ သောတပသာဒခေါ်တဲ့ နားအကြည်ဓာတ်ကို အမှီပြုပြီး ဖြစ်ပေါ်လာရတယ်။ သောတပသာဒကလည်း သသမ္ဘာရသောတ (နားရွက်အသားဆိုင်) ကိုမှီပြီး ဖြစ်ရတယ်။ အဲဒီအမှီခံဖြစ်တဲ့ နားရွက်မှာလည်း ပူနွေးမှု၊ အေးမှု ဆိုတဲ့သဘော၊ မာမှုပျော့မှုသဘော၊ ကြမ်းတမ်းမှု နူးညံ့မှုသဘော၊ တင်းမာမှု လျော့ရဲမှုသဘော ကလေးတွေ စုပေါင်းပြီးတော့ ဖြစ်တည်နေတယ်။ ဒီသဘော ကလေးတွေကလည်း အမျိုးမျိုးအဖုံဖုံ ပြောင်းလဲပျက်စီး ချုတ်ယွင်းနေတယ်" ဆိုတာကို ဉာဏ်နဲ့သိအောင် သတိထား ရှုပွားနေမယ်ဆိုရင်လည်း ကြားမှုကိစ္စနဲ့ ပတ်သက်ပြီး ကိလေသာဝင်ခွင့်မရတော့ နားဣန္ဒြေလုံခြုံသွား

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တာပေါ့။

အနံ့အာရုံကို ရှုရှိုက်မိတဲ့အခါမှာလည်း ကိလေသာ မဖြစ်ရလေအောင် ရှုပွားတတ်ရပါမယ်။ အနံ့ကိုနမ်းရှုရတဲ့ အခိုက် ဒီအနံ့ကလေးဟာ ပိုပြီးတော့ စူးရှလာလိုက်၊ တော်တော်ကြာ အရှိန်လျော့သွားလိုက်နဲ့ ပြောင်းလဲနေတာကိုလည်း သတိထားကြည့်ရင် တွေ့ရပါလိမ့်မယ်၊ သို့မဟုတ် ဒီအနံ့အာရုံက တခြား၊ အနံ့ကို သိနေတဲ့ နံ့သိစိတ်က တခြား ဆိုတာကိုလည်း အရှုဉာဏ်ထဲမှာ ကွဲနေပါစေ။ နံ့သိစိတ်ဆိုတာဟာလည်း အနံ့အာရုံရှိလို့ ဖြစ်လာတာ၊ အနံ့အာရုံနဲ့ နံ့သိစိတ်ဟာ အကြောင်းအကျိုး ဆက်သွယ်နေပုံကိုလည်း သိပါစေ။ နံ့သိစိတ်ဟာ ဃာနပသာဒလို့ခေါ်တဲ့ နှာခေါင်း အကြည်ဓာတ်ကိုမှီပြီး ဖြစ်ရပါတယ်။ နှာခေါင်းအကြည်ဓာတ်ဟာလည်း သသမ္ဘာ ရဃာနလို့ခေါ်တဲ့ နှာခေါင်းဖု အသားဆိုင်အတွင်းမှာ တည်နေရပါတယ်။ အဲဒီနှာခေါင်းမှာလည်း သေသေချာချာ သတိထားကြည့်ရင် ပူနွေးမှုအေးမှု သဘော၊ ကြမ်းမှုနူမှုသဘော၊ မာမှုပျော့မှုသဘော၊ တင်းမှု လျော့မှုဆိုတဲ့ သဘောတရားကလေးတွေ ပေါင်းစုပြီးတော့ နေပါတယ်။ ဒီသဘောကလေးတွေကိုလည်း ပိုင်ပိုင်နိုင်နိုင် တွေ့အောင် သေသေချာချာ စေ့စေ့စပ်စပ် ရှုပွားသွားကြစမ်းပါ။ နံ့သိစိတ်ကလေးကလည်း အသစ်ပေါ်လာပြီး နောက် အနံ့တစ်မျိုးပြောင်းရင် နံ့သိစိတ်ကလေးလည်းတစ်မျိုး အသိ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြစ်ပေါ်လာတာ တွေ့ရပါလိမ့်မယ်။ နံ့သိစိတ်ကို သေသေ ချာချာ သတိထားပြီးကြည့်ရင် အကောင်အထည် ပုံသဏ္ဌာန် အထီးအမဆိုတာ မတွေ့ရဘဲ သဘောမျှပဲဆိုတာ သိလာပါ တယ်။ နံ့သိစိတ်ကလေး ဖြစ်နေစဉ် ရုတ်တရက် မြင်စရာ သို့မဟုတ် ကြားစရာ အာရုံတစ်မျိုးပေါ်လာရင် အသစ်ပေါ် လာတဲ့ မြင်စိတ်ကြားစိတ်ကလေးတွေကို တွေ့မြင်ရပြီး နံ့သိစိတ် ချုပ်ပျောက်သွားတာကိုလည်း သိလာမှာပါ။ နံ့သိဆဲခဏမှာ အဲဒီလို ရှုပွားနေမယ်ဆိုရင် ယောဂီတို့ဟာ အနံ့အာရုံတွေ နံ့သိစိတ်တွေကိုမှီပြီး လောဘ ဒေါသအစရှိတဲ့ ကိလေသာတွေ ဖြစ်ခွင့်မရတော့ပါဘူး။ ဃာနိန္ဒြေ လုံခြုံသွား ပြီပေါ့။ ဒီလို အမြဲရှုပွားနေရင် တစ်နေ့ထက်တစ်နေ့ ပိုပြီး တော့ ချမ်းသာသုခတွေကို ရရှိလာမှာ ဧကန်ပါပဲ။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဣန္ဒြေလုံကာ ချမ်းသာရ

စားသောက်နေစဉ်မှာလည်း ကိလေသာမဖြစ်ရလေအောင် ဇိဝှိန္ဒြေ (လျှာဣန္ဒြေ) ကို ထိန်းသိမ်းရပါမယ်။ သတိပညာနဲ့ မထိန်းသိမ်းရင် စားနေသောက်နေရင်း ကိလေသာဝင်လာတတ်ပါတယ်။ ချို ချဉ် စပ် ဖန် ငံ ခါး အရသာ ခြောက်တန်ဟာ ဇိဝှာပသာဒခေါ်တဲ့ လျှာအကြည်ဓာတ်နဲ့ ပေါင်းဆုံမိတော့ ချိုတာကိုသိတယ်။ ချဉ်တာ၊ စပ်တာ၊ ဖန်တာ၊ ငံတာ၊ ခါးတာကိုသိတယ်ဆိုတဲ့ စားသိစိတ် (ဇိဝှာဝိညာဏ်) ဖြစ်ပေါ်လာပါတယ်။ ဒီစားသိစိတ်ဟာ အရသာသဘောကြောင့် ပေါ်လာတာပါ။ အရသာဓာတ် မရှိရင် စားသိစိတ် ဖြစ်မလာပါဘူး။ အရသာဓာတ် ရှိပင်ရှိသော်လည်း ဇိဝှာပသာဒ (လျှာအကြည်) ရုပ်ဝတ္ထုမရှိရင်လည်း ဖြစ်ပေါ်လာမှာ မဟုတ်ပါဘူး။ ဒီသဘောကိုသိပါစေ။

စားနေရင်း ဝါးနေရင်း အရသာဓာတ်ကလေးက ပိုပြီးတော့ ရူးရှ ထင်ရှားလာတာ၊ အရှိန်လျော့သွားတာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကလေးတွေကိုလည်း သိအောင် သတိထားပြီးတော့ ရှုပါ။ အရသာကို သိတာကလည်း တစ်စုံတစ်ယောက်က သိတာ မဟုတ်ပါဘူး။ သေသေချာချာ သတိထားကြည့်ရင် စားသိစိတ် နာမ်သဘောကလေး ပေါ်နေတာပါပဲ။ စားနေ ဝါးနေစဉ်မှာ တစ်စုံတစ်ခုကို သွားပြီး စိတ်ကူး စဉ်းစားမိတဲ့အခိုက် စားသိ စိတ်ကလေး ချုပ်နေတာ ဖြစ်ခွင့်မရတာကိုလည်း တွေ့ရပါ လိမ့်မယ်။ အရသာကို သေသေချာချာ အာရုံပြုပြီး စားမှ စားသိစိတ်ကလေးက ထင်ရှားပါတယ်။ အရသာဓာတ်ကို စားပြီးတဲ့အခါမှာ ဒီအရသာကို ခံစား သိရှိနေတဲ့ အသိစိတ် ကလေးလည်း မရှိတော့တာကို သိရပါလိမ့်မယ်။ ဒီလိုရှုရင် အနိစ္စလက္ခဏာ ထင်လာပြီပေါ့။ စားသိစိတ်ဟာ မှီရာ အကြောင်းမရှိဘဲ ဖြစ်လို့မရပါဘူး။ ဇိဝှာပသာဒခေါ်တဲ့ လျှာအကြည် ရုပ်ဝတ္ထုကို အမှီပြုပြီးမှ ဖြစ်ရတာပါ။ ဇိဝှာ ပသာဒဟာလည်း လျှာကို အမှီပြုပြီး ဖြစ်ရတာပါ။ ဒီလျှာကို လည်း သတိထားရှုကြည့်ပါ။ လျှာဖျားကလေးမှာ တုန်နေ တဲ့သဘောကလေးတွေ ပူနွေးနေတာကလေးတွေ၊ တင်းနေ တာကလေးတွေ၊ စီးကပ်ကပ်ဖြစ်နေတာကလေးတွေ၊ ကြမ်းနေ တာ နူးညံ့နေတာ ကလေးတွေ၊ ချွဲပြစ်ပြစ်ဖြစ်နေတဲ့ သဘော ကလေးတွေစသည်ဖြင့် ရှိနေပါတယ်။ ဒီလိုရုပ် သဘော ကလေးတွေ ပေါင်းစုပြီးမှ လျှာဆိုတာ ဖြစ်လာတာပါ။ ဒီ သဘောကလေးတွေလည်း အမျိုးမျိုးအဖုံဖုံ ပြောင်းလဲ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပြီးတော့ ပေါ်နေပါတယ်။ ဒီသဘောတွေကို ကွဲကွဲပြားပြားသိရလေအောင် သတိထား ရှုပွားနေရင် စားဆဲခဏမှာ ကိလေသာ မဝင်တော့ပါဘူး။ ဓိဝိုဋ္ဌေ (လျှာ ဣဋ္ဌေ) လုံခြုံသွားတော့တာပေါ့။

ယောဂီတို့ရဲ့ ကိုယ်ကာယမှာ နေ့စဉ် ပူမှု၊ အေးမှု၊ နာမှု၊ ကြင်မှု၊ မာမှု၊ ပျော့မှု၊ ကြမ်းမှု၊ နူးညံ့မှု၊ တင်းမှု၊ လျော့မှု၊ ညောင်းညာမှု၊ လေးလံမှု၊ ပေါ့ပါးမှု အစရှိတဲ့ သဘောကလေးတွေနဲ့ ထိတွေ့နေရပါတယ်။ အဲဒီလို အခါမျိုးမှာ ပစ္စုပ္ပန်တည့်တည့် ဖြစ်ပေါ်နေဆဲ ပူမှုအေးမှုအစရှိတဲ့ သဘောကလေးတွေရယ်၊ ဒီသဘောကလေးတွေကို သိနေတဲ့ အသိစိတ်ရယ် ကွဲကွဲပြားပြား အရှုဉာဏ်ထဲမှာ ပေါ်ပါစေ။ ပေါ်နေဆဲ သဘောကလေးတွေရဲ့ပြောင်းလဲ ပျက်စီးသွားတဲ့ သဘော၊ အသိစိတ်ကလေးရဲ့ ပြောင်းလဲ ပျက်စီးသွားတဲ့ သဘော ကလေးတွေကိုလည်း ဉာဏ်ထဲမှာ ထင်အောင် ကြိုးစားပြီးတော့ ရှုပါ။ ဒီလို ဖြစ်ခိုက် ဖြစ်ဆဲမှာ သတိထားပြီး အသိတရားနဲ့ ရှုနေရင် ကိုယ်ကာယပေါ်မှာ ဖြစ်ပေါ်နေတဲ့ ပူမှုအေးမှု အစရှိတဲ့ ထိတွေ့မှုအာရုံတွေကို မှီပြီးတော့ လောဘ ဒေါသ ကိလေသာတရားတွေ ဖြစ်ခွင့် မရတော့ပါဘူး။ အဲဒီတော့ ကာယိန္ဒြေ လုံခြုံသွားတယ်ပေါ့။

ယောဂီတို့ရဲ့စိတ်ဟာ အာရုံနဲ့ကင်းပြီးတော့ မနေပါဘူး။ အာရုံ တစ်ခုမဟုတ်တစ်ခုခုကို တွေးကြံသိပြီးတော့

နေပါတယ်။ မြင်စရာ ကြားစရာ နမ်းရှူစရာ စားစရာ ထိတွေ့စရာတွေမရှိတဲ့ အချိန်မှာဆိုရင် အတွေးကိုယ်စီနဲ့ နေတတ်ကြပါတယ်။ အချို့ကျတော့ ကုသိုလ်ကိစ္စမှာ တွေးနေတတ်တယ်။ အချို့ကျတော့ အကုသိုလ်ရေးကိစ္စတွေမှာ တွေးနေတတ်ကြပါတယ်။ တစ်ခါတစ်ရံ တွေးပြီး အတွေးအာရုံမှာ ကပ်ငြိမှု သာယာမှုလောဘစိတ်ကလေးတွေ ဖြစ်ပေါ်နေတတ်ပါတယ်။ တစ်ခါတစ်ရံတော့လည်း တွေးနေရာကနေ မကျေနပ်ချက်တွေ မနှစ်သက်မှုတွေကို အကြောင်းပြုပြီး ဒေါသစိတ် ဖြစ်ပေါ်လာတာလည်း ရှိပါတယ်။ ဣဿာမစ္ဆရိယတွေ ဖြစ်လာတာလည်း ရှိပါတယ်။ အဲဒီလိုဆိုရင် ဒီစိတ်ဟာ က္ကန္ဒြေမရှိတော့ဘူးပေါ့။ အဲဒီစိတ်တွေ ဖြစ်တဲ့အခိုက်မှာ ယောဂီတို့ဟာ စိတ်ကို ပြန်ပြီး သတိထား ရှုရပါမယ်။ အဲဒီအခါ လောဘဖြစ်ရင်လည်း ဖြစ်မှန်းသိလာပါတယ်။ ဒေါသတို့ ဣဿာတို့ မစ္ဆရိယတို့ ဖြစ်လာရင်လည်း ဖြစ်မှန်းသိလာပါတယ်။ အမှန်သိတဲ့စိတ် အရှုဉာဏ်ကလေး နေရာယူလိုက်တော့ ရှေ့ကဖြစ်နေတဲ့ လောဘ ဒေါသ ဣဿာ မစ္ဆရိယတို့ ဖြစ်ခွင့်မရတော့ပါဘူး။ အဲဒါဟာ ကိလေသာကို အရှုဉာဏ်နဲ့ တဒင်္ဂ ပယ်လိုက်တာပါပဲ။ အဲဒီလို ရှုဖန်များ ပယ်ဖန်များလာရင် ကိလေသာတွေ ဖြစ်ခွင့်မရတော့တဲ့အတွက်ကြောင့် စင်ကြယ်တဲ့စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ မနိန္ဒြေ (စိတ်က္ကန္ဒြေ) လုံခြုံသွားပြီပေါ့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အဲဒီလို မြင်မှု ကြားမှု နမ်းရှုမှု စားသောက်မှု ထိတွေ့မှု တွေးကြံမှုတွေ ဖြစ်တိုင်းဖြစ်တိုင်းမှာ ပစ္စုပ္ပန် တည့် တည့် သတိထား ရှုပွားနေတဲ့ ယောဂီဟာ ဣန္ဒြေ ခြောက်ပါး လုံခြုံသွားပါတယ်။ ကိလေသာတွေ ကင်းစင်ပြီး စိတ်ဓာတ် တွေ ကြည်လင် လာတာကြောင့် ချမ်းသာသုခကို လည်းရရှိ လာမှာဖြစ်ပါတယ်။ အဲဒီလို ချမ်းသာမှုရလာရင် အဆင့်မြင့် မြင့် နေရပြီပေါ့။ မျက်မှောက်ဘဝမှာလည်း တရား သဘောနဲ့ အညီ နေထိုင်ကျင့်သုံးတက်လာပါတယ်။ စိတ် အစဉ်မှာ အဆင့်အတန်းနိမ့်တဲ့ အကုသိုလ်တရားတွေ ဖြစ်ခွင့်မရ တော့ပါဘူး။ ဒီလို အမြဲ သတိပညာရှိပြီး နေ့စဉ် ကျင့်သုံး သွားရင် တစ်နေ့ထက်တစ်နေ့ ပိုပြီးတော့ ချမ်းသာသုခ ရရှိလာမှာ ဧကန်ပါပဲ။ ဒါကြောင့် အဆင့်အတန်းမြင့်တဲ့နေရာ (အရိယဝါသ)မှာ နေလိုတဲ့ သူတော်ကောင်းဟာ ဣန္ဒြေ ခြောက်ပါးမှာ လောဘ ကိလေသာ၊ ဒေါသကိလေသာ အစရှိတဲ့ တရားဆိုးတွေ မဝင်ရအောင် ထိန်းသိမ်းဖို့ မြတ်စွာ ဘုရားက ဟောကြားတော်မူခဲ့ပါတယ်။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# အစောင့်ရှိကာမီတော်ချရ

အဆင့်အတန်းမြင့်မြင့်နေလိုတဲ့ သူဟာ အစောင့်အရှောက်နဲ့လည်း ပြည့်စုံရပါမယ်။ ကိုယ့်ခန္ဓာမှာ ဘယ်လို အခြေအနေတွေပဲဖြစ်နေနေ သတိထားပြီး ရှုနေရပါတယ်။ တကယ်တမ်းအားဖြင့် စိတ်ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း သတိ အစောင့်အရှောက် ရှိနေတာကတော့ ရဟန္တာပုဂ္ဂိုလ်ပါပဲ။ ရဟန္တာများဟာ ကာယကံအမှု၊ ဝစီကံအမှု၊ မနောကံအမှု တိုင်းမှာ သတိလွတ်ကင်းပြီး လုပ်မိတာ၊ ပြောမိတာ၊ ကြံမိတာ တွေ မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ သတိအစောင့် အရှောက် ပြည့်ပြည့်စုံစုံ ရှိနေလို့ပါ။

ရဟန္တာများမှာ သတိအစောင့်အရှောက် ကောင်း တယ်ဆိုတာ ရဟန္တာဖြစ်လို့ သတိက အလိုလို ပေါ်ပေါက် လာတာ ပြည့်စုံလာတာမဟုတ်ပါဘူး။ ပုထုဇဉ်ဘဝ ကတည်းက စပြီး သတိပြည့်စုံအောင် လေ့ကျင့်ထားလို့ပါပဲ။ လေ့ကျင့်မှုကောင်းတော့ သတိပြည့်စုံလာတယ်။ သတိ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပြည့်စုံတော့ ရဟန္တာဖြစ်လာတယ်လို့ နားလည်ကြပါ။ တစ်နည်းပြောရရင် ရဟန္တာမဖြစ်မီ အနာဂါမ်ဘဝနဲ့ ကတည်းက သတိအားတွေ ပြည့်စုံအောင် အားထုတ်ခဲ့ပါတယ်။ ရဟန္တာဖြစ်လာတော့ အနာဂါမ်ပုဂ္ဂိုလ်ထက် သတိအား ပိုကောင်းလာတာပေါ့။ အနာဂါမ်ဖြစ်တာကလည်း သကဒါဂါမ်ပုဂ္ဂိုလ်ဘဝမှာ သတိအားကောင်းအောင် အားထုတ်ခဲ့လို့ပါပဲ။ သကဒါဂါမ်ဖြစ်တာလည်း သောတာပန်ဘဝတုန်းက သတိအားတွေ ကောင်းအောင်အားထုတ်ခဲ့လို့ပါပဲ။ ဒါကြောင့် သကဒါဂါမ် ပုဂ္ဂိုလ်ဟာ သောတာပန်ပုဂ္ဂိုလ်ထက် သတိအားတွေ ပိုကောင်းနေတာပေါ့။ သောတာပန်ဖြစ်လာရတာကလည်း ပုထုဇဉ်ဘဝမှာအားထုတ်ခဲ့လို့ပါ။ သောတာပန်ဖြစ်လာတော့ ပုထုဇဉ် ဘဝမှာထက် ပိုပြီးတော့ သတိအားတွေ ကောင်းလာတာပေါ့။

သတိဆိုတဲ့ တရားဟာ စိတ်ကို ထိန်းသိမ်း စောင့်ရှောက်တတ်တဲ့ သဘောရှိပါတယ်။ သတိအားကောင်းလာရင် ကာယကံဒုစရိုက်၊ ဝစီကံဒုစရိုက်၊ မနောကံဒုစရိုက်တွေလည်း တဖြည်းဖြည်း ကင်းလာပါတယ်။ သောတာပန်ပုဂ္ဂိုလ်ဟာ အဆင်း အသံ အနံ့ အရသာ အတွေ့အထိ အာရုံတွေရဲ့ အပေါ်မှာ ကပ်ငြိသာယာမှု တဏှာကတော့ ရှိပါသေးတယ်။ စိတ်ဆိုး စိတ်ညစ် စိတ်ပျက်တယ်ဆိုတဲ့ ဒေါသတရားလည်း ရှိနေပါသေးတယ်။ သို့သော်လည်း အဲဒီ လောဘ ဒေါသ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တွေဟာ အပါယ်ဘုံရောက်စေနိုင်လောက်အောင် စွမ်းအား မရှိတော့ပါဘူး။ ဒေါသရှိပင် ရှိသော်လည်း သူတစ်ဖက်သား ကို သတ်ဖြတ်နိုင်လောက်အောင် အစွမ်းမထက်တော့ပါဘူး။ အဲဒီတော့ အကုသိုလ် စေတနာအင်အားတွေလည်း လျော့ နည်းသွားပါတယ်။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲဆိုတော့ သတိရဲ့ ထိန်းသိမ်းမှုစွမ်းအားတွေ ကြီးမားလာလို့ပါ။ ယောဂီတို့လည်း အခု လက်တွေ့ကျကျ အားထုတ်လာတဲ့ အခါ သတိစွမ်းအားတွေ ကြီးမားလာရင် ကာယကံဒုစရိုက်၊ ဝစီကံဒုစရိုက်၊ မနောကံဒုစရိုက်တွေ လျော့နည်းသွားတာ ကိုယ်တိုင်ပဲ သိလာမှာပါ။

တရားအားမထုတ်ဘဲ ဖြစ်ကတတ်ဆန်း နေတဲ့သူဆို ရင် သတ်မယ်ဖြတ်မယ် ခိုးဝှက်မယ်၊ ဆဲဆိုမယ်ဆိုတာ ရှိပါ သေးတယ်။ တရားအားထုတ်တဲ့ ယောဂီမှာတော့ လောဘ စိတ်ဖြစ်လာရင် သတိက နောက်ကလိုက်ပြီးတော့ ထိန်းပေး ပါတယ်။ သတိ အစဉ်မကွာ လိုက်လာတာကြောင့် လောဘ ဒေါသတို့ရဲ့ အရှိန်အဟုန်တွေ လျော့နည်းသွားပါတယ်။ ဒီလို သတိကောင်းလာအောင် တကယ် ကြိုးစား အားထုတ်ရပါ တယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ခြောက်ပါး သော ဒွါရကနေ ပေါ်ရာပေါ်ရာ ရုပ်နာမ်သင်္ခါရတရားတွေကို သတိထား ရှုမှတ်နေရပါတယ်။ ဒီလို အလေ့အကျင့် လုပ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထားရင် တဖြည်းဖြည်း ရုပ်တရား၊ နာမ်တရားတွေရဲ့ လက္ခဏာကို အကုန် သိလာတော့တာပါပဲ။

လျှောင်း၊ ထိုင်၊ ရပ်၊ သွား၊ ဣရိယာပုတ်လေးပါးလုံးမှာ သတိထားပြီး ရှုပွားနေရပါတယ်။ စပြီးတော့ ရှုပွားအားထုတ်စဉ်မှာတော့ အရှုခံတရားအပေါ်မှာ စိတ်တည်ငြိမ်မှုရအောင်ကိုပဲ တော်တော် သတိထားနေရပါတယ်။ အလေ့အကျင့် အားကောင်းလာရင် အရှုခံကတခြား၊ အရှုဉာဏ်ကတခြား ရှုနေရင်း ကွဲပြားလာပါတယ်။ အရှုခံ ရုပ်နာမ်တွေရဲ့ ချုပ် ပျောက်သွားတာ၊ အရှုစိတ်ကလေးတွေရဲ့ ချုပ်ပျောက်သွားတာကိုလည်း သိမြင်လာပါတယ်။ ကြာလေကြာလေ ထင်ထင်ရှားရှား သိလာလေပါပဲ။ အဲဒီလို ဖြစ်ပြီး ပျက်တတ်တဲ့ လက္ခဏာကလေးကို မြင်ဖန်များလာတော့ ခိုင်မြဲတဲ့ နိစ္စလက္ခဏာရှိတဲ့ တရားပါလားလို့ မစွဲလမ်းတော့ပါဘူး။ ကောင်းလိုက်တဲ့ခန္ဓာကြီးပဲ၊ ချမ်းသာတဲ့ခန္ဓာကြီးပဲဆိုပြီးတော့လည်း မစွဲလမ်းတော့ပါဘူး။ ငါစိုးငါပိုင်တဲ့ ခန္ဓာကြီးပဲဆိုပြီးတော့လည်း မစွဲလမ်းတော့ပါဘူး။ နှလုံးသွင်းမှန်ကန်လာပါတယ်။ အဲဒီလို နှလုံးသွင်း မှန်ကန်လာတာနဲ့အမျှ မိမိရဲ့ စိတ်အစဉ်မှာ စွဲငြိနေတဲ့ ကိလေသာ အပူဓာတ်တွေဟာလည်း ကင်းစင်ပြီးတော့ ချမ်းသာသုခကို ခံစားလာရမှာဖြစ်ပါတယ်။ ဒါကြောင့် စိတ်အစဉ်မှာ သတိအစောင့်ချထားဖို့ ရှင်တော်ဗုဒ္ဓက ဟောကြား ညွှန်ပြထားတာဖြစ်ပါတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သတိထား ရှုပွား အားထုတ်တဲ့နည်းမှာ ဘုန်းကြီးက တော့ ယောဂီတို့ သိလွယ်တဲ့နည်းနဲ့ ပြသထားပါတယ်။ မိမိတို့ မွေးကတည်းကနေ သေတဲ့အထိ အသက်ရှူသွင်းရှူ ထုတ်မှုဆိုတာ ကိုယ်စီ ပြုနေကြပါတယ်။ အဲဒီ အသက်ရှူ သွင်းရှူထုတ်ခိုက်မှာ ဖြစ်ပေါ်နေတဲ့ ဝင်လေထွက်လေရဲ့ သဘောကလေးကို ရှုရမှာပါပဲ။ ဝင်လေဝင်တဲ့ အခိုက်၊ ထွက်လေထွက်တဲ့ အခိုက်မှာ ဝင်တိုင်းထွက်တိုင်း သတိထား နေရင် လေကလေးရဲ့ အေးတဲ့သဘော၊ နွေးတဲ့သဘော၊ တိုးမှုထိမှုဆိုတဲ့ သဘောကလေးဟာ ယောဂီတို့ရဲ့ နှာခေါင်း ဖျားမှာ ပေါ်ပေါ်ပြီးလာတာ တွေ့ရပါလိမ့်မယ်။ အချို့ကျ တော့ ယောဂီတို့ ရဲ့ အထက်နှုတ်ခမ်းဖျားမှာ ပေါ်နေတာကို သိရပါတယ်။ အချို့ကျတော့ အာခေါင်ထဲမှာ ပေါ်နေတာ ထင်ရှားပါတယ်။ အချို့ဆိုရင် အသက်ရှူသွင်းရှူထုတ်တဲ့ အခိုက်မှာ လည်ပင်းလည်ချောင်းထဲမှာ ထင်းကနဲပေါ်လာ တာ တိုးထိသွားတာ တိုက်သွားတာကလေး ထင်ရှားနေပါ တယ်။ အချို့ကျတော့ ဝမ်းဗိုက်မှာ တင်းကနဲဖြစ်ပေါ်လာတာ လျော့ဆင်းသွားတာကို တွေ့ရပါတယ်။ ထင်ရှားရာမှာသာ အသိကပ်ပြီး ရှုပွားနေပါ။

အဲဒီလို ရှုပွားနေစဉ် အရှုခံ အာရုံကလေးရဲ့ ပေါ်လာ ပြီးတဲ့ နောက် ချုပ်ပျောက်သွားတာကိုလည်း သိလာပါတယ်။ အရှုစိတ်ကလေးရဲ့ ချုပ်ပျောက်သွားတာကိုလည်း သိလာပါ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တယ်။ တဖြည်းဖြည်းနဲ့ ခေါင်း ခါး ခြေလက်အစရှိတဲ့ အထည်ဒြပ်တွေ သဏ္ဌာန်တွေ ဘာမှ မတွေ့ရတော့ပါဘူး။ အသိကပ်လိုက်တဲ့နေရာမှာ အပျက်ကိုပဲ တွေ့ရပါတော့တယ်။ အပျက်ကို တွေ့မြင်လာလေ သတိအားကောင်းလေပါပဲ။ သတိအားကောင်းလာလေ အပျက်ကိုမြင်လေပါပဲ။ အဲဒီတော့ ယောဂီရဲ့စိတ်အစဉ်မှာ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာ ခိုးသားဓားပြတွေ ဝင်ရောက်ခွင့်မရတော့ပါဘူး။ သဒ္ဓါသီလအစရှိတဲ့ သူတော်ကောင်းတရားတွေကို ကိလေသာ ခိုးသားဓားပြတွေက ဝင်ရောက် ဖျက်ဆီးလို့ မရတော့ဘူးပေါ့။ အရှုဉာဏ်ရင့်လာလေ သတိအားကောင်းလေပါပဲ။ မဂ်ဉာဏ်ဖိုလ်ဉာဏ် မဆိုက်မီ ပုထုဇဉ်အဖြစ်နဲ့တောင် သတိအားကောင်းလာတယ်ဆိုတော့ သောတာပန်အဆင့် ရောက်သွားရင် ပိုပြီးတော့ အားကောင်းလာပြီပေါ့။ အဲဒီကနေ အထက်ကို သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဆင့်ရောက်သွားပြီဆိုရင် သတိအစောင့်အရှောက် ပိုပြီးတော့ ပြည့်စုံလာပြီပေါ့။

ဂိုဒေါင်ကြီးတစ်ခုထဲမှာ အဖိုးတန်တဲ့ရတနာတွေ သိုမှီး သိမ်းဆည်းထားတယ်ဆိုပါတော့။ အဲဒီဂိုဒေါင်ကြီးကို လျစ်လျူရှုပြီး ပစ်ထားလို့ မဖြစ်ပါဘူး။ အစောင့်အရှောက်တွေ သေသေချာချာ ချထားရပါမယ်။ အစောင့်အရှောက်မရှိရင် သို့မဟုတ် အစောင့်အရှောက်က ပေါ့ပေါ့ဆဆ နေသွားခဲ့ရင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခိုးသားဓားပြတွေက အဖိုးတန်ရတနာတွေကို ခိုးယူသွား တတ်ပါတယ်။ ဂိုဒေါင်ကြီးကိုလည်း ဖျက်ဆီးသွားတတ် ပါတယ်။ အဲဒီနည်းတူပါပဲ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီဩတ္တပ္ပလို့ခေါ်တဲ့ သူတော်ကောင်းဥစ္စာ ရတနာတွေကို သိမ်းထားတဲ့ ယောဂီတို့ရဲ့ စိတ်အစဉ်မှာလည်း သတိဆိုတဲ့ အစောင့်အရှောက် ချထားဖို့လိုပါတယ်။ သတိမရှိဘဲနေရင် သို့မဟုတ် သတိ သိပ်ပြီး အားနည်းနေရင် သူတော်ကောင်း ဥစ္စာ ရတနာတွေကို ကိလေသာ ခိုးသားဓားပြတွေက ဝင် ရောက်ပြီး ဖျက်ဆီးသွားပါလိမ့်မယ်။ အဲဒီလိုဆိုရင် ပုထုဇဉ် ဘဝကနေ သောတာပန်အစရှိတဲ့ အရိယာပုဂ္ဂိုလ်အဖြစ်ကို တက်လှမ်းလို့ မဖြစ်တော့ပါဘူး။ သောတာပန်မဖြစ်ရင် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ်သို့လည်း ရောက်မှာ မဟုတ်ပါဘူး။

◆◆◆◆◆

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# လုပ်ငန်းခွင်မှာသေရော

ဒါကြောင့် ယောဂီတို့ဟာ မြင်မှု၊ ကြားမှု၊ နမ်းရှူမှု၊ စားသောက်မှု၊ ထိတွေ့မှု၊ တွေးကြံမှုတွေ ဖြစ်တိုင်းဖြစ်တိုင်း သတိဆိုတဲ့ အစောင့်ချပြီး ရှုပွားနေရပါမယ်။ ရှုပွားမှုအလေ့အကျင့်ကောင်းလာရင် သတိတွေလည်း အားကောင်းလာပါလိမ့်မယ်။ သတိအားကောင်းလာရင် အာရုံအပေါ်မှာ စိတ်ရဲ့တည်ငြိမ်မှု သမာဓိစွမ်းအားတွေလည်း ကောင်းလာပါတယ်။ သမာဓိအားကောင်းလာရင် အသိဉာဏ်တွေလည်း အားကောင်းလာပါလိမ့်မယ်။ ယောဂီတို့ကိုယ်တိုင် အားထုတ်တော့ ဒီသဘောတွေကို ကိုယ်တိုင်ပဲ သိနေရပြီမဟုတ်လား။ ရှုနေရင်းအရှုခံအာရုံလည်း ဘာမှမကျန်တော့ဘဲ ပျက်သွားတာ အရှုစိတ်လည်း ပျက်သွားတာတွေကို သိလာပါလိမ့်မယ်။ အဲဒီအခါ စိတ်ဓာတ်တွေလည်း ပိုပိုပြီးတော့ ပျက်သွားတာတွေကို သိလာပါလိမ့်မယ်။ ဒါဟာ သတိဆိုတဲ့ အစောင့်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အရှောက်နဲ့ပြည့်စုံလို့ သတိအစောင့်အရှောက်ကောင်းလို့ ရရှိလာတဲ့ အကျိုးတရားပါပဲ။ ကြာလေကြာလေ ခန္ဓာမှာ သိစရာတွေ များလာလေပါပဲ။ အသိဉာဏ်တွေလည်း ရင့်ကျက်လာတော့တာပေါ့။ လောဘ၊ ဒေါသ၊ မောဟ၊ သောက ပရိဒေဝ အစရှိတဲ့ တရားတွေ ကင်းစင်ပြီး ငြိမ်းချမ်းမှု ချမ်းသာကို လက်တွေ့ကျကျ ခံစားလာရမှာပါ။ အဆင့် အတန်းမြင့်တဲ့နေစရာကို ရသွားတော့တာပေါ့။

ကိလေသာ အပူဓာတ်တွေနဲ့ နေရတာကို အဆင့် အတန်းနိမ့်တဲ့ နေခြင်းလို့ခေါ်ပါတယ်။ တစ်သံသရာလုံးမှာ ဘုန်းကြီးတို့ယောဂီတို့ဟာ အဆင့်အတန်းနိမ့်နိမ့်နဲ့ နေခဲ့ကြ ရပါတယ်။ ဒါကြောင့် အခုလက်ရှိ ပစ္စုပ္ပန်ဘဝမှာ အခွင့် ကောင်းတုန်း အဆင့်မြင့်မြင့်နဲ့ နေထိုင်နိုင်ကြရလေအောင် ကြိုးစားရမှာဖြစ်ပါတယ်။ အရိယာပုဂ္ဂိုလ်များ အဆင့်မြင့်မြင့် နဲ့ နေထိုင်သွားကြရတယ်ဆိုတာဟာ မိမိတို့ရဲ့ ယုံကြည်မှု သဒ္ဓါ၊ အားထုတ်မှု ဝီရိယ၊ အဆင့်အတန်းမြင့်မြင့်နေထိုင်လို တဲ့ ဆန္ဒတွေကို အရင်းအနှီးလုပ်ပြီး ကြိုးစားသွားကြလို့ပါ။ ယောဂီတို့ဟာလည်း ယုံကြည်မှုသဒ္ဓါ၊ အားထုတ်မှုဝီရိယ၊ အဆင့်အတန်းမြင့်မြင့်နေလိုတဲ့ ဆန္ဒတွေကို အရင်းတည်ပြီး ကြိုးစားသွားကြရင် အရိယာပုဂ္ဂိုလ်များလိုပဲ အဆင့်အတန်း မြင့်မြင့်နဲ့ နေသွားကြရမှာပါ။ တကယ် နည်းလမ်း မှန်မှန် ကန်ကန်နဲ့ အားထုတ်တဲ့ယောဂီဟာ အရိယာပုဂ္ဂိုလ်တို့ရဲ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဉာဏ်အမြင်ကို မရသေးသော်လည်း လက်ရှိ ဝိပဿနာဉာဏ်ကြောင့် ပစ္စုပ္ပန်ဘဝမှာလည်း ချမ်းသာအောင် နေတတ်လာပါတယ်။ နှလုံးသွင်း မှန်ကန်နေတာကြောင့် သေသည့်ရဲ့ အခြားမဲ့မှာ အပါယ်ဘုံရောက်မှာလည်း ကြောက်စရာမလိုတော့ပါဘူး။

ခန္ဓာမှာ ပစ္စုပ္ပန်ကာလ ပေါ်ရာပေါ်ရာကို သတိကပ်ပြီး ရှုပွားနေတော့ ရှုကွက်အာရုံကို တမင်သက်သက် လိုက်မရှာရတော့ဘဲ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ရုပ်နာမ်သဘောတွေ ဖြစ်ပေါ်ဆဲမှာ အလိုလိုရှုမှတ်ပြီးဖြစ်သွားပါတယ်။ သေခါနီးအချိန် ပြင်းပြင်းထန်ထန် ရောဂါတွေဖြစ်လာ ပြီဆိုရင်လည်း တရားအားမထုတ်ဘူးတဲ့ သူအဖို့ နှလုံးမသွင်းတတ်တာကြောင့် အပြင်းအထန် အလူးအလဲ ခံရပါတယ်။ အလေ့အကျင့်ရှိပြီး နှလုံးသွင်းတတ်တဲ့ ယောဂီအဖို့မှာတော့ ဖြစ်ပေါ်နေဆဲ ရောဂါရဲ့ဆင်းရဲမှုသဘောကိုလည်း အလိုလို ရှုပြီးသား ဖြစ်သွားပါတယ်။ အဲဒီတော့ နှလုံးသွင်း မှန်ကန်ပြီး သေရမှာလည်း ကြောက်စရာမလိုတော့ဘူးပေါ့။ အချို့ဆိုရင် ခန္ဓာမှာ သတိထား ရှုပွားနေရင်း မိမိကိုယ်ကို သေတာတောင် သေမှန်းမသိဘဲ နတ်ဘုံမှာ တရားဆက်လက်ပြီး ရှုမှတ် ပွားများနေတာတောင်ရှိပါတယ်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ် အခါက ရဟန်းတော်တစ်ပါးဟာ တောကျောင်းတစ်ကျောင်းမှာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သီတင်းသုံးပြီး တရားအားထုတ်နေပါတယ်။ ထိုင်ခြင်း၊ ရပ်ခြင်း၊ စင်္ကြံသွားခြင်းဆိုတဲ့ ဣရိယာပုတ်သုံးပါးနဲ့ အားထုတ်ပါတယ်။ လျောင်းခြင်းဣရိယာပုတ်ကို အသုံးမပြုပါဘူး။ တရားကို တကယ်ယုံကြည်၊ တကယ်မြတ်နိုး၊ တကယ်အားထုတ်လာပြီပေါ့။ တကယ်အားထုတ်လာတဲ့အခါ ဝိပဿနာဉာဏ်ကြောင့် ဖြစ်ပေါ်လာတဲ့ ချမ်းသာသုခကိုလည်း ခံစားရရှိလာပါတယ်။ စားရေးသောက်ရေးကို အလေးမထားတော့ပါဘူး။ "ဒီခန္ဓာကိုယ်ကြီးကို ကျွေးမွေးခဲ့တာ ဘဝပေါင်းများလှပြီ" လို့ သဘောပေါက်ထားပါတယ်။ အဲဒါကြောင့်ဆွမ်းခံတဲ့အခါမှာလည်း လေးငါးလုတ်စာလောက်ရရင်ကျောင်းပြန်လာပါတယ်။ နေသာထိုင်သာရှိအောင် အားထုတ်လို့ဖြစ်အောင် စားရရင် တော်ပြီဆိုတဲ့စိတ် ရှိနေလို့ပါ။ စားပြီးတာနဲ့ တရား နှလုံးသွင်းတော့တာပါပဲ။

အစားအသောက်အတွက်နဲ့ အချိန်ကုန်မခံတော့ပါဘူး။ တရားတော်ကို လိုလားတဲ့ ဆန္ဒကလည်း ပြင်းထန်နေတယ်။ နေ့တွေရက်တွေ ကြာညောင်းလာတော့ ခန္ဓာကိုယ်မှာအာဟာရဓာတ်တွေ ချို့တဲ့လာပြီပေါ့။ ကံ စိတ် ဥတု အာဟာရ ဆိုတဲ့ အကြောင်းတရားလေးပါးနဲ့ အထောက်အပံ့ပြုပြီး ရပ်တည်နေရတဲ့ ရုပ်ခန္ဓာကြီးဟာ အကြောင်းတရားတစ်ပါး ချို့တဲ့သွားရင် ကျန်တဲ့ အကြောင်းတရားတွေကတာရှည်တည်တံ့အောင် မထောက်ပံ့နိုင်ပါဘူး။ ခြေထောက်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လေးချောင်းရှိတဲ့ စားပွဲတစ်လုံးဟာ ခြေထောက်တစ်ချောင်း ကျိုးပဲ့သွားရင် နည်းနည်းကလေး ပွတ်မိ တိုက်မိလိုက်တာနဲ့ လဲကျသွားနိုင်ပါတယ်။ အဲဒီလိုပဲ အကြောင်းတရားလေးပါး ပေါင်းစု ပြုပြင် ထောက်ပံ့လို့ ဖြစ်လာရတဲ့ ဒီခန္ဓာကိုယ်ကြီး ဟာလည်း အကြောင်းတရားတစ်ပါးပါး ချွတ်ယွင်းသွားရင် တဖြည်းဖြည်းနဲ့ ပျက်စီးရတော့တာပါပဲ။

တောနေရဟန်းတော်ဟာ တရားအားထုတ်မှုလုပ်ငန်း ကို နေ့စဉ်မပြတ် တရစပ် ပြုလုပ်နေပါတယ်။ တစ်ညဉ့်သော အခါမှာတော့ သန်းခေါင်ယံအချိန် ကမ္မဋ္ဌာန်းကျောင်းပေါ်မှာ စင်္ကြံကြွရင်း တရားရှုမှတ်နေပါတယ်။ ဝမ်းထဲမှာလည်း အစာကမရှိပါဘူး။ စင်္ကြံကလည်း ကြွနေတော့ လေနာထပြီး လာပါတယ်။ ဖြစ်လာတဲ့ လေနာရောဂါကို သည်းခံပြီး ဆက်လက် အားထုတ် ရှုပွားနေတာ မကြာမီမှာ လေနာက ပိုပြင်းထန်လာပြီး လေသင်တုန်းရိုက်ထည့်လိုက်တာ အဲဒီ ကိုယ်တော် စင်္ကြံကြွ တရားရှုမှတ်နေရင်းနဲ့ပဲ ပျံတော်မူသွား ပါတယ်။ သတိပဋ္ဌာန် အလုပ်လုပ်ရင်း သေသွားရင် ဘယ်သူ့ ကိုမဆို လုပ်ငန်းခွင်မှာ သေတယ်လို့ ခေါ်ပါတယ်။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# အသေတတ်အောင် သတိဆောင်

သတိပဋ္ဌာန်အလုပ်မပါဘဲ ကာမဂုဏ်အာရုံတွေအတွက် ချွေးတလုံးလုံးနဲ့ လုပ်ရင်းကိုင်ရင်း သေသွားရင်တော့ လုပ်ငန်းခွင်မှာ သေတယ်လို့မခေါ်ပါဘူး။ အလုပ်လက်မဲ့နဲ့ သေတယ်လို့ ခေါ်ပါတယ်။ ပျံလွန်တော်မူသွားတဲ့ တောကျောင်းကိုယ်တော်ဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရသေးပါဘူး။ ပုထုဇဉ်ဘဝနဲ့ပဲ ပျံလွန်တော်မူသွားပါတယ်။ နည်းလမ်းမှန်မှန်ကန်ကန်နဲ့ အားထုတ်ပင်အားထုတ်သော်လည်း သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ ဣန္ဒြေငါးပါးက မရင့်ကျက်သေးတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရမသွားပါဘူး။ သေပြီးနောက် တာဝတိံသာ နတ်ဘုံဗိမာန်ကြီးထဲမှာ နတ်သားဘဝနဲ့ စကြံ့ လျှောက်လျက်သား ဖြစ်နေပါတယ်။ လူ့ပြည်ကနေ သေပြီး နတ်ပြည်မှာ ဖြစ်တဲ့သူတွေဟာ လူပြည်မှာ ထိုင်လျက်သေသွားရင် နတ်ပြည်မှာလည်း ထိုင်လျက်သား ဖြစ်ရပါတယ်။ မတ်တပ်ရပ်လျက် သေသွားရင် မတ်တပ်ရပ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လျက်ပဲ ဖြစ်ပါတယ်။ လျှောင်းနေရင်းသေသွားရင် လျှောင်းလျက်သား ဖြစ်ရပါတယ်။ စင်္ကြံလျှောက်ရင်း သေရင်တော့ စင်္ကြံလျှောက်လျက်သား ဖြစ်ရပါတယ်။

အခု ဒီနတ်သားကတော့ စင်္ကြံလျှောက်လျက်သား ဖြစ်ရပါတယ်။ ဗိမာန်ရှင်နတ်သားဟာ ကုသိုလ်ကံကြောင့် ဖြစ်လာရတယ်ဆိုတော့ သူ့မှာ ဖျော်ဖြေပေးမည့်အခြွေအရံ နတ်သမီးတွေကလည်း အများကြီးပဲ။ နတ်သမီးတွေက တီးကြ၊ ဆိုကြ၊ ကကြ၊ ခုန်ကြ ပြုလုပ်နေကြတယ်။ နတ်သား ကတော့ သူ့ကိုယ်သူ ဘုန်းကြီးပဲလို့ မှတ်ထင်နေတယ်။ နတ်သမီးတွေရဲ့ သီဆိုတီးမှုတ်သံတွေကို ကြားရတဲ့အခါ "ငါ့ကျောင်းနားမှာ ဘယ်ကကောင်မတွေက ဆူညံ ဆူညံ လုပ်နေကြပါလိမ့်" လို့ တွေးပြီး ညည်းတွားနေပါတယ်။ အသံတွေက တဖြည်းဖြည်း ပိုပြီး နီးကပ်လာတော့ နတ်သား ဟာ "ငါ့ကိုယ်ဝတ်သင်္ကန်းတွေ သပ်သပ်ယပ်ယပ် ပြင်လိုက် အုံးမှာပဲ" လို့ ဆင်ခြင်ပြီး ခြုံထားတဲ့ နတ်ဝတ်ပုဆိုးကို ဘုန်းကြီး များ အပေါ်ရုံ သင်္ကန်းကို ရမ်းသလို သေသေသပ်သပ် ဖြစ် အောင် ပြင်ဆင် ရမ်းလိုက်ပါတယ်။ သူ့ရဲ့ရုပ်ပုံကိုလည်း သူ ပြန်မကြည့်ဘူး။ တရားအာရုံမှာ စိတ်က ကျုံနစ်နေလို့ပါ။

ဣန္ဒြေကြီးမားစွာနဲ့ စင်္ကြံကြွရင်း တရားနှလုံးသွင်းနေ တဲ့ နတ်သားကိုမြင်ရတော့ နတ်သမီးတွေက–

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

"အင်း ဒီလောကဲ ကြီးမားတဲ့ နတ်သားဟာ ဘုန်းကြီးဘဝကနေလာတာဖြစ်မှာပဲ" လို့ မှတ်ချက်ချလိုက်ပါတယ်။ ဒါကြောင့် –

"အို အရှင်နတ်သား၊ အရှင်ရောက်နေတဲ့ နေရာဟာ ကမ္မဋ္ဌာန်းကျောင်းမဟုတ်ဘူး၊ နတ်ဗိမာန်ကြီးပါရှင့်" လို့ပြောလိုက်ပါတယ်။ အဲဒီလိုပြောတဲ့စကားကို နတ်သားကကြားသော်လည်း ဘာကိုပြောနေမှန်းမသိဘူး။ ကိုယ့်တရားမှာပဲ ကိုယ်နှလုံးသွင်းနေတာကိုး။ ဒါကြောင့် နတ်သမီးတွေက "ဒီနတ်သားတော့ သူ့အကြောင်း သူသိရအောင်ပြလိုက်အုံးမှပဲ" လို့ဆိုပြီး ရှေ့တည့်တည့်ကနေ ကိုယ်လုံးပေါ်မှန်ကြီး ချပေးလိုက်ပါတယ်။ မိမိရဲ့ပုံရိပ်ဟာ မှန်ထဲမှာပေါ်သွားတာကို တွေ့ရမှ ဒီနတ်သားဟာ –

"အို ငါ ဘယ်လိုဖြစ်သွားပါလိမ့်" လို့ အံ့ဩပြီး ဆင်ခြင်ကြည့်လိုက်မှ ဘုန်းကြီးဘဝကနေသေပြီး အခု နတ်ပြည်ရောက်လာကြောင်းသိရတော့တယ်။ အဲဒီတော့ နတ်သားဟာ နတ်ပြည်မှာဖြစ်ရတာ ဝမ်းမသာပါဘူး။ ဘာကြောင့်လဲဆိုတော့ သူ့အနေနဲ့ နတ်စည်းစိမ်ကို လိုချင်လို့ တရားအားထုတ်ခဲ့တာမှ မဟုတ်ဘဲ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို လိုချင်လို့ အားထုတ်ခဲ့တာပါ။ လိုချင်တာက တခြား ရလာတာကတခြားဆိုတော့ မပျော်မွေ့နိုင်ပါဘူး။ သီဆို တီးမှုတ် ကခုန်နေကြတဲ့ နတ်သမီးတွေကိုလည်း ပြိတ္တာမတွေလို့

တောင် စိတ်ထဲမှာ ထင်လာမြင်လာပါတယ်။ တရား အသိဉာဏ်ရင့်ကျက်လာတော့ တကယ် ချောမော လှပတဲ့ နတ်သမီးတွေကိုတောင် ပြိတ္တာမတွေလို့ သဘောထားပြီး တပ်မက်မှုမရှိပါဘူး။ တရားအသိဉာဏ် မရှိသူအဖို့မှာတော့ ပြိတ္တာမတွေကိုတောင် အလွန့်အလွန် ချောမော လှပတဲ့ နတ်သမီးတွေလို့ စိတ်ထဲမှာ ထင်လာတတ်ပါတယ်။

နတ်သားဟာ နတ်ပြည်ကနေ ဘယ်ပုံဘယ်နည်း ထွက်ပြေးရပ့ါမလဲလို့ တွေးတော ကြံစည်နေမိပါတယ်။ သူ့ခမျာ အရိယာမဖြစ်သေးတော့ အပါယ်ဒုက္ခ မငြိမ်းသေးဘူးဆိုတာ သိနေတော့ နတ်စည်းစိမ်ကို စိတ်ချလက်ချ မခံစားချင်ဘူးပေါ့။ နတ်စည်းစိမ်တွေ ခံစားပြီး ကိလေသာတွေ ထူထလာရင် ဒုစရိုက်မှုတွေ အားကြီးပြီး အပါယ်ကျနိုင်သေးတာကိုး။ အဲဒါကြောင့် ဒီအတိုင်းနေလို့မဖြစ်ဘူးဆိုပြီး အဲဒီညတွင်းချင်းပဲ မြတ်စွာဘုရားရှိရာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်ကို ဆင်းလာခဲ့ပါတယ်။ မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြားပြီး သောတာပန်တည်သွားပါတယ်။

သောတာပတ္တိမဂ်ဉာဏ်နဲ့ အပါယ်ကျစေတတ်တဲ့ ကိလေသာတွေကို ပယ်သတ်နိုင်ပြီပေါ့။ အဲဒီတော့မှ ဝမ်းမြောက်ဝမ်းသာနဲ့ နတ်ပြည်ပြန်သွားတယ်။ ယောဂီတို့ အနေနဲ့ စိတ်ချရတဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရသေးရင် စိတ်အလိုလိုက်ပြီး သိပ်ပျော်မနေကြပါနဲ့။ အပါယ်တံခါးကြီးက

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဟင်လင်းပွင့်နေတုန်းမို့ သတိလက်မလွှတ်စေကြပါနဲ့။ ဘုန်းကြီးပြောလိုရင်းကတော့ တရားကို တကယ် ကျင့်ကြံ ပွားများထားတာကြောင့် မိမိသေတာတောင် သေမှန်း မသိလိုက်ရဘူးဆိုတာပါပဲ။ အသေတတ်သွားတာပေါ့။ ယောဂီတို့လည်း အသေတတ်ဖို့ လိုပါတယ်။ တရားအသိဉာဏ်ရှိရင် အနေလည်းတတ်တယ်။ အသေလည်းတတ်ပါတယ်။ တရားအသိဉာဏ်ရှိစေဖို့ရာကလည်း ယောဂီတို့အနေနဲ့ အချိန်မရွေးနေရာမရွေး သတိအစောင့်အရှောက်နဲ့ ပြည့်စုံအောင် ကြိုးစားရမှာဖြစ်ပါတယ်။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



## လေးပါးမိရှာရှိစေပါ

အရိယာအဖြစ်ကို ရောက်လိုတဲ့ သူတော်ကောင်းဟာ တစ်နည်းအားဖြင့် အဆင့်မြင့်မြင့်နေလိုတဲ့ သူတော်ကောင်းဟာ လေးပါးသောမှီရာလည်း ရှိရပါမယ်။ မှီရာလေးပါးဆိုတာကတော့ –

၁။ စားဝတ်နေရေး ကျန်းမာရေးအတွက် ပစ္စည်းလေးပါးကို ဆင်ခြင်ပြီး မှီဝဲ သုံးဆောင်ရပါမယ်။

၂။ သည်းခံသင့်တာတွေကို ဆင်ခြင်ပြီးတော့လည်း သည်းခံရပါမယ်။

၃။ ဘေးအန္တရာယ် အရပ်ရပ်ကို ဆင်ခြင်ပြီးတော့ ရှောင်ရှားရမယ်။

၄။ ပယ်သင့်တာတွေကို ဆင်ခြင်ပြီးတော့ ပယ်ပစ်ရမယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရှင်ရဟန်းတွေအတွက်ဆို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဆိုတဲ့ ပစ္စည်းလေးပါးကို အမှီပြုရပါတယ်။ လူတွေ အတွက်ဆိုရင် စားဝတ်နေရေး ကျန်းမာရေးပေါ့၊ ပညာဉာဏ် နဲ့ ဆင်ခြင်ပြီး မှီဝဲမှု ပြုရပါတယ်။ အစာမစားဘဲ နေလိုက်ရင် မကြာမီ သေသွားမှာဖြစ်ပါတယ်။ လောက ဥပမာနဲ့ ပြောရရင် နွားလှည်း မြင်းလှည်းတွေ တာရှည် မောင်းလို့ရအောင် လှည်းစာ လှည်းဆီ ထိုးပေးရတယ်။ လှည်းစာ လှည်းဆီ ထိုးမပေး ထည့်မပေးဘူးဆိုရင် ဒီလှည်း သွားပြီဆိုရင် တအီအီနဲ့ အော်လာပြီး ကြာလို့ရှိရင် ဘီးတွေပါ ကွဲတတ်ပါတယ်။ ဝင်ရိုးတွေလည်း ပူပြီး ကျိုးသွားတတ်ပါ တယ်။ ထို့အတူ လျှောင်းထိုင်ရပ်သွား ဣရိယာပုတ်လေးပါး ရှိတဲ့ ဒီခန္ဓာကိုယ် လှည်းအိမ်ကြီးမှာလည်း လှည်းစာ လှည်းဆီနဲ့တူတဲ့ အစာအာဟာရ တွေကိုလည်း ထည့်သွင်း ပေးရပါတယ်။

◆ ◆ ◆ ◆ ◆

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# စားသောက်မှုမှာ ဆင်ခြင်ပါ

အာဟာရချို့တဲ့သွားရင် အင်အားတွေဆုတ်ယုတ်ပြီးတော့ မကျန်းမမာဖြစ်လာပါတယ်။ အဲဒီအခါ တရားနှလုံးသွင်းလို့လည်း အဆင်မပြေတော့ပါဘူး။ လှည်းစာ လှည်းဆီထည့်ပေးတဲ့အခါ လှည်းကလည်း ငါ့အထဲမှာ လှည်းစာတွေ လှည်းဆီတွေ ဝင်ရောက်လာတယ်လို့ မသိပါဘူး။ လှည်းစာလှည်းဆီတို့ကလည်း ငါတို့ဟာ လှည်းဘီးတွေ ဝင်ရိုးတွေ သွားလာလည်ပတ်ပြီး အရှည်တည်တံ့နိုင်အောင် လှည်းအိမ်ထဲကို ဝင်နေရတယ်လို့ မသိကြပါဘူး။ စင်စစ်တော့ လှည်းစာလှည်းဆီတွေရော၊ လှည်းအိမ်ရော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါး စုပေါင်းပြီး တည်ရှိနေတဲ့ ရုပ်တရား အစုအဝေးမျှသာ ဖြစ်ကြပါတယ်။

ထိုနည်းတူစွာ ယောဂီတို့ဟာ အစာအာဟာရကို သုံးဆောင်နေစဉ်မှာလည်း ယောဂီတို့ရဲ့ ရုပ်ခန္ဓာကြီးဟာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ငါ့အထဲကို အစာအာဟာရတွေ ဝင်ရောက်လာပါလားလို့ မသိ၊ အစာအာဟာရတွေကလည်း ငါတို့ဟာ ရုပ်ခန္ဓာကြီးထဲ ဝင်ရောက်နေရပါလားလို့မသိ၊ စင်စစ်တော့ ရုပ်ခန္ဓာကိုယ်ကြီးရော အစာအာဟာရတွေရော ဓာတ်ကြီးလေးပါး အစုအဝေးမျှသာ ဖြစ်တယ်လို့ ဆင်ခြင်ရပါတယ်။ စားနေသောက်နေရင်းလည်း အရသာဓာတ်တွေ ပေါ်လာပြီးတဲ့နောက် ချုပ်ပျောက်သွားတဲ့ သဘောရှိတယ်။ မတည်မြဲဘူး၊ ရုပ်ခန္ဓာကိုယ်ကောင်ကြီးအတွင်းမှာလည်း ပူမှု၊ အေးမှု၊ နာကျင်မှု၊ လေးမှု၊ ပေါ့မှု၊ တင်းမာမှု၊ လျော့ရဲမှုဆိုတဲ့ သဘောကလေးတွေဟာ အမျိုးမျိုးဖြစ်လာပြီး ပြောင်းလဲနေကြပါတယ်။ အပျက်အစီးသဘောတွေသာ စုဝေးနေကြတယ်။ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါဆိုတာ ဘာမှ မရှိပါလားလို့ ဆင်ခြင်ရပါမယ်။

တစ်နည်းအားဖြင့် ငါ အခု စားသောက်နေရတဲ့ အစားအစာတွေဟာ အကျင့်မြတ်ကို ကျင့်သုံးရတဲ့ ယောဂီတွေ စားဖို့ဆိုပြီးတော့ စေတနာရှင်တွေက ကျကျနန သပ်သပ်ယပ်ယပ် ပြင်ဆင် ခင်းကျင်းပြီးတော့ မွန်မွန်မြတ်မြတ် ဖြစ်အောင် ပြုပြင်ပြီး ကျွေးမွေးနေကြသော်လည်း ငါ့ရဲ့ ခံတွင်းပါးစပ်ထဲ ရောက်တဲ့အခါ ရွံဖွယ်ရာဖြစ်တဲ့ လျှာရည်တံတွေးတွေ သွားတွေရဲ့ အကြားအကြားမှာ ညပ်ပြီး ကျန်နေတဲ့ အစာချေးတွေ စုပေါင်းပြီးတော့ အောက်သွားတွေက

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လက်ဆုံကြီးလိုခံပြီး အထက်သွားတွေက ကျည်ပွေ့လို ထောင်းထုပြီး လျှာက ယောက်မလိုမွှေပြီးတော့ နေကြပါတယ်။

အစာတွေ ကျေညက်သွားတော့ မျိုချလိုက်တယ်။ အစာအိမ်ထဲရောက်တဲ့အခါ ပါစကဝမ်းမီးလို့ခေါ်တဲ့ တေဇောဓာတ်က ချက်ပြုတ်ပေးလိုက်ပါတယ်။ အဲဒီလို ဝမ်းမီးအပူဓာတ်နဲ့တွေ့တဲ့အခါ ထမင်းအိုးများ ဆူပွက်လာသလို အမြှုပ်တွေ ထပြီး လာပါတယ်။ အဲဒီ ပါစကဝမ်းမီးနဲ့ ချက် ပြီးတဲ့နောက် အစာတွေဟာ အစာအိမ်ထဲမှာရှိတဲ့ (၃၂) မျိုးသော ပိုးတွေ စားလိုက်လို့ တစ်ပုံ ကုန်သွားတယ်။ ပါစကဝမ်းမီးရဲ့ လောင်မြိုက်မှုကြောင့် တစ်ပုံ ကုန်သွားတယ်။ တစ်ပုံက မစင်ကျင်ကြီးအဖြစ် ပြောင်းလဲသွားတယ်။ တစ်ပုံကတော့ ကျင်ငယ်အဖြစ် ပြောင်းလဲသွားတယ်။ ခန္ဓာကိုယ်အတွက် အကျိုးပြုတဲ့ သွေးသားအဖြစ် တစ်ပုံ ပြောင်းလဲသွားတယ်။ စားလိုက်တဲ့အစာတွေ ငါးစုငါးပုံ ကွဲပြားသွားတာကို သေသေချာချာ ဆင်ခြင်ကြည့်ရင် ဘယ်လိုပဲ မွှန်မွှန်မြတ်မြတ် ပြုပြင် စီမံ ချက်ပြုတ်ထားသော်လည်း မက်မောတွယ်တာ ကပ်ငြိစရာမရှိပါဘူး။ အဲဒီလို ဆင်ခြင်ပြီးတော့လည်း မှီဝဲ သုံးဆောင်ရပါတယ်။

နောက်ပြီးတော့ စားရေးသောက်ရေးအတွက် ရှာဖွေရတဲ့ ဒုက္ခကို ဆင်ခြင်ပြီးတော့လည်း မှီဝဲနိုင်ပါတယ်။ လူတွေ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဟာဆိုရင် ထမင်းတစ်ဝမ်းစားရဖို့အရေး နေထွက်ကနေဝင် သည့်တိုင်အောင် ပြေးလွှား ရှာဖွေနေကြရပါတယ်။ ကုန်းလမ်းမှာ တစ်မျိုး၊ ရေလမ်းခရီး လေလမ်းခရီးမှာတစ်ဖုံ စုံနေတာပါပဲ။ စင်ကြယ်သန့်ရှင်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ ရင်းပြီး ရှာရတာရှိသလို၊ မစင်ကြယ်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ ရင်းပြီးတော့ ရှာဖွေနေရတာတွေလည်း ရှိပါတယ်။ အချို့အလုပ်သမားတွေဆိုရင် အလုပ်ရှင်တွေရဲ့ ဆဲဆိုကြိမ်းမောင်းခံရပြီးတော့ ရှာဖွေ လုပ်ကိုင်နေရတာတွေလည်း ရှိပါတယ်။ ရှင်ရဟန်းတွေဆိုရင်လည်း ဝမ်းရေးအတွက် မြို့ထဲရွာထဲ ဆွမ်းခံကြွရပါတယ်။

ဆူးငြောင့်ခလုတ်တွေ၊ ကျောက်စရစ်အိုးခြမ်းကွဲတွေ ရွှံ့ညွန်တွေ ရေတွေများတဲ့လမ်း၊ ခွေးမစင်တွေ၊ နွားမစင်တွေ၊ ကျွဲမစင်၊ လူမစင်တွေနဲ့ ညစ်ပတ် ပေရေနေတဲ့ လမ်းတွေကိုလည်း သွားရပါတယ်။ တစ်ခါတစ်ရံ ဆွမ်းခံကြွရင်း ခွေးလိုက်ကိုက်တာလည်း ရှိပါသေးတယ်။ ဆွမ်းခံသွားစဉ် အချို့အိမ်တွေကလည်း ရဟန်းတော်တွေကို မမြင်ချင်ယောင်ဆောင်နေကြတာလည်း ရှိပါသေးတယ်။ အချို့ကလည်း ကန်တော့ဆွမ်းလောင်းကြတယ်။ အချို့ကတော့ အညံ့စားတွေလောင်းကြတယ်။ အချို့ကပြန်တော့ ဒီကိုယ်တော်တွေဟာ အလုပ်မလုပ်ဘဲ သူတစ်ပါးလုပ်စာကို အချောင်စားနေတဲ့သူတွေပဲလို့ မကြားတကြား ပြောကြပါသေးတယ်။ အဲဒီလို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ငြိုငြိုငြင်ငြင်နဲ့ ရရှိခဲ့တဲ့ဆွမ်းကို စားသောက်နေရတာပါ။ အဲဒါတွေကို ဆင်ခြင်ပြီးတော့လည်း အစာအာဟာရရဲ့ အပေါ်မှာ ကပ်ငြိတွယ်တာတဲ့ တဏှာကို ပယ်စွန့်ရမှာ ဖြစ်ပါတယ်။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# သုံးဆောင်သင့်ဟာသုံးဆောင်ပါ

အဝတ်အစားနဲ့ပတ်သက်ပြီးတော့ လူတွေရော ရှင်ရဟန်းတွေပါ "ငါ့ရဲ့ မတင့်တယ်တဲ့ အသုဘသဘောရှိတဲ့ ခန္ဓာ၊ ချွေးတွေ ချေးညှော်တွေနဲ့ လူးပေနေတဲ့ ခန္ဓာ၊ အပုပ်တွေနဲ့ ပြည့်နေတဲ့ ခန္ဓာကြီးကို ကြည့်ပျော် ရှုပျော် ဖြစ်ပါစေတော့ဆိုပြီး ငါ ဒီအဝတ်ကို ဝတ်နေရတယ်။ အနာပေါက်တဲ့သူဟာ အနာကနေ သွေးပုပ် ပြည်ပုပ်တွေ ယိုကျနေတာကို ထိန်းသိမ်းဖို့ ပတ်တီးစည်းပေးရတယ်။ အမှုန်တွေမဝင်ရအောင် အညှော်မဝင်ရအောင် ပတ်တီးစည်းပေးရတယ်။ ထိုနည်းတူ ကိုးပေါက်ဒွါရ အမာဝကနေအညစ်အကြေးတွေကို ထိန်းသိမ်းဖို့ ပတ်တီးနဲ့တူနဲ့ အဝတ်တွေကို ငါဝတ်ဆင်နေရတယ်" အဲဒီလို နှလုံးသွင်းဆင်ခြင်ပြီး အဝတ်အစားတွေကို မှီဝဲသုံးဆောင်ရပါတယ်။

အဝတ်အစားတွေကလည်း ဓာတ်ကြီးလေးပါးနဲ့ ပေါင်းစပ် ဖွဲ့စည်းထားတာပါ။ ရုပ်ခန္ဓာကိုယ်ကောင်ကြီးက

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လည်း ခာတ်ကြီးလေးပါးနဲ့ ပေါင်းစပ် ဖွဲ့စည်းထားတာပါပဲ။ အဝတ်အစားတွေကလည်း ငါဟာ ခန္ဓာကိုယ်ရုပ် အကောင်ပုပ်အပေါ်မှာ ဖုံးလွှမ်းပေးနေရတယ်လို့ မသိသလို၊ ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကလည်း ငါရဲ့အပေါ်မှာ အဝတ်အစားတွေ ဖုံးလွှမ်းပြီးတော့ နေတယ်လို့ မသိကြပါဘူး။ အားလုံး ခာတ်သဘောအစုမျှပဲလို့ နှလုံးသွင်းပြီး အဝတ်အစားကို မှီဝဲရပါမယ်။ အဲဒီလို ဆင်ခြင်ပြီး မှီဝဲရင် အဝတ်အစားရဲ့အပေါ်မှာ ကပ်ငြိသာယာတဲ့ တဏှာလည်း ကင်းသွားပါလိမ့်မယ်။ ကိုယ်မနှစ်သက်တဲ့ အဝတ်ကို ဝတ်ရလို့၊ နှစ်သက်တဲ့ အဝတ်ကို မဝတ်ရလို့ ဖြစ်ပေါ်လာမည့် စိတ်ညစ်စိတ်ပျက် စိတ်ဆင်းရဲခြင်း ဒေါသတရားတွေလည်း ကင်းသွားပါလိမ့်မယ်။

အိမ် ကျောင်း အစရှိတဲ့ နေစရာ အဆောက်အအုံနဲ့ ပတ်သက်ပြီးတော့ "ငါဟာ ရာသီဥတု ဘေးဒဏ်တွေကို ကာကွယ်ဖို့၊ မြွေ၊ ကင်း၊ သန်းအစရှိတဲ့ သတ္တဝါတွေရဲ့ အတွေ့အထိကို ကာကွယ်ဖို့ ကျောင်း အိပ်ရာ နေရာတွေကို နေစရာအိမ်ကို မှီဝဲနေရတယ်လို့" ဆင်ခြင်ရပါမယ်။ ဆေးဝါးတွေကို သုံးဆောင်တဲ့ အခါမှာလည်း "ငါ့မှာ ဖြစ်ပြီး ဖြစ်ဆဲ ေ[illegible]ဝေကို ပယ်ဖျောက်ပြီး ဖြစ်လတ္တံ့ရောဂါတွေကို [illegible]နဲ့တား ကာကွယ်ပြီး သူတော်ကောင်းတရားတွေကို ကျင့်သုံးနိုင်အောင် ဒီဆေးဝါးတွေကို မှီဝဲသုံးဆောင်ပါတယ်လို့ ဆင်ခြင်ပြီး မှီဝဲသုံးဆောင်ရမှာ ဖြစ်ပါတယ်။ အဲဒီလို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှီဝဲ သုံးဆောင်တဲ့အခါ ဆေးဝါးတွေကလည်း ငါဟာ ခွာတ်ကြီးလေးပါး အစုဖြစ်တဲ့ ဒီရုပ်ခန္ဓာထဲ ဝင်ရောက်နေရတယ်လို့မသိ၊ ဒီရုပ်ခန္ဓာကိုယ်ကြီးကလည်း ငါ့ထဲကို ဆေးဝါးတွေ ဝင်ရောက်နေပါလားလို့ မသိကြပါဘူး” အဲဒီလို ဆင်ခြင်ပြီး မှီဝဲရပါတယ်။ ဒီလို ဆင်ခြင်ပြီးမှီဝဲနေရင် စားဝတ်နေရေးနဲ့ပတ်သက်ပြီးတော့ ကပ်ငြိ သာယာမှု တဏှာလောဘတွေ၊ ‘ငါသာလျှင် ဒီလို စားနိုင် သောက်နိုင်တယ်၊ ဝတ်ဆင်နိုင်တယ်၊ အိမ်ကောင်းကောင်း၊ ကျောင်းကောင်းကောင်းနဲ့ နေနိုင်တယ်” လို့တွေးပြီး အထင်ကြီးမှု မာနတွေ၊ ကိုယ်မကြိုက်မောတဲ့ စားစရာ ဝတ်စရာ နေစရာတွေ မရလို့ စိတ်ဆင်းရဲရတဲ့ ဒေါသတွေလည်း ဖြစ်ခွင့်မရဘဲ တဖြည်းဖြည်း လျော့နည်းသွားမှာပါ။

မှီဝဲသင့်တာကို မှီဝဲပြီး တရားအားထုတ်မှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရပါတယ်။ မှီဝဲသင့်တာကို ရှောင်ကြဉ်ပြီး အားထုတ်မယ်ဆိုရင် မဂ်ဉာဏ်ဖိုလ်ဉာဏ် ရရှိဖို့ဝေးစွ ဝိပဿနာ ဉာဏ်တောင် ရင့်လာမှာမဟုတ်ပါဘူး။ အစားအစာ အဝတ်အရုံ အိပ်ရာနေရာ ဆေးဝါးတွေကို မမှီဝဲ မသုံးဆောင်ဘဲနေရင် “အတ္တကိလမထာနုယောဂ” လို့ခေါ်ပါတယ်။ မြန်မာလိုတော့ မိမိကိုယ်ကို နှိပ်စက် ညှင်းဆဲတဲ့အကျင့်လို့ ခေါ်ပါတယ်။ ယခုကာလ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှာ အဝတ်မဝတ်ဘဲ ကျင့်နေကြတဲ့ ဂိုဏ်းဘုန်းကြီးတွေ ရှိနေကြ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပါသေးတယ်။ ဘုရားမပွင့်မီ ကာလက ဆိုရင်ပိုပြီးတော့တောင် ပေါ်များသေးတာပေါ့။ အဝတ်ကို မဝတ်၊ အစားကိုလည်း မစား၊ အိပ်ရာနဲ့လည်း မအိပ်ဘဲ ကျင့်နေကြတယ်။ ဒီလို ကျင့်သုံးခြင်းဖြင့် မိမိရဲ့သီလ၊ သမာဓိ၊ ပညာတွေလည်း ဖြစ်ပေါ်လာမှာ မဟုတ်ပါဘူး။

ဘုန်းကြီးတို့ရဲ့ ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသားဟာ တောထွက်လာပြီး ဥရုဝေဠတောထဲမှာ ခြောက်နှစ်တိုင်တိုင် သာမန်လူတွေ ကျင့်နိုင်ခဲတဲ့ ဒုက္ကရစရိယာ အကျင့်ကို ကျင့်သုံးခဲ့တယ်ဆိုတာ စင်စစ်တော့ အတ္တကိလ မထာနုယောဂဆိုတဲ့ အကျင့်ပါပဲ။ ဘုရားအလောင်းတော်ဟာ အဲဒီအခါတုန်းက အသက်ရှူတာကို အောင့်အည်းချုပ်တီး ပြီး ကျင့်ခဲ့တယ်။ အစားစားပြန်တော့လည်း အချို့နေ့တွေမှာ ဆီးသီးတစ်လုံးလောက်ပဲစားတယ်။ အချို့နေ့တွေမှာ ပဲပြုတ် ရည်ကလေး တစ်ဇွန်းလောက်ပဲသောက်တယ်။ နေ့စဉ် ဒီလိုပဲ နေလာတာ အချိန်ကြာမြင့်လာတော့ အသွေးအသားတွေ ခန်း ခြောက်လာတယ်။ အရိုးပေါ်အရေဖုံးသွားတယ်။ အသား အရောင်တွေဟာ ငါးရူလို မွဲခြောက်သွားတယ်။ မျက်စိတွေ ဟာ မျက်တွင်းအထဲကိုချိုင့်ပြီး ဝင်သွားတယ်။ ဒီလိုကျင့် လိုက်တာ ပင်ပန်းမှုပဲ အဖတ်တင်ခဲ့ပါတယ်။ ဘာမဂ်ဉာဏ် ဖိုဉာဏ်မှ ဖြစ်ပေါ်မလာခဲ့ပါဘူး။

အလောင်းတော်ဟာ မရှိုမပင့်ပဒါခေါ်တဲ့ အလယ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လမ်း အကျင့်မှန်ကိုတွေ့ပြီး သိပြီးတဲ့ အခါမှာတော့ အကျင့်မှားကြီးကို စွန့်လွှတ်ခဲ့ပါတယ်။ ဘုရားသာသနာမှာ စားဝတ်နေရေး ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ သာယာမက်မောဖိမ်ခံပြီးတော့ကျင့်တဲ့ ကာမသုခလ္လိကာနုယောဂအကျင့်ကိုလည်း မကျင့်ရပါဘူး။ ဒါကြောင့် စားဝတ်နေရေး ကျန်းမာရေးနှင့် ပတ်သက်လို့ သုံးဆောင်သင့်တာတွေကို ပညာဉာဏ်နဲ့ ဆင်ခြင်ပြီးတော့ မှီဝဲသုံးဆောင်ရပါတယ်။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# သည်းခံ၍သာ ကျင့်သုံးပါ

ချမ်းသာသုခကို လိုလားတဲ့ သူဟာ သည်းခံသင့်တာကိုလည်း သည်းခံရပါတယ်။ ရာသီဥတုကြောင့် ဖြစ်ပေါ်လာတဲ့ အေးမှုပူမှုတွေကိုလည်း သည်းခံရပါတယ်။ သူတစ်ပါးတွေရဲ့ ကဲ့ရဲ့ ပြစ်တင် ရှုတ်ချတဲ့ စကားသံတွေကိုလည်း သည်းခံရပါတယ်။ အချို့ဒကာတွေဆိုရင် ဒကာမကြီးတွေ တရားအားထုတ်ဖို့ ရိပ်သာသွားရင် "သွားပါ သောတာပန်မကြီးရယ်၊ နင် ရဟန္တာဖြစ်မှ ပြန်လာခဲ့"လို့ ခနိုးခနဲ့ ပြောတတ်ပါသေးတယ်။ တရားဝါသနာမပါတဲ့ ဒကာမကြီးတွေကလည်း ဒကာကြီးတွေ တရားအားထုတ်ဖို့သွားရင် "ဘုရားဖြစ်မယ့် အုတ်နီခဲကြီးတော့ ကျောင်းသွားပြီ။ သူ့ပုံနဲ့ တရားရပါလိမ့်မယ်" စသည်ဖြင့် ပြောတတ်ကြပါသေးတယ်။ မိမိခန္ဓာမှာ ထင်ရှား ဖြစ်ပေါ်လာနေတဲ့ ညောင်းညာကိုက်ခဲမှု၊ နာကျင်မှုတွေကိုလည်း သည်းခံရပါတယ်။ အချို့ အချို့ ယောဂီတွေဆိုရင် နည်းနည်းကလေး ညောင်းညာလာရင် နာကျင်လာရင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သည်းခံပြီး မရှုမှတ်တော့ဘူး။ ပြောင်းပစ်လိုက်ကြတယ်။ အဲဒီလို သည်းခံမှု အလေ့အကျင့် မရှိဘူးဆိုရင် ကာယိက ဒုက္ခသဘောတွေကို မရှုမှတ်တတ်တော့ပါဘူး။ ပြင်းပြင်းထန်ထန် နေထိုင်မကောင်းဖြစ်လာရင် အရှုဉာဏ်မရှိဘဲ ဒေါသကိလေသာတောင် ဖြစ်တတ်ပါသေးတယ်။

ယောဂီဆိုတာ ခန္ဓာမှာ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုး ပေါ်ချင်ရာပေါ်ပါစေ၊ သတိထားပြီး ရှုမှတ်တတ်ရပါမယ်။ ဒါကြောင့် ခန္ဓာမှာ ဖြစ်ပေါ်သမျှတွေကို သည်းခံပြီး ရှုမှတ်တတ်ပါစေ။ ရှေးရှေးက သူတော်ကောင်းတွေဆိုရင် သေလုနီးပါး ရောဂါဖြစ်နေတဲ့ အချိန်မှာတောင် ကိုယ်နဲ့ အသက်ကို မငဲ့ကွက်ဘဲ သတိပညာနဲ့ ရှုမှတ် ပွားများသွားကြတဲ့ သာဓကတွေ ရှိပါသေးတယ်၊ ခန္ဓာက ဖောက်ပြန်ခြင်းသဘောရှိတာကြောင့် နည်းအမျိုးမျိုးနဲ့ ဖောက်ပြန်နေမှာပါပဲ။ အခံခက်တဲ့ သဘောတွေ ပေါ်တိုင်းပေါ်တိုင်း ပြောင်းရွှေ့နေမယ်ဆိုရင် စိတ်တည်ငြိမ်မှု သမာဓိလည်း မရတော့ပါဘူး။ သမာဓိမရရင် ခန္ဓာရဲ့ လက္ခဏာအမှန်ကို သိတတ်တဲ့ ဉာဏ်ပညာဆိုတာလည်း ဖြစ်မလာတော့ပါဘူး။ ဉာဏ်ပညာ ဖြစ်ပေါ်မလာရင် ကိလေသာကို မပယ်နိုင်ပါဘူး။ သည်းမခံနိုင်လောက်အောင် အလွန်အမင်း ဖောက်ပြန် နှိပ်စက်လာရင်တော့ သတိထား ရှုမှတ်ရင်း ပြုပြင်ထိုင်ကြပေါ့။ ပြောင်းမှု ပြင်မှုကြောင့် သတိလက်မလွတ်ပါစေနဲ့။

◆ ◆ ◆ ◆ ◆

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ရှောင်ကြဉ်သင့်တာရှောင်ကြဉ်ပါ

ယောဂီတို့ဟာ အသက်ဘေးအန္တရာယ်၊ အကျင့်မြတ်ရဲ့အန္တရာယ် ဖြစ်စေတတ်တာတွေကိုလည်း ရှောင်ကြဉ်ရပါမယ်။ ကားတွေ ရထားတွေ ရှုပ်နေတဲ့နေရာကို အကြောင်းမဲ့ သွားတာတို့၊ ခိုးသားဓားပြတွေ သောင်းကျန်းနေတဲ့ နေရာကို သွားတာတို့၊ ခွေးကိုက်တဲ့နေရာ မြွေပေါတဲ့နေရာ ချောက်ကမ်းပါးရှိတဲ့နေရာ ဆူးညှောင့်ခလုတ်ရှိတဲ့နေရာစသည်ဖြင့် ဘေးဥပဒ်ဖြစ်စေတတ်တဲ့နေရာတွေကို ရှောင်ကြဉ်ရပါမယ်။ ဘာကြောင့် ရှောင်ကြဉ်ရတာလဲဆိုတော့ အဓိပ္ပာယ်က ရှင်းနေပြီးသားပါ။ ငါ တရားသမားပဲ ငါ့ကို မြွေကိုက်မှာ မဟုတ်ပါဘူး။ ငါ့ ကိုကားတိုက်မှာ မဟုတ်ဘူးလို့ မထင်လိုက်ကြပါနဲ့။ ရှောင်သင့်တာကိုမရှောင်ဘဲ မြွေပေါတဲ့ နေရာမှာ မဆင်မခြင်နဲ့ သွားနေကြည့်ပါ။ မြွေကိုက်ခံရမှာပါပဲ။ ကားရှုပ်တဲ့နေရာ လမ်းစည်းကမ်းနားမလည်ဘဲ မဆင်မခြင်သွားကြည့်ရင် ကားတိုက်ပြီးသေဆုံးမှာပါ။ ခွေးကြမ်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တွေရှိတဲ့နေရာမှာ သတိမထားဘဲ ပေါ့ပေါ့ဆဆသွားနေကြည့်ပါလား၊ ခွေးကိုက်ခံရလို့ အသက် အန္တရာယ်ဖြစ်သွားနိုင်ပါတယ်။

အရက်ဆိုင်တို့ ဖဲဝိုင်းတို့ရှိတဲ့ နေရာသွားကြည့်ပါလား ကိုယ့်ကို ပတ်ဝန်းကျင်က ကဲ့ရဲ့ ပြောဆိုလာကြမှာပါ။ ဒီကောင်ဟာ တရားသမားလည်း ဆိုသေးတယ်။ အခုတော့ အရက်ဆိုင်သွားနေတယ်၊ ဖဲဝိုင်းသွားနေတယ် စသည်ဖြင့် ကဲ့ရဲ့ ပြစ်တင်လာကြမှာပါ။ အမျိုးသားယောဂီတွေအနေနဲ့ အမျိုးသမီးတွေများတဲ့နေရာ၊ အမျိုးသမီးတွေအနေနဲ့ အမျိုးသားတွေများတဲ့နေရာကို သွားတာတို့၊ ရှင်ရဟန်းတွေအတွက် လူဝတ်ကြောင်တွေနဲ့ ရောနှောတာတို့ အဲဒါတွေဟာ ရှောင်ကြဉ်ရမည့်ကိစ္စတွေပါ။ အဲဒီကိစ္စတွေကို မရှောင်ကြဉ်ဘူးဆိုရင် ကဲ့ရဲ့ပြစ်တင်ခံရရုံသာမက ကိုယ်ကျင့်တရားတွေတောင် ပျက်ပြားသွားနိုင်ပါတယ်။ အခုပြောခဲ့တာတွေက ပင်ပန်းဆင်းရဲ ခက်ခဲစွာ ကျင့်နေရတာတွေလည်း မဟုတ်ပါဘူး။ ရှောင်ကြဉ်သင့်တာတွေ ဖြစ်လို့ ရှောင်ရှားနေရတာပါ။ အဲဒီလို ရှောင်သင့်တာကို ရှောင်ကြဉ်ခြင်းဆိုတဲ့ အလုပ်ကိစ္စဟာလည်း တရားကျင့်သုံးသူတို့အနေနဲ့ အမှီတရားတစ်ခုပါပဲ။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ပိဋကတ်သုံးဖြာ ပယ်စွန့်ပါ

နောက်မှီစရာတစ်ခုကတော့ ပညာနဲ့ဆင်ခြင်ပြီးတော့ ပယ်သင့်တာကို ပယ်ရမယ်လို့ဆိုပါတယ်။ ဘာတွေကို ပယ်သင့်သလဲဆိုရင် လောကီအာရုံ ကာမဂုဏ်တွေနဲ့ စပ်ယှဉ်တဲ့ ကြံစည်တွေးတောစိတ်ကူးမှု "ကာမဝိတက်" ကိုလည်း ပယ်ရမယ်။ ချဲဝါသနာပါတဲ့ သူဆိုရင် ချဲအကြောင်းတွေတွေးပြီး သာယာနေတာ၊ အသောက်အစားဝါသနာပါတဲ့ သူဆိုရင် အသောက်အစားနဲ့ ပတ်သက်ပြီး တွေးတောသာယာနေတာ၊ ဖဲသမားဆိုရင် ဖဲကစားဖို့ စိတ်ကူးကြံစည်နေတာ၊ ဘောလုံးသမားဆိုရင် ဘောလုံးကစားဖို့ တွေးတောကြံစည်နေတာ၊ ဘောပွဲမှာ အလောင်းအစားလုပ်ဖို့ စိတ်ကူးကြံစည်နေတာ၊ ပွဲလမ်းသဘင်ဝါသနာပါတဲ့သူဆိုရင် ပွဲလမ်းသဘင်သွားပြီး ပျော်ပါးဖို့ ကြံစည် စိတ်ကူးနေတာတွေဟာ ကာမဝိတက်တွေပါပဲ။

သူတစ်ပါးကို သေပါစေ၊ သူရဲ့စည်းစိမ်တွေ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပျက်စီးပါစေ၊ ရာထူးအာဏာတွေ လျှောကျပါစေလို့ဆိုပြီး ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေတဲ့ "ဗျာပါဒဝိတက်" ကိုလည်း ပယ်ရပါ့မယ်။ သူတစ်ဖက်သား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်သွားအောင် ဘယ်လိုလုပ်လိုက်ရပါ့မလဲ၊ ဘယ်လို ပြောလိုက်ရပါ့မလဲလို့ ညှဉ်းဆဲဖို့ကိစ္စနဲ့ စပ်ယှဉ်တဲ့ ကြံစည် စိတ်ကူးမှု "ဝိဟိံသဝိတက်" ကိုလည်း ပယ်ရပါ့မယ်။

ယောဂီသူတော်စင်တို့ဟာ မိမိရဲ့ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတွေမှာ ပစ္စုပ္ပန်ဖြစ်ခိုက် သတိထားပြီးတော့ ရှုပွားနေရင် ဒီဝိတက်သုံးပါးဟာ ဖြစ်ခွင့်မရပါဘူး။ သတိအားနည်းလို့ စိတ်အစဉ်မှာ ဝိတက်သုံးပါးထဲက တစ်ပါးပါး ဖြစ်ပေါ်လာရင်လည်း ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်ခိုက်မှာ သတိထား ရှုပွားလိုက်ရင် ရှေ့ဆက်ပြီးတော့ ဖြစ်ခွင့်မရတော့ပါဘူး။ ထိုင်နေဆဲမှာ ဖြစ်ပေါ်လာရင် ထိုင်နေဆဲမှာပဲ ရှုမှတ်ပစ်ရပါ့မယ်။ ထနေဆဲ အထိ အဖြစ်မခံရပါဘူး။ ထနေဆဲမှာ ဖြစ်ပေါ်နေရင် ထနေဆဲမှာပဲ မှတ် သိ ပယ်ဖျောက်ပစ်ရပါ့မယ်။ စင်္ကြံလျှောက်နေရင်း ဖြစ်ပေါ်လာရင် စင်္ကြံလျှောက်နေဆဲမှာပဲ ပယ်ဖျောက်ရပါမယ်။ လျှောင်းနေရင်း ဖြစ်ပေါ်လာရင် လျှောင်းနေဆဲမှာပဲ ရှုမှတ်ပြီး ပယ်ဖျောက်ရပါမယ်။ အဲဒီလို ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ် ပယ်ဖျောက်နေရင် တဖြည်းဖြည်းနဲ့ အဲဒီ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တွေဟာ စိတ်အစဉ်မှာ ဖြစ်ခွင့် မရတော့ပါဘူး။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စပြီး ရှုပွားခါစ ယောဂီဆိုရင် အဲဒီစိတ်ဖြစ်စဉ်ကို လိုက်ရှုနေရတာ "ပင်ပန်းတယ်၊ စိတ်ညစ်စရာကြီးပါလား" လို့တောင် ထင်တတ်ပါသေးတယ်။ တရားအားထုတ်တာ စိတ်လွတ်လပ်မှု မရှိပါလားလို့တောင် အပြစ်ပြောတာရှိပါသေးတယ်။ တကယ် လက်တွေ့ကျကျ လုပ်တဲ့အခါမှာတော့ လုပ်ငန်းသဘော နားလည်သွားရင် အလေ့အကျင့် ရလာရင် လုပ်ရတာလွယ်ကူပြီး လက်တွေ့ကျကျ ချမ်းသာမှုကို ရလာမှာပါ။ အဲဒီလို ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တို့ကို ပယ်ထုတ်နေတာ ယောဂီတို့လို အဆင့်အတန်းမြင့်မြင့် နေလိုသူတို့အတွက် မိုဝဲ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တစ်ခုပါပဲ။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# သီးခြားသစ္စာပယ်လိုက်ပါ

အဆင့်မြင့်မြင့်နေလိုတဲ့ သူအတွက် မိစရာ လေးပါး အကြောင်းကို ပြောပြပြီးသွားပါပြီ။ နောက်ထပ်ပါဠိတော် မှာ "ပဏုန္နပစ္စေကသစ္စော" လို့ မြတ်စွာဘုရား မိန့်တော်မူထား ပါတယ်။ သဒ္ဒါနည်းကျကျ မြန်မာပြန်လိုက်ရင်တော့ "အသီး အခြားဖြစ်နေတဲ့ သစ္စဝါဒကို ပယ်ထားပြီး ဖြစ်ရမယ်" လို့ဆို ပါတယ်။ ဘုန်းကြီးတို့ ယောဂီတို့ရဲ့ အခုလက်ငင်း ကျင့်သုံး နေတဲ့ ဗုဒ္ဓရဲ့လမ်းစဉ်အပြင် အခြား ကိုယ့်အယူအဆ ကိုယ့် အတွေးအခေါ်နဲ့ လောကမှာ တီထွင်ထားကြတဲ့ အယူဝါဒ တွေ အမျိုးမျိုးလည်း ရှိကြပါသေးတယ်။ ဒီဝါဒတွေကို ကြိုက်တဲ့သူတွေကတော့ သူတို့ဟာသူတို့ မှန်ကန်တယ်၊ ကောင်းတယ်လို့ ယူဆပြီး ဟောပြော ကျင့်သုံးနေကြပါတယ်။ တကယ်တမ်း သစ္စာဒေသနာတော်နဲ့ တိုက်ဆိုင်ပြီးကြည့် လိုက်တဲ့အခါကျတော့ တစ်ခုမှ မမှန်ဘူး။ ယုတ္တိယုတ္တာလည်း မရှိပါဘူး။ အဲဒါကြောင့် "မိစ္ဆာဝါဒ = မှားယွင်းသော ဟော

ပြောမှု" လို့ ခေါ်ပါတယ်။ သူတို့ဟာနဲ့သူတို့တော့ မှန်ကန်တယ်လို့ ယူဆနေကြတဲ့အတွက်ကြောင့် အဲဒါကို "ပစ္စေကသစ္စ = အသီးအခြားသစ္စာ" လို့ အမည်ပေးထားလိုက်ပါတယ်။ အဲဒီ မိစ္ဆာဝါဒတွေကို မပယ်စွန့်ရင် အရိယာပုဂ္ဂိုလ်တို့ သိရှိထားတဲ့ ဉာဏ်အမြင်မျိုး မရတဲ့အတွက်ကြောင့် အဆင့်အတန်းနိမ့်သော နေခြင်းကိုပဲ ရရှိမှာပါ။

ဒီမိစ္ဆာဝါဒတွေဟာ လိုရင်းချုံးပြီးကြည့်လိုက်ရင်း "သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ" ဆိုပြီး နှစ်ခုပဲရှိပါတယ်။ သဿတအယူရှိသူက "သတ္တဝါတွေဟာ သေပြီးတော့ ကိုယ်ကောင်ကြီးထဲက အတ္တကောင် အသက်ကောင်ဟာ တစ်နေရာမှာ ပြောင်းရွှေ့ပြီး တည်နေတယ်" လို့ ယူဆထားတယ်။ သူတစ်ပါးတွေက အကျိုးအကြောင်း ဖော်ပြပြီး အသင့်ယုတ္တိနဲ့ ပြပြင်ပေးတာကိုလည်း လက်မခံပါဘူး။ ငါ့အယူသာ မှန်ကန်တယ်။ ဒို့ပြင် အယူတွေဟာ မှားယွင်းနေတယ်လို့ ယူဆထားပါတယ်။ ဥစ္ဆေဒဒိဋ္ဌိ အယူရှိသူကတော့ သတ္တဝါတွေဟာ သေပြီးရင် ပြတ်စဲသွားပြီး ဘာမှ မရှိတော့ဘူး၊ အားလုံးချုပ်ငြိမ်းသွားပြီလို့ ယူဆထားတယ်။ သေပြီးတဲ့နောက် တမလွန်ဘဝ ရှိတယ်ဆိုတာကို လက်မခံဘဲ ပယ်ချလိုက်တယ်။ သူ့အယူအဆကိုသာ မှန်ကန်တယ်လို့ ယူဆထားတယ်။

အဲဒီလို အသီးအခြား ယူဆပြီးနေတဲ့ဝါဒကို "ပစ္စေကသစ္စ" သီးခြားသစ္စာလို့ ခေါ်ပါတယ်။ အဲဒီလို မှား

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ယွင်းတဲ့ အယူအဆတွေကို ပယ်စွန့်ရမှာပါ။ အဲဒီ မိစ္ဆာဝါဒကို ပယ်စွန့်တာကတော့ ယောဂီတို့ဟာ ပစ္စုပ္ပန်အခိုက်ထင်ရှားဖြစ်ပေါ်နေတဲ့ ရုပ်တရား နာမ်တရားတွေရဲ့ လက္ခဏာကို သိအောင် သတိထားရှုနေရင် ကိစ္စပြီးပါတယ်။ အထူးသဖြင့် ဝိပဿနာဉာဏ်တွေ ရင့်သန်လာရင် ပိုပြီးတော့ သဘောပေါက်သွားမှာပါ။ သောတာပတ္တိမဂ်ဉာဏ် ဆိုက်သွားရင် မိစ္ဆာဝါဒတွေကို အရိယမဂ်တရားနဲ့ နောက်ထပ် တစ်ဖန်ဖြစ်ခွင့်မရအောင် ပယ်လိုက်ပြီးတော့တာပါပဲ။ မမေ့မလျော့ မပေါ့မဆ သတိတရား လက်ကိုင်ထားပြီး ကျင့်သုံးနေရင် အားလုံး ပြည့်စုံသွားပါတယ်။ သတိတစ်ခု အရေးကြီးတာကြောင့် မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံတော်မူခါနီးအချိန်မှာ

"ဟန္ဒဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ။
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ" လို့

ဟောတော်မူခဲ့ပါတယ်။

(ဘိက္ခဝေ = ကိလေသာခပ်သိမ်း ချုပ်ပျောက်ငြိမ်းအောင် ကျင့်ကြံကြိုးကုပ် အားထုတ်နေကြကုန်သော ရဟန်းများတို့၊
ဟန္ဒ = ပရိနိဗ္ဗာန် စံတော်မူခါနီးရာ ယခုအခါ၌၊
ဝေါ - တုမှေ = သင်ချစ်သားတို့ကို၊
အဟံ = ငါဘုရားသည်၊
အာမန္တယာမိ = သတိပေးစကား မိန့်ကြားတော်မူလိုက်ပေတော့အံ့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သင်္ခါရာ = ပြုပြင်မှုမကင်းတဲ့ ရုပ်သင်္ခါရ နာမ်သင်္ခါရ တရားတို့သည်၊

ဝယဓမ္မာ = ပျက်စီးခြင်း သဘောရှိကြကုန်၏။

တုမှေ = သင်သူတော်ကောင်းတို့သည်၊

အပ္ပမာဒေန = မမေ့မလျော့ မပေါ့မဆ အပ္ပမာဒခေါ်ကြား သတိတရားနှင့်၊

သမ္ပာဒေထ = ကိုယ်စီကိုယ်င အသီးသီး ပြည့်စုံစေကြကုန်လော့)။

ယောဂီတို့ဟာ သတိရှေ့ထားပြီး အရာရာမှာ ပြုတတ် ပြောတတ် ကြံစည်တတ်ရင် စိတ်အစဉ်မှာ မိစ္ဆာအယူတွေ ဝင်ခွင့်မရပါဘူး။

အခု ဘုန်းကြီးဟောပြောပြခဲ့တဲ့ သီးသီးခြားခြား သစ္စာလို့ခေါ်တဲ့ မိစ္ဆာဝါဒတွေ စွဲလမ်းပုံကို သရုပ်ထုတ်ပြီး ပြရရင် ဆယ်မျိုးရှိပါတယ်။ အဲဒီ (၁၀) မျိုးကို အန္တဂ္ဂါဟိက ဒိဋ္ဌိလို့ ခေါ်ပါတယ်။ မြန်မာလိုပြန်ရရင်တော့ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိအထဲမှာ တစ်ခုခုသော အစွန်းအဖို့ကို စွဲယူတတ်တဲ့ အယူအဆ၊ ယုတ်ညံ့တဲ့ အဖို့အစုကို စွဲယူတတ်တဲ့ အယူအဆပါပဲ။ အန္တဂ္ဂါဟိကဒိဋ္ဌိဆယ်မျိုးကတော့ –

၁။ သတ္တဝါတွေဟာ မပျက်မစီး အမြဲ တည်ရှိနေတယ်။

၂။ သတ္တဝါတွေဟာ သေပြီးနောက်မှာ ပျက်စီးသွားတယ်၊ အမြဲတမ်း မတည်ရှိနိုင်ဘူး။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၃။ သတ္တဝါတွေဟာ အဆုံးအပိုင်းအခြားရှိတယ်။

၄။ သတ္တဝါတွေဟာ အဆုံးအပိုင်းအခြားမရှိ။

၅။ အသက်ကောင်နှင့်ရုပ်ကောင်ဟာ အတူတူပဲ။

၆။ အသက်ကောင်ကတခြား၊ ရုပ်ကောင်ကတခြား။

၇။ သတ္တဝါတွေဟာ သေပြီးနောက်လည်း ရှိသေးတယ်။

၈။ သတ္တဝါတွေဟာ သေပြီးနောက်ပိုင်းမှာ မရှိတော့ဘူး။

၉။ သတ္တဝါတွေဟာ သေပြီးနောက်မှာ ရှိလည်းရှိတယ်။ မရှိလည်းမရှိ။

၁၀။ သတ္တဝါတွေဟာ သေပြီးနောက် ရှိတာလည်း မဟုတ်၊ မရှိတာလည်းမဟုတ်။

အဲဒီအယူအဆတွေဟာ သာသနာတော်ရဲ့ အပြင်ဘက်က အယူအဆတွေပါ။ သူတို့နည်းသူတို့ဟန်နဲ့ မှန်တယ်လို့ ယူဆထားတဲ့အတွက်ကြောင့် သီးခြားသစ္စာလို့ခေါ်ပါတယ်။ သူတို့ရဲ့ အယူအဆအရဆိုရင် အသက်ကောင် သတ္တဝါကောင်ဟာ ရှိတယ်လို့ ယူဆထားတာတွေ့ရပါတယ်။ ရုပ်သဘော၊ နာမ်သဘောအတိုင်း မမြင်ဘဲ အသက်ကောင် သတ္တဝါကောင်လို့ ထင်မြင် ယူထားတဲ့အတွက်ကြောင့် အဲဒီအယူအဆဟာ မှားယွင်းနေတယ်။ အဲဒါကြောင့် မိစ္ဆာဝါဒပါပဲ။ ပယ်ပစ်ရမှာပါ။

◆ ◆ ◆ ◆ ◆

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ရှာမှီးမှုတွေ ပယ်ခွန့်လေ

တကယ်ချမ်းသာချင်ရင် ရှာမှီးမှုသုံးမျိုးကို ပယ်ရပါမယ်။

၁။ ကာမေသနာ = အဆင်း အသံ အနံ့ အရသာ အတွေ့ အထိဆိုတဲ့ ကာမဂုဏ် အာရုံကို ရှာမှီးခြင်း။

၂။ ဘဝေသနာ = ဘဝကိုရှာဖွေခြင်း။

၃။ ဗြဟ္မစရိယေသနာ= မြတ်သောအကျင့်ကိုရှာမှီးခြင်း။

အဆင့်အတန်းမြင့်မားတဲ့ တရားအသိဉာဏ်ကိုလိုလားတဲ့ သူတော်ကောင်းဟာ ကာမဂုဏ်အာရုံတွေကို နှစ်သက် သာယာပြီး လိုက်လံ ရှာမှီးမှုကို ပယ်ရပါမယ်။ တကယ်တော့ ကာမဂုဏ်ရှာမှီးမှုဆိုတာ အနာဂါမ်အဆင့် ရောက်သွားမှ ငြိမ်းမှာဖြစ်ပါတယ်။ သောတာပန်၊ သကဒါဂါမ်ဖြစ်တာတောင် ကာမရာဂဆိုတဲ့ ကိလေသာကို မပယ်နိုင်သေးတာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြောင့် ကာမဂုဏ်ရှာမှီးမှုကို ပယ်ရမယ်ဆိုတာ စင်စစ်တော့ အနာဂါမ်ဖြစ်အောင် အားထုတ်ပါလို့ ဆိုတာပါပဲ။

ဘဝကို ရှာမှီးခြင်းဆိုတာကတော့ ရဟန္တာဖြစ်မှပဲ ငြိမ်းပါတယ်။ အနာဂါမ်ပုဂ္ဂိုလ်မှာ ရူပဘဝ၊ အရူပဘဝတွေကို သာယာတဲ့ တဏှာက ရှိနေပါသေးတယ်။ ဒီလိုဆိုရင် ဘဝ ရှာမှီးမှုကို ပယ်စွန့်ပါဆိုတာ ရဟန္တာဖြစ်အောင် အားထုတ်ပါ လို့ ပြောတာပါပဲ။ အနာဂါမ်ဖြစ်အောင်၊ ရဟန္တာဖြစ်အောင် အားထုတ်တယ်ဆိုတာ တစ်နည်းအားဖြင့် ကာမဂုဏ် ရှာမှီးမှု၊ ဘဝရှာမှီးမှုတွေကို ပယ်စွန့်တယ်ဆိုတာ လုပ်ငန်း စဉ်အရ ပြောရရင်တော့ သီးခြား ကျင့်ကြံနေရတာတော့ မဟုတ်ပါဘူး။ သတိပဋ္ဌာန်တရားကို နည်းလမ်းတကျ အားထုတ်တဲ့ ယောဂီအတွက်တော့ လုပ်ငန်းစဉ်ပြီးဆုံးရင် ဒီရှာမှီးမှုတွေဟာ ငြိမ်းသွားမှာဖြစ်ပါတယ်။

အချို့က "တပည့်တော်တို့ လူတွေဟာ တရားအား ထုတ်ရင် စားဝတ်နေရေးအတွက် ရှာမှီးမှု မပြုရတော့ဘူးလား လို့ မေးလာကြပါတယ်။ လုံးဝ မရှာမှီးရဘူးလို့ မဆိုလိုပါ ဘူး။ တဏှာအရင်းခံပြီး မရှာမှီးနဲ့လို့ ပြောတာပါ။ အပြစ် ကင်းကင်းနဲ့ ရှာတတ်ဖို့တော့ လိုပါတယ်။ ငါဟာ ငါ့ရဲ့သား မယားကို တရားသဖြင့် ကျွေးမွေးနိုင်အောင်လို့ ရှာနေတယ်။ ငါက မရှာဖွေဘဲနေရင် ငါ့သားမယားတွေဟာ ဒုစရိုက်လုပ် ငန်းတွေနဲ့ အသက်မွေးပြီး အပြစ်တွေဖြစ်ကုန်မယ်။ ဒီလို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ငါ ရှာမှီးမှသာ လျှဒါန်းမှုတွေ ပြုနိုင်မှာဖြစ်တယ်။ အဲဒီလို စိတ်မျိုးတွေ မွေးမြူပြီး ရှာဖွေရင် တဏှာနဲ့ရှာတာ မဟုတ်တော့ပါဘူး။ ကုသိုလ်စိတ်အရင်းခံပြီး ရှာတာဖြစ်လို့ ပိုပြီးတော့ ရှာဖွေလို့ အောင်မြင်လာမှာပါ။

"ဗြဟ္မစရိယပရိယေသနာ = မြတ်သော အကျင့်ကို ရှာမှီးခြင်း" ဆိုတာ တကယ်မြင့်မြတ်တဲ့ အကျင့်ကို မရှာမှီးရဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ အကျင့်လမ်းစဉ် အမှန်အကန်ကို မသိသေးတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ ဟိုလူပြောတာ ယုံလိုက်၊ ဒီလူပြောတာယုံလိုက်၊ ဟိုကအကျင့်က ဟုတ်လိမ့်နိုးနိုး၊ ဒီအကျင့်ကဟုတ်လိမ့်နိုးနိုးနဲ့ လိုက်လံ ရှာမှီးနေတတ်ပါတယ်။ လမ်းစဉ်အမှန်ကို အတိအကျ သိတတ်တဲ့ဉာဏ် မရှိတော့ မှားယွင်းတဲ့အကျင့်တွေကို အကျင့်မှန်ထင်နေတာပေါ့။ တကယ် စင်စစ်တော့ အဲဒီလို အထင်မှားနေတာတွေဟာ မိစ္ဆာဒိဋ္ဌိပါပဲ။ အဲဒါတွေကို ပယ်စွန့်ရမယ်လို့ ဆိုလိုပါတယ်။ တကယ် မှန်ကန်တဲ့ ဆရာသမား၊ မှန်ကန်တဲ့ အကျင့်လမ်းစဉ်တွေ ဆိုရင်တော့ တမင်သက်သက်တောင် ရှာရပါသေးတယ်။

မိစ္ဆာဝါဒအခြေခံတဲ့ ရှာမှီးခြင်းကတော့ သောတာပန်ဖြစ်မှပဲငြိမ်းအေးပါတယ်။ သောတာပန်ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ကို ဖြောင့်ဖြောင့်သွားတဲ့ မဂ္ဂင်လမ်းမကြီးပေါ် ရောက်နေတာကြောင့် မှားယွင်းတဲ့အယူအဆ မိစ္ဆာဒိဋ္ဌိ၊ မှားယွင်းတဲ့ အကျင့်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကိုရှာမှီးမှုတွေ လုံးဝ ကင်းစင်သွားပါတယ်။ ရှာမှီးတယ် ဆိုတာ မပြည့်စုံသေးလို့ ရှာရတာပါ။ ကိုယ့်မှာမြတ်သော အကျင့်တွေ ပြည့်စုံနေပြီဆိုရင် ရှာမှီးစရာ မလိုတော့ပါဘူး။ ဒီနေရာမှာ ယောဂီတို့ သဘောပေါက်အောင် သာဓကတစ်ခု ထုတ်ပြပါမယ်။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ပညာခေါင်းပါး အကျင့်များ

မြတ်စွာဘုရားကိုယ်တော်မြတ် ဇနပုဒ်တစ်ခုမှာ သီတင်း သုံးတော်မူစဉ်အခါကပါပဲ။ မြတ်စွာဘုရားရဲ့နောက်တော်ပါးက သပိတ်ထမ်းပြီးတော့ လိုက်ပါနေတဲ့ 'သုနက္ခတ္တ' ဆိုတဲ့ ရဟန်းတစ်ပါး ရှိခဲ့ဖူးတယ်။ သူဟာ လိစ္ဆဝီမင်းမျိုးကနေ ရဟန်းပြုလာတဲ့ ကိုယ်တော်ပါပဲ။ တစ်နေ့မှာတော့ မြတ်စွာဘုရားရဲ့နောက်တော်ပါးကနေ လိုက်ပါသွားရင်း ဆွမ်းခံကြွခဲ့တာ လမ်းခရီးတစ်နေရာမှာ "အစေလကောရက္ခတ္တိယ" အမည်ရှိတဲ့ မိစ္ဆာဒိဋ္ဌိတက္ကဒွန်းတစ်ယောက်ကို တွေ့လိုက်ရပါတယ်။ အဲဒီတက္ကဒွန်းကြီးဟာ အဝတ်လည်းမဝတ်ဘူး။ သစ်တုံးတွေအကြား ပြာပုံပေါ်မှာ ခွေပြီးတော့ အိပ်နေပါတယ်။ အဲဒီလို အိပ်နေတာကို မြင်လိုက်ရတော့ သုနက္ခတ္တရဲ့ စိတ်ထဲမှာ –

"ဩော်–ဒီ အစေလကောရက္ခတ္တိယကြီးဟာ အလွန့်အလွန်ကိုပဲ အလိုနည်းပြီးတော့ ခေါင်းပါးတဲ့အကျင့်ရှိတဲ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပုဂ္ဂိုလ်မြတ်ကြီးပဲ ငါတို့ရဲ့ဂေါတမမြတ်စွာဘုရားကတော့ သူဌေးသူကြွယ်တွေ၊ မင်းစိုးရာဇာတွေ လှူဒါန်းထားတဲ့ ဆွမ်းကောင်းကောင်း သင်္ကန်းကောင်းကောင်းတွေကို အသုံးပြုနေတယ်။ ကျောင်းကောင်းကောင်းနဲ့ ဇိမ်ကျကျနေတယ်။ ဒါကြောင့် ရဟန်းဂေါတမဟာ လောဘတဏှာရှိနေလိမ့် အုံးမယ်။ အစေလကောရက္ခတ္တိယကြီးကတော့ တကယ်ကို ကိလေသာကုန်ခန်းနေတဲ့ ပုဂ္ဂိုလ်မြတ်ကြီးပဲ" လို့ စဉ်းစားတွေးတောနေပါတယ်။ အဲဒါကို မြတ်စွာဘုရားက စေတောပရိယ အဘိညာဉ်နဲ့သိပါတယ်။ အဲဒီတော့ မြတ်စွာဘုရားက-

"သုနက္ခတ္တ၊ သင့်မှာ ဒီလိုအကြံအစည်တွေဖြစ်နေတယ် မဟုတ်လား၊ သင်ဟာ ငါဘုရားရဲ့ သာသနာတော်မှာ သင်္ကန်းဝတ်ပြီးတော့ နေလျက်သားနဲ့ ဒီလို သစ်တုံးကြားက အဝတ်မရှိတဲ့ တက္ကဒွန်းကြီးကို ဘုရားလို့ ထင်ပြီးတော့ ငါဘုရားကိုတော့ ဘုရားလို့မထင်ဘဲနေတာ၊ ဒီလိုသာသနာတော်မှာ သင်္ကန်းဝတ်ပြီးတော့ သင့်ကိုယ်သင် ရဟန်းလို့ ဝန်ခံနေတာများ အံ့ဩစရာကောင်းလိုက်တာ၊ ရှက်ဖို့သိပ်ကောင်းတာပဲ" လို့ မိန့်ကြားလိုက်ပါတယ်။ အဲဒီတော့ သုနက္ခတ္တက မြတ်စွာဘုရားကို -

"အရှင်ဘုရား၊ အစေလကောရခတ္တိယကြီးဟာလည်း အာသဝေါကင်းကွာနေတဲ့ ရဟန္တာပါပဲ။ အရှင်ဘုရားသည် အာသဝေါကင်းကွာ ရဟန္တာဖြစ်ခဲ့ရင် အစေလကော

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရခတ္တိယရဲ့အပေါ်မှာ ဘာကြောင့် မနာလို ဝန်တိုမှု ဖြစ်နေရတာလဲ” လို့ ပြန်ပြောပါတယ်။ အဲဒီအခါမြတ်စွာဘုရားက–

“သုနက္ခတ္တ, အဲဒီ အစေလကောရခတ္တိယကြီးဟာ နောင် (၇) ရက်ကြာရင် သေလိမ့်မယ်။ အစာမကြေရောဂါနဲ့သေမှာ။ သေပြီးရင် မြက်တွေ အလွန်ထူထပ်ပြီးနေတဲ့ သုသာန်ကြီးမှာ သူ့ရဲ့ အလောင်းကောင်ကို ပစ်ရလိမ့်မယ်။ သုသာန်ထဲ ရောက်ပြီးတဲ့အခါကျတော့ သူ့ရဲ့ ကျောကုန်းကို လက်ဝါးနဲ့ သုံးကြိမ်ပုတ်လိုက်၊ အဲဒီအခါ အလောင်းကောင်ဟာ ထပြီးတော့ ထိုင်လိမ့်မယ်။ အဲဒီအခါ အလောင်းကောင်ကို –

“သင်ဘယ်ဘဝရောက်နေသလဲလို့” မေးလိုက်

“ကျွန်ုပ် ကာလကဥ္စိကာပြိတ္တာဘဝရောက်နေတယ်” လို့ ဖြေလိမ့်မယ်” အဲဒီလို မြတ်စွာဘုရားက ကြိုတင်ပြီး မိန့်ကြားလိုက်ပါတယ်။ အဲဒီတော့ သုနက္ခတ္တရဟန်းဟာ ကျောင်းကို ခပ်မြန်မြန်ပြန်လာပြီး ဆွမ်းကိုလည်း ခပ်သုတ်သုတ်စားပြီးတော့ အစေလကောရခတ္တိယကြီးဆီသွားပြီး

“ဆရာ အစာစားရင် အလွန်အကျွံမစားနဲ့နော်၊ နောင် ခုနစ်ရက်ကြာရင် ဆရာကြီးသေလိမ့်မယ်၊ အစာမကြေရောဂါနဲ့သေလိမ့်မယ်လို့ ရဟန်းဂေါတမကပြောတယ်၊ ဆရာကြီးအတွက် စိုးရိမ်လို့ပါ” လို့ဆိုတော့ အစေလကောရခတ္တိယကြီးက –

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

“ရဟန်းဂေါတမရဲ့ စကားတွေဟာ သိပ်ပြီးတော့မှန်တတ်တယ်။ သူ့စကားတွေမှားအောင် ငါ ဘယ်လိုလုပ်ရင်ကောင်းမလဲ”လို့တွေးပြီး အဲဒီနေ့ကစပြီး ထမင်းမစားတော့ဘူး။ ရေလည်းမသောက်တော့ဘူး။ ဒီ (၇) ရက်အတွင်း အစားမစားဘဲ အငတ်ခံ အဓိဋ္ဌာန်ဝင် ကျင့်သုံးတော့တာပဲ။ အဲဒီရက်အတွင်းမှာ သုနက္ခတ္တကလည်း သူ့ဆရာရဲ့ အခြေအနေကိုလာပြီး ကြည့်ရှုအကဲခတ်တယ်။ (၆) ရက်လွန်လို့ (၇) ရက်ရောက်တဲ့နေ့ကျတော့ အာဟာရဇရုပ်တွေ ချို့တဲ့တာကြောင့် နုံးချိပြီး မြော့နေတယ်။ ဗိုက်ထဲမှာလည်း သိပ်ပြီး ဆာလောင်လာတော့ သည်းမခံနိုင်တော့ပါဘူး။ အဲဒီတော့ အစေလကောရခတ္တိယကြီးဟာ “ရဟန်းဂေါတမစကားတွေ မှန်ချင်မှန်၊ မမှန်ချင်နေ၊ ငတ်ပြီးတော့သေရတာနဲ့စာရင် ဝဝစားပြီး သေရတာက ပိုကောင်းတယ်။ ဒီနေ့မှာ ကျွေးမွေးတဲ့သူလာရင်တော့ ငါစားမှာပဲ” လို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီနေ့မှာ သူဌေးတစ်ယောက်ဟာ “ငါ့ဆရာကြီး အစေလကောရခတ္တိယ အစာမစားဘဲ အဓိဋ္ဌာန်ဝင် ကျင့်သုံးခဲ့တာ (၇) ရက် စေ့သွားပြီ။ ငါ သွားပြီးတော့ ကျွေးအုံးမယ်” ဆိုတဲ့ အကြံနဲ့ ဝက်သားဟင်းအိုးကြီးတစ်လုံးနဲ့ ထမင်းအိုးကြီးတစ်လုံး ထမ်းပြီးယူလာပါတယ်။

အဲဒီစားစရာတွေကို သစ်တုံးကြားထဲက ပြာပုံပေါ်မှာ သွန်ချလိုက်တ[illegible] အစေလကောရခတ္တိယ ပြာပုံပေါ်မှာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခွေအိပ်နေရာက ခေါင်းကလေးဆန့်ပြီး ထလာတယ်။ ဒူးနှစ်ဖက်နဲ့ လက်နှစ်ဖက်ကို မြေကြီးပေါ်ထောက်ပြီးတော့ ခွေးလိုကုန်းပြီးတော့ စားတော့တာပဲ။ ကျေးသမျှတွေအားလုံးကုန်သွားပါရော။ စားလည်းပြီးရော ဗိုက်ကြီးပူထွက်လာတယ်။ နှုတ်ကလည်း တအင့်အင့်နဲ့ ညည်းညူပြီးတော့ သေသွားပါတယ်။ တိတ္ထိတက္ကတွန်းတွေ ဝိုင်းအုံပြီးတော့ ရောက်လာကြတယ်။ သုနက္ခတ္တလည်း အနားရောက်လာတယ်။ "ရဟန်းဂေါတမပြောတဲ့ စကားနှစ်ခွန်းတော့ မှန်သွားပြီးဟော့၊ ကျန်တဲ့စကားတွေ မှားအောင် လုပ်ကြအုံးစို့" လို့ဆိုပြီး အလောင်းကောင်ကို ကြိုးနဲ့တုပ်ပြီးထမ်းကြတယ်။

ဝေသာလီမြို့မှာ မြက်မရှိဘဲ သန့်ရှင်းတဲ့သုသာန်ကို လိုက်ပြီးတော့ ရှာကြတယ်။ သုသာန်တိုင်းသုသာန်တိုင်းမှာ မြက်တွေ တောထနေတယ်။ တစ်နေ့လုံး အလောင်းကို ထမ်းပြီး လိုက်ရှာတာ မောနေတာပဲ။ အဲဒီ အဝတ်မဝတ်တဲ့ တက္ကတွန်းတွေအကြားမှာ သက်နှင်းဝတ်ထားတဲ့ သုနက္ခတ္တကိုယ်တော်လည်းပါလာတယ်။ ညနေ တော်တော်စောင်းလာတော့ သုသာန်ဟောင်းကြီးတစ်ခုအတွင်း ရောက်သွားပါတယ်။ အလောင်းထမ်းစင်ရဲ့ ကြိုးကလည်း အဲဒီအနားမှာ ပျက်ကျသွားတယ်။ မြက်တွေကလည်း ပေါက်နေလိုက်တာ ရှုပ်ပွေနေတာပဲ။ အလောင်းကို ဘယ်လိုမှ ဆွဲလို့မရတော့ဘူး။ အဲဒီလိုဆိုရင်တော့ မြတ်စွာဘုရားရဲ့ စကားဟာ သုံးခွန်းအထိအောင်

မှန်သွားပြီးပေါ့။

အဲဒီအချိန်မှာ တက္ကဒွန်းတွေဟာ အလောင်းကောင်ရဲ့ ကျောကုန်းကို လက်ဝါးနဲ့ သုံးကြိမ် ပုတ်လိုက်တော့ အလောင်းကောင်ကြီးက ထပြီးထိုင်တော့တာပဲ။ အဲဒီအခါ သုနက္ခတ္တရဟန်းက "သင် ဘယ်ဘဝရောက်နေသလဲ" လို့ မေးတော့ "အကျွန်ုပ်ဟာ ကာလကဥ္စိက ပြိတ္တာဘုံရောက်နေပါတယ်" လို့ပြောပြီး ပြန်လဲကျသွားတယ်။ အဲဒီလိုဆိုတော့ မြတ်စွာဘုရားရဲ့ စကားတွေ ငါးခွန်းလုံး မှန်ကန်သွားပြီးပေါ့။ သုနက္ခတ္တရဟန်းက အစေလကောရက္ခတ္တိယကြီးကို ဘုရားလို့ ထင်ထားတာ အခုတော့ ပြိတ္တာဖြစ်နေပြီ။

ဒီနေရာမှာ သုနက္ခတ္တရဟန်းဟာ အကျင့်လမ်းစဉ်အမှန်ကို သိတတ်တဲ့ ဉာဏ်ပညာမရှိတာကြောင့် အစေလကောရက္ခတ္တိယကြီးရဲ့ မှားယွင်းတဲ့ အကျင့်ကို သွားပြီးတော့ အကျင့်မှန်ပဲ၊ ကိလေသာခေါင်းပါးကြောင်း အကျင့်ပဲလို့ ယူဆထားတယ်ဆိုတာကို နားလည်ကြပါ။ အဆင့်အတန်းမြင့်မြင့် နေထိုင်လိုကြတဲ့ သူတော်ကောင်းတွေဟာ သီလ သမာဓိ ပညာ လုပ်ငန်းစဉ်မပါတဲ့ မှားယွင်းတဲ့အကျင့်တွေကို အကျင့်မှန်ပဲလို့ ယူဆပြီး လိုက်လံ ရှာဖွေ ကျင့်သုံးမှုတွေကို ရှောင်ကြဉ်ရပါ့မယ်။ ဗုဒ္ဓမြတ်စွာ သာသနာမှာ နည်းမှန်လမ်းမှန်နဲ့ ကျင့်သုံးပြီး တရားသဘောကို အပြောမဟုတ် ခန္ဓာတွေ့ဖြစ်အောင် အလုပ်လုပ်ပြီး သိထားတဲ့ သူတော်

ကောင်းတွေကတော့ လမ်းစဥ်မှန်ကို ပစ်ပယ်ပြီး အခြားအခြား အကျင့်တွေကို ရှာမှီးမှာ မဟုတ်တော့ပါဘူး။ ဒါကြောင့် ယောဂီတို့ဟာလည်း တရားတော်ကို ခန္ဓာတွေ့သိအောင် ကြိုးစားပြီး ကျင့်သုံးကြပါ။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# မနောက်မကျူရွေးကြံ့မှု

အဆင့်မြင့်မြင့် နေလိုတဲ့ သူတော်ကောင်းဟာ "အနာဝိလစိတ္တော ဟောတိ = မနောက်ကျူသော စိတ်အကြံ အစည်လည်း ရှိရမှာဖြစ်ပါတယ်။ အခါခပ်သိမ်း စိတ်ကြည် လင်မှု ရှိရမယ်လို့ ဆိုလိုပါတယ်။ ဒီအင်္ဂါနဲ့ ပြည့်စုံဖို့ဆိုတာ ကလည်း အထူးတလည် တမင်သက်သက် အပင်ပန်းခံပြီး ကျင့်သုံးနေရတာ မဟုတ်ပါဘူး။ ရုပ်တရားတွေ နာမ်တရား တွေ ဖြစ်ပေါ်တိုင်းဖြစ်ပေါ်နေတိုင်း သတိထားပြီး ရှုပွားနေရင် ပြည့်စုံပါတယ်။ ယောဂီတို့ရဲ့ စိတ်အစဉ်မှာ မရရှိသေးတဲ့ အာရုံမှန်သမျှကို တောင့်တတဲ့စိတ်တွေ၊ ရရှိပြီးတဲ့ အာရုံတွေ မှာ သာယာ ကပ်ငြိတဲ့စိတ်တွေ၊ မရသေးတဲ့အာရုံကိုတောင်တ ရင်း ရမှရပါမလား လို့တွေးတောပူပန်တဲ့စိတ်တွေ၊ ရပြီးတဲ့ အာရုံကို မနှစ်သက်လို့ မကျေနပ် ဒေါသဖြစ်မှုတွေ ပေါ်ပေါက် လာတတ်ပါတယ်။

အဲဒီစိတ်တွေဟာ တကယ်တော့ လောဘ၊ ဒေါသ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကိလေသာဦးစီးတဲ့ ညစ်နွမ်းတဲ့စိတ်တွေပါပဲ။ သတိထားရှု မှတ်ပြီး ပယ်ဖျောက်ကြပါ။ တစ်ခါတစ်ရံ အားထုတ်နေစဉ် ကိုယ့်ခန္ဓာမှာ နေလို့ထိုင်လို့ ကောင်းနေတာ၊ ပေါ့ပေါ့ပါးပါး ကလေး ဖြစ်နေတာကိုလည်း သာယာကပ်ငြိပြီးတော့ နေ တတ်သေးတယ်။ အားထုတ်နေရင်း ဝိပဿနာ ဉာဏ် ကလေးတွေ ဆက်တိုက် ဖြစ်လာတဲ့အခါ မသိတာ ကလေး တွေ သိလာရလို့ မတွေ့ဖူးတာကလေးတွေ တွေ့လာရလို့ "ငါ တော်တော်ဟုတ်နေပြီ"လို့တွေးပြီး သာယာနေတတ် ပါတယ်။ နောက်နောင်ကိုလည်း ဒီလို သိတာမြင်တာတွေ ဖြစ်လာရင် ကောင်းမှာပဲလို့ တောင့်တပြီးလည်း နေတတ် ပါတယ်။ ဒါဟာ လောဘကိလေသာပါပဲ။ ကြိုးစား ရှုမှတ် ပယ်ဖျောက်ရမှာပါ။

တစ်ခါတစ်ရံကျတော့လည်း ရရှိပြီး ရရှိဆဲအာရုံကို မကျေနပ်ဖြစ်နေတာတွေ၊ အားမရတာတွေလည်း ရှိတတ်ပါ တယ်။ ဟိုတစ်ချိန်က ကိုယ်နဲ့ ရန်ဖြစ်ခဲ့တဲ့လူအကြောင်းကို တွေးမိရင်း ဒေါသဖြစ်နေတာတွေလည်းရှိတတ်ပါတယ်။ အခု အားထုတ်နေစဉ်မှာလည်း ဖြစ်ပေါ်နေဆဲသဘောတွေကို အလိုမကျတာတွေ ကိုယ်လိုချင်သလို ဖြစ်ပေါ်မလာလို့ ဒေါသထွက်နေတာတွေလည်း ရှိပါတယ်။ အဲဒါဟာ စိတ်အစဉ်မှာ ညစ်နွမ်းနေမှုပါပဲ။ အဲဒီစိတ်တွေ ဖြစ်ပေါ် လာရင်လည်း ဖြစ်တဲ့ အခိုက်မှာ သတိထား ရှုပွား ပယ်ဖျောက်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရပါမယ်။ သူတစ်ဖက်သား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ဘယ်လိုလုပ်လိုက်ရပါ မလဲ၊ ဘယ်လိုပြောလိုက်ရပါမလဲလို့ တွေးကြံမှုတွေလည်း ဖြစ်ပေါ်လာတတ်ပါတယ်။ အဲဒါကို ဝိဟိံသဝိတက်လို့ ခေါ်ပါတယ်။ အဲဒီလိုဖြစ်လာရင်လည်း စိတ်အစဉ်မှာ နောက်ကျူနေပါတယ်။

ပေါ်ရင် ပေါ်မှန်း ဖြစ်ရင် ဖြစ်မှန်းကိုသိပါ။ အချို့ကျပြန်တော့လည်း ကိုယ့်ထက် ရုပ်ရည်အဆင်း၊ ပညာ၊ စည်းစိမ်၊ ရာထူး၊ အာဏာ သာလွန် ကြီးမားတဲ့သူကို မနာလိုမှုဣဿာတရား ဖြစ်နေတာလည်း ရှိတတ်ပါတယ်။ ကိုယ့်ရဲ့ စည်းစိမ်မှာ ဝန်တိုမှု မစ္ဆရိယတရားတွေ ဖြစ်ပေါ်တာလည်း ရှိတတ်ပါတယ်။ အဲဒီတရားတွေ ဖြစ်ပေါ်လာရင်လည်း ဖြစ်ပေါ်ဆဲခဏမှာ သတိထားပြီး ရှုမှတ် ပယ်ဖျောက်ရပါမယ်။ အဲဒီလို ရှုမှတ်ဖန်များလာရင် စိတ်တွေဟာ တဖြည်းဖြည်း ကြည်လင်ပြီးတော့ လာပါတယ်။ အလေ့အကျင့်ရလာရင် ညစ်နွမ်းတဲ့စိတ်တွေ ဖြစ်ပေါ်လာတာနဲ့ ချက်ချင်း သိပြီး ပယ်ပြီးသား ဖြစ်သွားပါတယ်။ လေ့ကျင့်ပြီး ရှုမှတ်ပယ်ဖျောက်ကြပါ။ စိတ်ဓာတ်တွေ နောက်ကျူခြင်းကင်းလာရင် အဆင့်အတန်းမြင့်မြင့် နေထိုင်နိုင်ပြီပေါ့။ မိမိသန္တာန်မှာ ညစ်နွမ်းတဲ့စိတ်တွေ ဖြစ်ပေါ်လာရင် ဖြစ်ဆဲခဏမှာပဲ ရှုမှတ်ပယ်ဖျောက်လိုက်လို့ စိတ်ဓာတ်တွေ ကြည်လင်ပြီး အဆင်မြင့်မြင့် နေထိုင်သွားတဲ့ သာဓကတစ်ခုကို ထုတ်ပြပါမယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဇာတကဋ္ဌကထာ ပါနီယဇာတ်မှာ လာရှိပါတယ်။ တစ်ချိန့်တုန်းက ကာသိတိုင်းနယ်ပယ်အတွင်း ကျေးတောရွာကလေးတစ်ရွာမှာ အလွန် ချစ်ခင်ရင်းနှီးကြတဲ့ လယ်သမားသူငယ်ချင်းနှစ်ယောက် ရှိကြပါတယ်။ တစ်နေ့မှာတော့ အတူတူ လယ်တောကိုသွားပြီး အလုပ်လုပ်နေစဉ် တစ်ယောက်သောသူက ရေဆာတာကြောင့် အနီးရှိ သစ်ပင်ကြီးတစ်ပင်အောက်မှာ ထားခဲ့တဲ့ ရေဘူးရှိရာကို သွားပါတယ်။ သူတို့နှစ်ယောက်ဟာ နေ့စဉ် ရေဘူးယူလာလေ့ ရှိကြပါတယ်။ ရေဆာတဲ့သူဟာ ရေဘူးကို ကြည့်ပြီး "အင်း ငါ့သူငယ်ချင်းကတော့ လယ်ကွက်ထဲမှာ အလုပ်လုပ်နေတယ်။ ငါ့ကို သူမမြင်ဘူး။ သူ့ရေဘူးထဲကရေကို သောက်လိုက်ရင် ငါ့ရေဘူးထဲကရေ အကုန်သက်သာမယ်၊ ဒါကြောင့် ငါ့သူငယ်ချင်းမမြင်တဲ့အခိုက် သူ့ရေဘူးထဲက ရေကို ငါသောက်လိုက်မယ်" လို့ ကြံစည်ပြီး သောက်လိုက်ပါတယ်။

ညနေမိုးချုပ်ခါနီး အလုပ်သိမ်းတဲ့အခါ အနားမှာရှိတဲ့ စမ်းချောင်းကလေးထဲမှာ နှစ်ယောက်သား ရေဆင်းချိုးကြတယ်။ ရေခိုးသောက်မိတဲ့ သူငယ်ချင်းက ရေချိုးပြီးတော့ ကုန်းပေါ်တက်လာပြီး သစ်ပင်ရိပ်မှာနားရင်းရေချိုးမပြီးသေးတဲ့ သူငယ်ချင်းကို စောင့်နေပါတယ်။ သစ်ပင်အောက်ရောက်နေတဲ့ လယ်သမားဟာ နေ့စဉ်နေ့စဉ် မိုးချုပ်ခါနီးတိုင်း "ငါ ဒီနေ့ ဘာတွေလုပ်ခဲ့သလဲ" လို့ ပြန်လည် တွေးတော ဝေဖန် စဉ်းစား

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လေ့ရှိပါတယ်။ အခုလည်း သူတစ်နေ့တာ လုပ်ငန်းစဉ်ကို ပြန်လည်စဉ်းစားရာကနေ ရေခိုးသောက်မိတာကို သွားသတိရပါတယ်။ အဲဒီတော့ "အော် ငါ့ရဲ့ဒီအမှုဟာ တဖြည်းဖြည်း ကြီးထွားလာရင်တော့ ငါ အပါယ်ကျတော့မှာပဲ၊ ရေခိုး သောက်မိရာကနေ တဖြည်းဖြည်း ကြီးကျယ်တဲ့ခိုးမှုတွေပါ ဖြစ်လာနိုင်တယ်။ ဒီလို ယုတ်ညံ့တဲ့ မကောင်းမှုတွေကို ပယ် မှဖြစ်မယ်၊ သူတစ်ပါးပစ္စည်းကို မတရားလိုချင်မှု လောဘ ကြောင့် သံသရာတစ်ခွင်မှာ ဆင်းရဲမှုတွေ အကြီးအကျယ် ကြုံတွေ့ရတော့မှာပဲ" လို့ မိမိစိတ်ရဲ့ အခြေအနေဖြစ်ရပ်ကို တွေးတော သုံးသပ်ပြီး အကုသိုလ်တရားတွေ ဖြစ်ခွင့်မရ အောင် မိမိစိတ်ကို ပစ္စုပ္ပန်တည့်တည့် သတိထား ရှုပွားလိုက် တာ အဲဒီသစ်ပင်အောက်မှာနေရင်း ကိလေသာတွေ အမြစ် ပြတ်ကုန်ခန်းပြီး ပစ္စေကဗုဒ္ဓ ဖြစ်သွားပါတယ်။ ဒါကြောင့် ယောဂီတို့ဟာလည်း မိမိရဲ့စိတ်အစဉ်မှာ ညစ်နွမ်းတဲ့ကိလေ သာတွေ မဖြစ်စေရအောင် စိတ်ဓာတ်တွေ ကြည်လင်ရလေ အောင် သတိပညာ လက်ကိုင်ထားပြီး ကြိုးစား အားထုတ်ကြပါ။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဝင်လေထွက်လေငြိမ်းပါစေ

အဆင့်မြင့်စွာနေဖို့ရာ ပြည့်စုံရမည့် ရှစ်ခုမြောက် အကြောင်းအင်္ဂါကတော့ "ပဿဒ္ဓကာယသင်္ခါရော ဟောတိ = ငြိမ်းပြီးတဲ့ ကာယသင်္ခါရရှိရမယ်" ကာယသင်္ခါရဆိုတာ ယောဂီတို့ အသက်ရှူခိုက်မှာ ဖြစ်နေတဲ့ ဝင်လေထွက်လေပါပဲ။ ဝင်လေထွက်လေ ငြိမ်းအောင် ကျင့်ရပါမယ်။ "ဒါဖြင့်ရင် အသက်မရှူဘဲ အောင့်ထားရမှာလား၊ သို့မဟုတ် အသက်ရှူ လုံးဝရပ်စဲပြီး သေအောင်လုပ်ရတော့မလားလို့ မေးစရာဖြစ်လာပါတယ်။ တကယ်တော့ ဝင်လေထွက်လေ ချုပ်ငြိမ်းတဲ့ စတုတ္ထဈာန်ကိုရအောင် ကျင့်သုံးရမယ်လို့ ဆိုတာပါ။ စတုတ္ထဈာန်ကို ရရှိပြီးသူဟာ ဒီဈာန်ဝင်စားတဲ့အခိုက်မှာ ဝင်လေထွက်လေ ချုပ်ငြိမ်းနေပါတယ်။

စတုတ္ထဈာန်ကိုရရှိပြီးသူဟာ စိတ်တည်ငြိမ်မှု သမာဓိ အားကောင်းလာပါတယ်။ သမာဓိကောင်းတော့ ရုပ်နာမ် သင်္ခါရတရားတွေရဲ့ လက္ခဏာကို အမှန်အတိုင်း သိမြင်မှု

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပညာလည်း အားကောင်းလာပါတယ်။ မြတ်စွာဘုရားက အကောင်းဆုံးနည်းလမ်းကို ညွှန်ပြလိုက်တာပါ။ ဈာန်ကို အခြေခံပြီး ဝိပဿနာ ရှုသူတွေအတွက် ညွှန်ပြလိုက်တာပါ။ ဈာန်အခြေခံမရှိဘဲ ဝိပဿနာသန့်သန့်အားထုတ်တဲ့ ပုဂ္ဂိုလ်တွေလည်း မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုက်ပြီး ရဟန္တာဖြစ်သွားကြတာရှိပါတယ်။ တရားအားထုတ်တာ ကိလေသာကုန်ခန်းဖို့ပါ။ ဈာန်မရဘဲ ကိလေသာကုန်အောင် ကျင့်နိုင်ရင်လည်း ကောင်းတာပါပဲ။ စတုတ္ထဈာန်ကိုရရင်တော့ ပိုပြီးတော့ကောင်းတာပေါ့။ ဈာန်ရတဲ့သူပဲဖြစ်ဖြစ်၊ ဈာန်မရတဲ့သူပဲဖြစ်ဖြစ် ကိလေသာကုန်ခန်းပြီး ရဟန္တာဖြစ်ရင်တော့ ဒုက္ခအားလုံး ချုပ်ငြိမ်းခြင်းသဘောကတော့ အတူတူပါပဲ။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက "စက္ခုပါလထေရ်" အရှင်မြတ်ကြီးဟာ ဈာန်မရဘဲ ရဟန္တာဖြစ်တယ်ဆိုတာ ဓမ္မပဒအဋ္ဌကထာမှာ ဖော်ပြထားပါတယ်။

♦ ♦ ♦ ♦ ♦

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# လွတ်မြောက်ဖို့ရန် စိတ်ရည်သန်

နောက်ထပ် ပြည့်စုံရမည့် အကြောင်းအင်္ဂါကတော့ "သုဝိမုတ္တစိတ္တော = ကောင်းစွာလွတ်မြောက်တဲ့စိတ်" ရှိရပါမယ်။ ဒီအကြောင်းအင်္ဂါကတော့ မုချပြည့်စုံရမှာပါ။ နည်းလမ်း မှန်မှန်ကန်ကန်နဲ့ တကယ်အားထုတ်သွားရင် ဒီအကြောင်းအင်္ဂါနဲ့ ပြည့်စုံသွားမှာပါ။ ကောင်းစွာလွတ်မြောက်တဲ့စိတ်ဆိုတာဟာ – လောဘ ဒေါသ မောဟ ကိလေသာ တရားဆိုးတွေကနေ လွတ်မြောက်မှုကို ဆိုလိုတာပါ။ သောတာပန်အခိုက်မှာ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကနေ လွတ်မြောက်ပါတယ်။ သကဒါဂါမ်ဆိုရင် အကြမ်းစား ကာမရာဂနဲ့ ဗျာပါဒတရားတို့ကနေ လွတ်မြောက်ပါတယ်။ အနာဂါမ်ဖြစ်သွားရင် သိမ်မွေ့တဲ့ ကာမရာဂနဲ့ ဗျာပါဒကနေ လွတ်မြောက်ပါတယ်။ ရဟန္တာဖြစ်သွားရင်တော့ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ၊ မောဟ၊ မာနတို့ကနေ လွတ်မြောက်သွားပါတယ်။ ယောဂီတို့ဟာ ပုထုဇဉ်အဖြစ်နဲ့ပဲ အခုလို သတိပဋ္ဌာန်တရားကို ပွားများ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အားထုတ်နေရင် သတိမြဲနေတဲ့အခိုက်မှာ ကိလေသာတွေကနေ လွတ်မြောက်နေပါတယ်။ "တဒင်္ဂဝိမုတ္တိ = အခိုက်အတန့် ကိလေသာမှလွတ်ခြင်း" လို့ခေါ်ပါတယ်။

ကိလေသာမှလွတ်ခြင်းငါးမျိုးရှိပါတယ်။

၁။ တဒင်္ဂဝိမုတ္တိ

၂။ ဝိက္ခမ္ဘနဝိမုတ္တိ

၃။ သမုစ္ဆေဒဝိမုတ္တိ

၄။ ပဋိပဿဒ္ဓိဝိမုတ္တိ

၅။ နိဿရဏဝိမုတ္တိ

"တဒင်္ဂဝိမုတ္တိ"ဆိုတာ ယောဂီတို့ရဲ့စိတ် ကိလေသာကနေ အခိုက်အတန့်ကလေးအားဖြင့် လွတ်မြောက်နေတာကို ပြောတာပါ။ ရုပ်တရား၊ နာမ်တရားတွေ အသစ်အသစ်ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း သတိထားပြီး ရှုနေရင် ရှုနေဆဲခဏမှာ ယောဂီတို့ရဲ့စိတ်ဟာ လောဘ၊ ဒေါသ၊ မောဟအစရှိတဲ့ ကိလေသာတွေကနေ လွတ်ကင်းနေပါတယ်။ ပေးကမ်းလှူဒါန်းမှု ပြုနေတဲ့အခါမှာဆိုရင် ဒါနစေတနာကလေးဖြစ်ပေါ်နေတဲ့အခိုက်မှာ လောဘ ဒေါသ မောဟ အစရှိတဲ့ကိလေသာတွေကနေ ခေတ္တ လွတ်မြောက်နေပါတယ်။ မေတ္တာပို့သ ပွားများနေတဲ့ အခိုက်မှာဆိုရင်လည်း ထိုနည်းအတူ လွတ်မြောက်နေပါတယ်။

"ဝိက္ခမ္ဘနဝိမုတ္တိ"ဆိုတာ ကိလေသာကို ခပ်ဝေးဝေးခွာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထားနိုင်တာကို ခေါ်တာပါ။ ချာန်ရနေတဲ့ ပုဂ္ဂိုလ်ဆိုရင် ချာန်ဝင်စားနေစဉ် ကာမစ္ဆန္ဒလို့ ခေါ်တဲ့ ကာမဂုဏ်ရဲ့အပေါ်မှာ ကပ်ငြိ တွယ်တာမှုကိုလည်း ခွာထားနိုင်တယ်။ ဗျာပါဒလို့ ခေါ်တဲ့ စိတ်ဆိုး စိတ်ပျက် စိတ်ညစ်မှုတွေကိုလည်း ခွာထားနိုင်တယ်။ ဥဒ္ဓစ္စကုက္ကုစ္စလို့ခေါ်တဲ့ စိတ်ပျံ့လွင့်မှု စိတ်ပူပန်မှုတွေကိုလည်း ခွာထားနိုင်တယ်။ ထိနမိဒ္ဓလို့ခေါ်တဲ့ စိတ်စေတသိက်တွေရဲ့ ထိုင်းမှိုင်းလေးလံမှု ပျင်းရိမှုတွေကိုလည်း ပယ်ခွာထားနိုင်တယ်။ ဘုရား တရား သံဃာ အကျင့်သိက္ခာရဲ့အပေါ်မှာ ယုံမှားသံသယဖြစ်မှု ဝိစိကိစ္ဆာတရားကိုလည်း ပယ်ခွာထားနိုင်တယ်။

'သမုစ္ဆေဒ ဝိမုတ္တိ' ဆိုတာကတော့ ကိလေသာတွေကို မဂ်တရားနဲ့ အပြီးအပိုင် လွတ်မြောက်သွားအောင် ပယ်ဖြတ်လိုက်တာပါပဲ။ သောတာပတ္တိမဂ်ဉာဏ် ရပြီးတဲ့သူဟာ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကိလေသာတွေကနေ လုံးဝ လွတ်မြောက်သွားပါတယ်။ သကဒါဂါမိမဂ် ရပြီးတဲ့သူဟာ အကြမ်းစား ကာမရာဂနဲ့ ဗျာပါဒတို့ကနေ လုံးဝ လွတ်မြောက်သွားပါတယ်။ အနာဂါမိမဂ်ရပြီးတဲ့သူဆိုရင် အနုစားဖြစ်တဲ့ ကာမရာဂနဲ့ ဗျာပါဒကနေ လုံးဝ လွတ်မြောက်သွားပါတယ်။ အရဟတ္တမဂ်ဉာဏ် ရပြီးတဲ့လူဟာ ဥဒ္ဓစ္စ, မောဟ, မာန, အဟိရိက, အနောတ္တပ္ပ ကိလေသာတွေကနေ လုံးဝ လွတ်မြောက်သွားပါတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

"ပဋိပဿဒ္ဓိဝိမုတ္တိ"ဆိုတာကတော့ မဂ်ဉာဏ်ရပြီး ဖိုလ်ဉာဏ်ဆက်ဖြစ်တဲ့အခါမှာ မဂ်နဲ့ပယ်ပြီးတဲ့ ကိလေသာတွေ နောက်ထပ် ဖြစ်ခွင့်မရဘဲ လွတ်ကင်းနေတာကို ဆိုလိုတာပါ။ ဒါကတော့ သီးခြား အားထုတ်ယူရတာ မဟုတ်ပါဘူး။ မဂ်ဉာဏ်ဖြစ်ပြီးရင် ဖိုလ်ဉာဏ်ဖြစ်တာပါပဲ။ ဖိုလ်ဉာဏ်ဖြစ်တာနဲ့ "ပဋိပဿဒ္ဓိဝိမုတ္တိ" ဖြစ်ပေါ်လာတာပါပဲ။

"နိဿရဏဝိမုတ္တိ"ဆိုတာကတော့ ဝဋ်ဆင်းရဲကနေ လွတ်မြောက်ရာတရားပါပဲ၊ နိဗ္ဗာန်ကိုပြောတာပါ။ နိဗ္ဗာန်ဆိုတာ ဝဋ်ဆင်းရဲထဲမှာ (လောကီနယ်ထဲမှာ) မရှိပါဘူး။ နိဗ္ဗာန်ကို မဂ်ဖိုလ်ဉာဏ်ရပြီးရင် မြင်တော့တာပါပဲ။

အဲဒီလို ဝိမုတ္တိတရားငါးပါး ရထားပြီဆိုရင် အဆင့်မြင့်တဲ့ နေစရာကို ရတော့တာပါပဲ။ ဒါကြောင့် ယောဂီတို့ဟာ ဝိမုတ္တိတရားငါးပါးကို ရရှိအောင် လက်တွေ့ကျကျ ကျင့်သုံးရမှာပါ။

◆ ◆ ◆ ◆ ◆

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# လွတ်မြောက်ပြီးလျှင် ပြန်ဆင်ခြင်

နောက်ထပ် ပြည့်စုံရမည့် အကြောင်းအင်္ဂါကတော့ "သုဝိမုတ္တပညော = ကောင်းစွာလွတ်ပြီလို့ သိတတ်တဲ့ ပညာရှိရမယ်" လို့ ဆိုလိုပါတယ်။ မိမိရဲ့စိတ်ဟာ ကိလေသာ အညစ်အကြေးတွေကနေ လွတ်မြောက်နေတာကို သိတတ်တဲ့ ပညာနဲ့ ပြည့်စုံရမယ်လို့ ဆိုလိုပါတယ်။ ယောဂီတို့ဟာ သတိပဋ္ဌာန်လမ်းစဉ်အတိုင်း ကျင့်သုံးနေရင် တဖြည်းဖြည်းနဲ့ စိတ်က ကိလေသာရန်သူလက်အောက်ကနေ လွတ်မြောက်သွားပါတယ်။ အားထုတ်နေစဉ်မှာလည်း ဝိပဿနာဉာဏ်ကြောင့် လွတ်မြောက်နေပါတယ်။ သောတာပတ္တိမဂ်ဉာဏ်ဆိုက်တဲ့ အချိန်မှာ ပုထုဇဉ်ထက်ပိုပြီး လွတ်မြောက်သွားပါတယ်။ သကဒါဂါမိမဂ်ဉာဏ်ဆိုက်ရင် သောတာပန်ပုဂ္ဂိုလ်ထက် ပိုပြီးလွတ်မြောက်သွားပါတယ်။ အနာဂါမိ မဂ်ဉာဏ်ဆိုက်ရင် သကဒါဂါမိပုဂ္ဂိုလ်ထက် ပိုပြီး လွတ်မြောက်သွားပါတယ်။ အရဟတ္တမဂ်ဉာဏ် ဆိုက်ပြီးသွားရင်တော့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လုံးဝ လွတ်မြောက်သွားပြီပေါ့။ အဲဒီလို ကိလေသာတွေ ကနေ လွတ်မြောက်သွားရင် လွတ်မြောက်မှန်း ကိုသိသွားပါ တယ်။ အဲဒီလိုသိတာကို "သုဝိမုတ္တာပညော"လို့ ခေါ်ပါတယ်။

ရဟန္တာဖြစ်သွားပြီဆိုရင် လုပ်ငန်းစဉ်လည်း ပြီးစီး ပြည့်စုံသွားပါတယ်။ အဲဒီ ရဟန္တာပုဂ္ဂိုလ်ရဲ့စိတ်ဟာ ကိလေ သာအနှောင်အဖွဲ့က လုံးဝ ကင်းလွတ်သွားပါတယ်။ အဲဒီလို လွတ်မြောက်သွားတာကို ပြန်လည် ဆင်ခြင်ပြီးတော့လည်း သိမြင်သွားပါတယ်။ အဲဒီလို ဆင်ခြင်ပြီးတော့ သိတာဟာ ပစ္စဝေက္ခဏာဉာဏ်ပညာပါပဲ။ သောတာပန်ဖြစ်ခိုက်မှာ လည်း ပယ်စွန့်ပြီးတဲ့ ကိလေသာကို ဆင်ခြင်ပြီးတော့ သိပါ တယ်။ ထို့အတူ သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်များ ဟာလည်း ပယ်စွန့်ပြီးတဲ့ ကိလေသာတွေကို ပယ်စွန့်ပြီးသ လောက် ကိုယ်ပိုင် ဆင်ခြင်ဉာဏ်နဲ့ သိသွားပါတယ်။ ကိလေ သာတွေက လွတ်မြောက်တယ်ဆိုတော့ ခန္ဓာ ဒုက္ခ ငြိမ်းတယ် ဆိုတာကိုလည်း ကိုယ်တိုင် ဉာဏ်နဲ့ ဆင်ခြင်ပြီး သိလာပါ တော့တယ်။ ဒုက္ခတွေငြိမ်းတော့ သူ့ရဲ့ နေထိုင်ခြင်းဟာ အဆင့်အတန်းမြင့်မားသွားပြီပေါ့။

ဒီလောက်ဆိုရင် ဘုန်းကြီးဟောခဲ့တဲ့ အဆင့်မြင့် စွာ နေစရာ တရားဟာ ပြီးဆုံးသွားပါပြီ။ မြတ်စွာဘုရားရဲ့ ဓမ္မလမ်းစဉ်ဟာ အရဟတ္တဖိုလ်အထိ ပေါက်ရောက်ဖို့က အဓိကပါပဲ။ အရဟတ္တဖိုလ်ရောက်ရင် ကိလေသဝဋ်ကုန်ပြီး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒုက္ခငြိမ်းတယ်။ အဲဒီလို အရဟတ္တဖိုလ်ဆိုက်သွားရင် ဒေသနာတော် ပြီးဆုံးသွားတာပါပဲ။ အခု ဘုန်းကြီး ဟောပြပြီး ခဲ့တဲ့ အကြောင်းအင်္ဂါ ဆယ်ချက်နဲ့ ပြည့်စုံအောင်ကျင့်ရင် ယောဂီတို့ရဲ့ စိတ်ဓာတ်တွေဟာ အဆင့်အတန်း မြင့်မား လာတာကြောင့် အဆင့်မြင့်တဲ့နေစရာကို ရရှိသွားမှာပါ။ ဒီလို ကျင့်သုံးနေတဲ့ ယောဂီဟာ အရိယာမဖြစ်သေးရင်လည်း သာမန်ပုထုဇဉ် တွေနဲ့မတူဘဲ စိတ်ဓာတ်တွေ အသိဉာဏ်တွေ အဆင့်မြင့်လာ မှာပါ။ ပုထုဇဉ်ပင်ဖြစ်သော်လည်း သတိပဋ္ဌာန် အကျင့်ကို ကျင့်သုံးနေရင် ပစ္စုပ္ပန်ဘဝမှာလည်း သတိရှိရှိ နေတတ်ပြီးတော့ အမှားအယွင်း နည်းသွားပါလိမ့်မယ်။ ဝိပဿနာ ကုသိုလ်ကြောင့် သံသရာမှာလည်း အဆင်မြင့်မြင့် နေသွားရမှာပါ။

◆ ◆ ◆ ◆ ◆

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ကုသိုလ်ပံ့ထောက်နတ်ပြည်ရောက်

ရှင်တော်ဗုဒ္ဓ လက်ထက်တော်အခါက ရာဇဂြိုဟ်မြို့မှာ သေဒဏ်အပေးခံရတဲ့ သူတွေကို ဒိုင်ခံပြီး သတ်ဖြတ်ပေးနေတဲ့ တမ္ဗဒါဌိက အမည်ရှိတဲ့ လူသတ်သမားကြီး တစ်ယောက် ရှိပါတယ်။ နေ့စဉ် လူသတ် အမှုထမ်းပြီးလာခဲ့တာ အသက် (၅၅) နှစ်ရောက်တော့ အလုပ်ကနေ အနားယူခဲ့တယ်။ တာဝန် ထမ်းဆောင်နေရတဲ့ အခိုက်မှာ လူသတ်ရာထူးရထားသူတွေဟာ အဲဒီအချိန်က အဝတ် အသစ်စက်စက်ကိုလည်း မဝတ်ရဘူး။ ထောပတ်အသစ်နဲ့ စီမံထားတဲ့ နွားနို့ ယာဂုတို့ကိုလည်း မသောက်သုံးရဘူး။ မြတ်လေးပန်းကိုလည်း မပန်ဆင်ရဘူး။ အမွှေးနံ့သာကိုလည်း မလိမ်းကျံရဘူး။ ကြမ်းတမ်းတဲ့အလုပ်ကို လုပ်နေရတဲ့အတွက်ကြောင့် စိတ်ဓာတ်တွေ ပျော့ပြောင်းသွားမှာစိုးလို့ ဥပဒေနဲ့ တားမြစ်ထားတ[illegible]ကူပါတယ်။ သူ့ခေတ်သူ့အခါနဲ့ ထုတ်ထားတဲ့ အမိန့်ဆိုတော့လည်း အပြစ်ပြောပြီး ဝေဖန်နေလို့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မဖြစ်မယ်”လို့ ဆင်ခြင်ပြီးတော့ နံနက်စောစောမှာပဲ တမ္ဗဒါဌိကရဲ့ အိမ်အရောက် ကြွတော်မူခဲ့ပါတယ်။

ဒီနေရာမှာ သဒ္ဓါတရားကင်းမဲ့ပြီး မစ္ဆရိယအားကြီးတဲ့ သူဆိုရင်တော့ အရှင်သာရိပုတ္တရာကို မြင်လိုက်ရတာနဲ့ အကုသိုလ်စိတ် ဖြစ်သွားမှာ ကေန်ပါပဲ။ “နှစ်ပေါင်းများစွာ သုံးဆောင်ခွင့်မရခဲ့တဲ့ မွန်မြတ်တဲ့ အစားအစာကို အခုပဲ စားတော့မယ်လို့ ပြင်ဆင်ခါရှိသေးတယ် အလှူခံက ရောက်လာပြီ၊ အားမနာတမ်း အလှူခံတဲ့ ကိုယ်တော်ပါလား” လို့ ကဲ့ရဲ့ပစ်တင်ဦးမှာပါ။ တမ္ဗဒါဌိကအနေနဲ့တော့ အရှင်သာရိပုတ္တရာကို ဖူးမြင်လိုက်ရတယ်ဆိုရင်ပဲ ဝမ်းမြောက်ပြီး သဒ္ဓါတရားတွေ တဖွားဖွား ဖြစ်ပေါ်လာခဲ့ပါတယ်။

“ငါ့မှာတော့ ဟန်ကျလိုက်တာ၊ အရင်တုန်းက အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ် ကြွလာတဲ့အခါ လှူစရာက အဆင်သင့်မရှိဘူး။ လှူစရာရှိတဲ့ အခါကျပြန်တော့လည်း အရှင်မြတ်ကြီးက ကြွမလာဘူး။ အခုအချိန်မှာတော့ အလှူခံပုဂ္ဂိုလ်မြတ်လည်း ကြွရောက်နေပြီ။ လှူစရာပစ္စည်းကလည်း ရှိနေပြီ” လို့ စားသောက်ဖွယ်ရာတွေကို ရိုရိုသေသေ ဆက်ကပ်လိုက်ပါတယ်။

သဒ္ဓါတရားမရှိတဲ့သူဆိုရင် ဒီလို အလှူဒါနပြုဖြစ်မှာ မဟုတ်ပါဘူး။ လက်မရှိတဲ့ သူဟာ အဖိုးတန် ရတနာစိန်ကျောက်တွေများစွာကို တွေ့ပင်တွေ့နေရသော်လည်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကောက်ယူလို့မရပါဘူး။ ထိုနည်းတူစွာ သဒ္ဓါတရား ခေါင်းပါးတဲ့သူဟာ ရတနာသုံးပါးနဲ့ ကြုံနေဆုံနေပေမယ်လို့ ကုသိုလ်ပြုဖို့ အခွင့်ကြုံနေပေမယ်လို့ ကုသိုလ်စိတ်မဖြစ်ဘဲ အကုသိုလ်စိတ် ဖြစ်တာတွေတောင် ရှိပါသေးတယ်။ တမ္ဗဒါဌိကမှာတော့ သဒ္ဓါတရားဆိုတဲ့ လက်ရှိနေတာကြောင့် အရှင်သာရိပုတ္တရာထေရ်မြတ်ကြီးကိုပင့်ပြီး မွန်မြတ်တဲ့ စားဖွယ် သောက်ဖွယ်တွေကို လှူဒါန်း ဆက်ကပ်လိုက်တာ ဖြစ်ပါတယ်။ အရှင်သာရိပုတ္တရာမထေရ် ဘုဉ်းပေး သုံးဆောင်နေစဉ် တမ္ဗဒါဌိက လူသတ်သမားကြီးက အနားမှာ ထိုင်ပြီး ယပ်ခပ်ပေးနေပါတယ်။ သူ့မှာ အခုလို မွန်မြတ်တဲ့ အစားအစာကို မစားရတာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်တာကြောင့် အစားအစာကို သိပ်ပြီးတော့ စားချင်နေမှာပဲဆိုတာ အရှင်သာရိပုတ္တရာက သိထားပါတယ်။ ဒါကြောင့် အရှင်မြတ်ကြီးက "ဒကာကြီးလည်း စားစရာရှိတာ သွားစားလေ" လို့ မိန့်ကြားလိုက်ပါတယ်။ လူသတ်သမားကြီးဟာ စားချင်သောက်ချင်စိတ်တွေ လွန်ကဲနေတာ မစားမသောက်ဘဲ တရားနာရင် စိတ်မဖြောင့်မှာစိုးလို့ မိန့်ကြားလိုက်တာပါ။ စားသောက်မှု ကိစ္စပြီးတော့ အရှင်သာရိပုတ္တရာက တရားဟောတော်မူလိုက်ပါတယ်။

လူသတ်သမားကြီးနားလည်အောင် ဒါန သီလ ဘာဝနာအကြောင်းတွေကို ဟောကြားပေးလိုက်ပါတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တရားတော်တွေက တဖြည်းဖြည်း ပိုပြီး သိမ်မွေ့နက်နဲသွား တယ်။ မကောင်းမှုပြုလို့ မကောင်းကျိုးရပုံတွေ၊ ကောင်းမှုပြု လို့ ကောင်းကျိုးရပုံတွေကို ဟောပြတော်မူလိုက်ပါတယ်။ အဲဒီတော့ တမ္ဗဒါဌိကဟာ –

"အင်း တရားတော်တွေက အင်မတန် သိမ်မွေ့ နက်နဲတယ်။ ငါလုပ်ခဲ့တဲ့ ဒုစရိုက်အမှုတွေဟာ အများကြီးပဲ၊ ဒီလို သိမ်မွေ့နက်နဲတဲ့ တရားတွေဟာ ငါနဲ့ လိုက်တန်မှာ မဟုတ်ပါဘူး" စသည်ဖြင့် ဝေဖန်ပြီးတော့ စိတ်ထဲမှာ ပူလောင်သွားပါတယ်။ အဲဒီတော့ တရားနာရတာ စိတ်မဖြောင့် တော့ပါဘူး။ အဲဒီလို ဖြစ်နေတာကို အရှင်သာရိပုတ္တရာက သိတယ်။ ဒါကြောင့် –

"ဒကာကြီး တရားနာရတာ စိတ်မဖြောင့်ဘူး ထင် တယ်" လို့ မေးလိုက်တော့ အရှင်ဘုရားဟောတဲ့ တရားတွေ က သိပ်ကောင်းတာပဲ ဘုရား။ တပည့်တော်မှာ ပြုခဲ့ပြီးတဲ့ ဒုစရိုက်မှုတွေက သိပ်ပြီးတော့များနေတယ်။ ဒုစရိုက်မှုတွေ ကို ပြန်လည်သတိရပြီး တပည့်တော်ရဲ့စိတ်တွေဟာ ပျံ့လွင့် ပူပန်နေတယ်ဘုရား" လို့ လျှောက်ထားလိုက်တယ်။ အဲဒီ တော့ အရှင်သာရိပုတ္တရာဟာ လူသတ်သမားကြီး စိတ်အေးအေး နဲ့ တရားနာနိုင်အောင် ပရိယာယ်ဆင်လိုတဲ့ အတွက်ကြောင့်

"ဒကာကြီး၊ လူတွေကို သတ်ဖြတ်လာခဲ့တာ ကိုယ်တိုင် သတ်ချင်လို့ သတ်တာလား၊ သူတစ်ပါးတွေက

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စေခိုင်းလို့ သတ်တလားလို့" မေးတော့ -

"တပည့်တော် ကိုယ်တိုင်က ဘယ်သတ်ချင်မှာလဲ ဘုရား၊ မင်းမှုထမ်းဖြစ်တာကြောင့် အာဏာပိုင်တွေရဲ့ စေခိုင်းချက်ကြောင့် သတ်ဖြတ်ရတာပါဘုရား" လို့ လျှောက်ထား လိုက်တဲ့အခါ -

"ဒကာကြီးကလည်း သူတစ်ပါးစေခိုင်းလို့ သတ်ဖြတ်ရတာကို အပြစ်ရှိတယ်လို့ ထင်နေတာကိုး" လို့ မိန့်ကြား လိုက်ပါတယ်။ ယောဂီတို့ သတိထားပါ။ သူတစ်ပါး စေခိုင်းလို့သတ်ဖြတ်တာ အပြစ်မရှိဘူးလို့ ပြောတာမဟုတ် ဘူးနော်။ လူသတ်သမားကြီး စိတ်အပူသက်သာပြီး တရား အေးအေးဆေးဆေးနာနိုင်အောင် ပရိယာယ်ဆင်ပြီး ပြော ကြားလိုက်ခြင်းသာဖြစ်တယ်။ တကယ်တော့ ဒုစရိုက်ကမ္မ ဆိုတာ ကိုယ်တိုင်လုပ်သည်ပဲဖြစ်စေ၊ သူတစ်ပါးစေခိုင်း လို့လုပ်သည်ပဲဖြစ်စေ၊ အပြစ်ကတော့ရှိတာပါပဲ။ စိတ်ထက် သန်မှုအားကြီးရင် အားကြီးသလို အပြစ်ကလည်းကြီးပါ တယ်။ စိတ်ထက်သန်မှု အားနည်းရင် အပြစ်ကလည်းငယ် သွားပါတယ်။ တမ္ဗဒါဌိကလူသတ်သမားကြီးမှာတော့ တရားနဲ့ပတ်သက်တဲ့ ဗဟုသုတ မရှိတဲ့အတွက်ကြောင့် -

"သူတစ်ပါးခိုင်းလို့ ငါသတ်ဖြတ်နေရတာ ဒီသတ် ဖြတ်မှုဟာ ငါနဲ့မဆိုင်ဘူး" လို့မှတ်ချက်ချလိုက်ပါတယ်။ အဲဒီတော့မှ စိတ်အပူသက်သာသွားပါတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အရှင်သာရိပုတ္တရာထေရ်ရဲ့ ပရိယာယ်ကြွယ်ဝမှုကြောင့် တမ္ဗဒါဌိကဟာ အေးအေးဆေးဆေး ရိရိသေသေ တရားနာနိုင်သွားတယ်။ တရားတော်ကို သေသေချာချာ နာယူလိုက်ရတဲ့အတွက်ကြောင့် "အနုလောမဉာဏ်" အထိ ဆိုက်ရောက်သွားပါတယ်။ အနုလောမဉာဏ်ဆိုတာ

၁။ ရုပ်တရား၊ နာမ်တရားတွေကို အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာအားဖြင့် ထင်မြင်အောင် ရှုပွားတတ်တဲ့ သမ္မသနဉာဏ်ကနေ စပြီးတော့ ဝိပဿနာ ဉာဏ်အားလုံးကိုလည်း အနုလောမဉာဏ် လို့ခေါ်ပါတယ်။

၂။ မဂ်စိတ်ဖြစ်ပေါ်ခါနီးမှာ သင်္ခါရုပေက္ခာဉာဏ် အရင့်စားကိုလည်း အနုလောမဉာဏ်လို့ ခေါ်ပါတယ်။

၃။ အဘိဓမ္မာသဘောအရ ပြောရရင် မဂ္ဂဝီထိစိတ်အစဉ် အတန်းဖြစ်တဲ့အခိုက် ရှေ့စိတ်နောက်စိတ်တွေနဲ့ မဆန့်ကျင်ဘဲဖြစ်တဲ့ အနုလောမဉာဏ်ဆိုတာလည်း ရှိပါတယ်။

တမ္ဗဒါဌိက လူသတ်သမားကြီးရဲ့ အနုလောမဉာဏ်ကတော့ သမ္မသနဉာဏ်ကစပြီးတော့ ဖြစ်ပေါ်လာတဲ့ ဝိပဿနာဉာဏ်အားလုံးကို ခေါ်တယ်လို့ သဘောပေါက်ထားကြပါ။ အရှင်သာရိပုတ္တကလည်း တရားဟောနေရာက "ဒီလောက်ဆိုရင် ဒီဒကာကြီးမှာ အပါယ်ကျစေနိုင်တဲ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သားကနေ ကာကွယ်နိုင်တဲ့အဆင့် ရောက်သွားပြီ။ ရှေ့ဆက် ပြောကြားရင်လည်း မဂ်ဉာဏ်ဖိုလ်ဉာဏ် ဆိုက်မှာမဟုတ်ဘူး" ဆိုတာကို သိတာကြောင့် တရားတော်ကို အဆုံးသတ်လိုက် ပါတယ်။ အရှင်သာရိပုတ္တရာထေရ် တရားဟောပြီး ပြန်ကြွ သွားတော့ တမ္ဗဒါဌိက လူသတ်သမားကြီးက လိုက်လံ ပို့ဆောင်ပေးပြီး ပြန်လာတဲ့အခါ အတိတ်ရှေးဘဝက ရန်ငြိုးရှိခဲ့တဲ့ ဘီလူးမက နွားမယောင်ဆောင်ပြီး ဝှေ့သတ် တာကြောင့် သေဆုံးသွားရရှာပါတယ်။ သေဖို့ အကြောင်း ပါလာတော့ သေရမှာပါပဲ။ သေပြီးတဲ့အခါ တုသိတာ နတ်ပြည် ရောက်သွားပါတယ်။

◆◆◆◆◆

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# အဆင့်မြင့်ဖို့ ကြိုးစားစို့

အဲဒီ တုသိတာနတ်ပြည်ဟာဆိုရင် ပါရမီရင့်တဲ့ ဘုရားအလောင်းတော်များ စံမြန်းတဲ့ ဘုံဌာနပါပဲ။ ဝေဠုဝန် ကျောင်းတိုက်အတွင်းမှာ ရဟန်းတော်များဟာ "နှစ်ပေါင်း များစွာ ဒုစရိုက်လုပ်ငန်းတွေကို ရဲရဲတင်းတင်းပြုခဲ့တဲ့ တမ္ဗဒါဌိကကြီးဟာ အရှင်သာရိပုတ္တရာ့ထေရ်မြတ်ကို မွန်မြတ်တဲ့ စားဖွယ် သောက်ဖွယ်တွေ လှူဒါန်းပြီး ဒီနေ့ပဲ သေသွားရရှာ တယ်။ ဘယ်ဘုံဌာနမှာ သွားပြီးတော့ ဖြစ်ရပါလိမ့်" စသည် ဖြင့် ဆွေးနွေး ပြောဆိုနေကြပါတယ်။ အဲဒီဆွေးနွေးရာ ဓမ္မာရုံ တော်မြတ်ကို မြတ်စွာဘုရား ကြွလာတော်မူပြီး လူသတ် သမားကြီး တုသိတာနတ်ပြည်မှာ ရောက်ရှိနေကြောင်း ဟောကြားတော်မူလိုက်ပါတယ်။ အဲဒီအခါ ရဟန်းတော် များက –

"မြတ်စွာဘုရား၊ နှစ်ပေါင်းများစွာ လူတွေကို သတ်ဖြတ်လာခဲ့တဲ့ တမ္ဗဒါဌိကကြီးဟာ တုသိတာနတ်ဘုံကို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရောက်သွားနိုင်သလား ဘုရား” လို့ မေးလျှောက်တော့ ရှင်တော်ဗုဒ္ဓက –

“ရောက်နိုင်တာပေါ့၊ တမ္ဗဒါဌိကဟာ သေခါနီး အချိန်မှာ အရှင်သာရိပုတ္တရာဆိုတဲ့ မိတ်ဆွေကောင်းကို အမှီရခဲ့တယ်။ အရှင်သာရိပုတ္တရာရဲ့တရားတော်ကို နာယူပြီး အနုလောမဉာဏ်ကို ရသွားတဲ့အတွက်ကြောင့် အပါယ်မကျဘဲ တုသိတာနတ်ပြည်မှာ စည်းစိမ်ခံစားနေရတယ်” လို့ မိန့်ကြားတော်မူလိုက်ပါတယ်။

တမ္ဗဒါဌိကဟာ သောတာပန်တော့ မဖြစ်သေးဘူး ပေါ့။ ပုထုဇဉ်ဘဝနဲ့ပဲ အနုလောမဉာဏ်အထိ ရခဲ့တယ်။ သာမန် ပုထုဇဉ်ထက် အသိဉာဏ်အဆင့်အတန်း မြင့်သွားတာ ပေါ့။ အဲဒါကြောင့် အပါယ်ဒုဂ္ဂတိ မကျရောက်ဘဲ နတ်စည်းစိမ်ကိုခံစားရတာပါ။ အကယ်၍ တရားမနာရရင် အနုလောမဉာဏ်မရရင် အကုသိုလ်ကံတွေကြောင့် အပါယ်ကျမှာ သေချာပါတယ်။ သေခါနီးမှာ တရားနာရပြီး ဝိပဿနာဉာဏ် ကလေးရသွားတဲ့အတွက်ကြောင့် ပြုခဲ့ပြီး အကုသိုလ်ကံ တွေက သူ့ကို အပြစ်ပေးခွင့် မရတော့ပါဘူး။ ဒီတက်နိုင်ငံမှာ ရာဇဝတ်မှု ကျူးလွန်ခဲ့တဲ့သူဟာ အခြားနိုင်ငံထဲ ဝင်ရောက် ခိုလှုံတဲ့အခါ ဒီတက်နိုင်ငံကနေ လိုက်ပြီး ဖမ်းဆီးအပြစ်ပေး လို့ မရတော့သလိုပေါ့။ တရားတော်ဟာ တကယ်လက်တွေ့ ကျကျ ကျင့်သုံးကြည့်မှ တရားအရသာ တွေ့ပြီး တရားရဲ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တန်ဖိုးကို နားလည်မှာပါ။ သတိပဋ္ဌာန် အကျင့်ကို ကျင့်နေရင် မက်ညာဏ်ဖိုလ်ညာဏ် မရသေးတဲ့ ပုထုဇဉ်ကိုသော်မှလည်း သံသရာမှာ အဆင့်အတန်းမြင့်မြင့် နေကြရတယ် ဆိုတာ ယောဂီတို့ သဘောပေါက်ပြီပေါ့။

လောကီနယ်မှာ လူတွေဟာ အဆင့်မြင့်တဲ့ စားဝတ်နေရေးတွေအတွက် လူအား ငွေအားတွေနဲ့ ရင်းနှီးရပါမယ်။ ဒါကြောင့် အခု ဘုန်းကြီးတို့ရဲ့ ကျောက်တစ်လုံး တောရကျောင်းတိုက်အတွင်းမှာ တရားလိုလားကြတဲ့ ယောဂီသူတော်စင်တို့ဟာလည်း ထက်သန်တဲ့သဒ္ဓါ၊ ကြီးမားတဲ့ ဆန္ဒ၊ မဆုတ်နစ်တဲ့ ဝီရိယတရားတွေနဲ့ ရင်းနှီးပြီး အဆင့်မြင့်စွာ နေထိုင်နိုင်အောင် ကြိုးစား အားထုတ်နိုင်ကြပါစေဟု ဆန္ဒပြုရင်း တရားတော်ကို နိဂုံးချုပ်လိုက်ပါတယ်။

◆◆◆◆◆

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဒေသနာနိဂုံး

– စိရံ တိဋ္ဌတု လောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓသာသနံ
တသ္မိံ သဂါရဝါ နိစ္စံ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

– သမ္မာ ဝဿတု ကာလေန၊ ဒေဝေါပိ ဇဂတီပတိ။
သဒ္ဓမ္မနိရတော လောကံ၊ ဓမ္မေနေဝ ပသာသတု။

သမ္မာသမ္ဗုဒ္ဓသာသနံ = မဂ်ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင်ထ သဒ္ဓမ္မသုံးဖြာ မြတ်စွာဗုဒ္ဓ အဆုံးအမ သာသနာတော်ကြီးသည်

လောကသ္မိံ = လူ့ပြည်နတ်ရပ် လောကဓာတ် တစ်ခွင်လုံး၌

စိရံ = နှစ်ပေါင်းများမြောင် အခေါင်ရှည်ကြာ ကြာမြင့်စွာသော ကာလပတ်လုံး

တိဋ္ဌတု = ဘယ်သူက ဘယ်နည်းနှင့်ဖျက်ဖျက် မပျက်စီးဘဲ တည်ရှိပါစေသတည်း။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

| | |
|---|---|
| သဗ္ဗေပိ | = တစ်ယောက်မကြွင်း ခပင်းဥသုံ အလုံးစုံလည်း ဖြစ်ကုန်သော |
| ပါဏိနော | = လူနတ်ပြဟ္မာ သတ္တဝါတို့သည် |
| တသ္မိံ | = ထိုမြတ်စွာဘုရားရှင်၏ သဒ္ဓမ္မ သုံးဖြာ သာသနာတော်မြတ်ကြီး၌ |
| နိစ္စံ | = တစ်ရံမစဲ အမြဲသာလျှင် |
| သဂါရဝါ | = အသက်တမျှ စိတ်ကမသွေ သာသနာတော်ကို ရိုသေလေးစား ခြင်း ရှိကြကုန်သည် |
| ဟောန္တု | = ကောင်းစွာမသွေ ဖြစ်ကြပါစေကုန် သတည်း။ |

## သာဓု သာဓု သာဓု

| | |
|---|---|
| ဒေဝေါပိ | = လူသူအပေါင်း ပွားစီးညောင်း အောင် ကြောင်းရင်းမှန်တဲ့ ကျေးဇူး ပုံသား၊ ပဇ္ဇုန်ခေါ်လျှင်း မိုးနတ်မင်း သည်လည်း၊ |
| ကာလေန | = ရွာသင့်ရွာပြန်ရွာဖို့ ရန် အချိန်တန် သောအခါ၌၊ |
| သမ္မာ | = ကောင်းမွန်မှန်ကန်စွာ၊ |

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

| | |
|---|---|
| ဝသတု | = ကောက်ပဲသီးနှံ အထွက်သန် အောင် မှန်မှန်ကြီးရွာသွန်း ပါစေ သတည်း။ |
| ဇဂတိပတိ | = တိုင်းပြည်အုပ်ချုပ် မင်းလုပ်၍ နေကြ ကုန်သောပုဂ္ဂိုလ်အပေါင်း တို့သည်လည်း၊ |
| သဒ္ဓမ္မနိရတော | = အယူမစောင်း မှုမပြောင်းဘဲ သူ တော်ကောင်းတရား လက်ကိုင် ထားနိုင်ကြကုန်သည်ဖြစ်၍၊ |
| ဓမ္မေနဝ | = မင်းကျင့်တရားဆယ်ပါး သင်္ဂဟ တရားလေးပါးနှင့် ညီညွတ်စွာသာ လျှင်၊ |
| လောကံ | = တိုင်းသားပြည်သူ ဗိုလ်လူများစွာ သတ္တဝါအပေါင်းကို၊ |
| သာသတု | = ကျောသားရင်သားမခွဲခြားဘဲ သူလည်းချမ်းသာ ကိုယ်လည်း ချမ်းသာအောင် ကောင်းစွာမသွေ စောင့်ရှောက် ဆုံးမနိုင်ပါစေ သတည်း။ |

**သာဓု သာဓု သာဓု**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)